ပင်းယမြို့ ရှိ

ဘုရားများသမိုင်းနှင့်

ပင်းယမြို့

ပင်းယခေတ်၌ ပေါ်ထွန်းခဲ့သော

ကျမ်းဂန်တတ်

သာသနာ့ဝန်ဆောင် ဆရာတော်တို့ ၏

ဖြစ်တော်စဉ်ကိုပြဆိုရာဖြစ်သော

# ပင်းယသာသနာဝင်


အရှင်ကောလာသ

ဓမ္မာစရိယ ဂဏဝါစက ဘီ-အေ(ဂုဏ်ထူး)

ရေးသားစီရင်သည်။



| သာသနာ | ကောဇာ | ခရစ် |
| --- | --- | --- |
| ၂၅၁၇ | ၁၃၃၅ | ၁၉၇၃ |

ပင်းယမြို့ရှိ

ဘုရားများသမိုင်းနှင့်

ပင်းယမြို့

ပင်းယခေတ်၌ ပေါ်ထွန်းခဲ့သော

ကျမ်းဂန်တတ်

သာသနာ့ဝန်ဆောင် ဆရာတော်တို့၏

ဖြစ်တော်စဉ်ကို ပြဆိုရာဖြစ်သော

# ပင်းယသာသနာဝင်

**အရှင်ကေလာသ**

ဓမ္မာစရိယ ဂဏဝါစက ဘီ-အေ(ဂုဏ်ထူး)

ရေးသားစီရင်သည်။

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၁၇ | ၁၃၃၅ | ၁၉၇၃ |

# ပင်းယသာသနာဝင်ကျမ်း
## ကျမ်းဦးမှတ်ဖွယ်

ကျမ်းစာတစ်ခုပြုစုရာ၌ နိဒါန်း၏ကောင်းခြင်း, ကျမ်းစာ၏ကောင်းခြင်း, နိဂုံး၏ကောင်းခြင်းအားဖြင့် ကောင်းခြင်းသုံးမျိုးနှင့် ပြည့်စုံရ၏၊ နိဒါန်းမပါလျှင် ကျမ်းစာဖြစ်ပေါ်ပုံနှင့် ကျမ်းရေးရင်းအတွေ့အကြုံတို့ကို စာရှုသူတို့ မသိရ မဖတ်ရသဖြင့် တင်းတိမ်မှုမရှိကြကုန်၊ နိဂုံးမပါပြန်လျှင်လဲ အထွတ်မပါတဲ့ ပြာသာဒ်, ထီးမတပ်တဲ့ ပုထိုးလိုဖြစ်တတ်ပါတယ်၊ ထို့ကြောင့် ကျမ်းစာရေးလျှင် နိဒါန်းလဲ ပါရပေ၏၊ နိဂုံးလဲ ရေးထည့်ရပေ၏၊ သို့ဖြစ်၍ ဤပင်းယသာသနာဝင်ကျမ်း၌လည်း နိဒါန်းခေါ် ကျမ်းဦးမှတ်ဖွယ်ကို မကျဉ်းမကျယ်ရေးသားဖော်ပြပါဦးအံ့။

## ဘုရားမြတ်စွာ သာသနာတည်ထောင်ခဲ့

ဂေါဝါလု သဲစုမကပွင့်ကုန်သော ဘုရားရှင်တို့သည် လေး-သင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီသုံးဆယ်, သုံးသွယ်-စရိယ, စာဂငါးစု ကောင်းမှုကုသိုလ်တွေ ပြုတော်မူပြီး သာသနာတော်တည်ထောင်တော်မူကာ ဝေနေယျပေါင်း နှစ်ဆဲ့လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း တွက်ကိန်းများလှ ဝေနေယျတို့ကို နိဗ္ဗာနစာတ် ဆိုက်ကပ်ရောက်ရှိစေတော်မူခဲ့ကြကုန်၏၊ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသွားသော ဂေါတမဘုရားရှင်သည်လည်း ဝါတော် ၄၅-ဝါ ကာလပတ်လုံး ဝေနေယျတို့အား တရားဓမ္မ ဟောပြချေချွတ်တော်မူကာ သာသနာတော်ကို တည်ထောင်တော်မူခဲ့လေသည်။ ထိုဝေနေယျပေါင်း နှစ်ဆဲ့လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း တွက်

ကိန်းများလှသည့် ဝေနေယျတို့ကို နိဗ္ဗာန်အောင်မြို့ ပို့ဆောင်တော်မူပြီး သက်တော် ၈၀, ဝါတော် ၄၅-ဝါအရတွင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေသည်။ ကိုယ်တော်မြတ်၏ သာသနာတော်ကိုလည်း အနှစ်-ငါးထောင် မြားမြောင်ကာလတည်ရှိအောင် ထားတော်မူခဲ့လေသည်။

## သာသနာဝင် ဟောကြားခဲ့

ဝိနည်းမဟာဝါပါဠိတော်လာ မဟာခန္ဓကသည် ကိုယ်-တော်မြတ် သာသနာတော်စတင်ပုံ, သာသနာပြုပုံနည်းများကို ဟော-တော်မူခဲ့ရကား ဘုရားဘုန်းမို ကိုယ်တော်တိုင် ဟောကြားတော်မူသည့် သာသနာဝင်ဟု ဆိုထိုက်ပေသည်။ ၎င်းပြင် အရှင်သာရိပုတ္တရာ လျှောက်ထားသဖြင့် ဟောတော်မူအပ်သော ဗုဒ္ဓဝင်ဒေသနာတော်သည်လည်း သာသနာဝင် ပါဠိတော်ပင်ဖြစ်လေသည်။ ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကနှင့် သုတ္တန်ပိဋကတို့တွင် ကြိုးကြားကြိုးကြား အချို့နေရာများ၌ သာသနာဝင်နှင့် စပ်သွယ်ပတ်သက်၍ ဟောအပ်သော နေရာများမှာ များလှကုန်၏။

## သာသနာဝင်ကျမ်းတွေ ပြုခဲ့ကြ

သီဟိုဠ်ရှေးပညာရှင်တို့သည် ဒီပဝံသကျမ်းကြီးဖြင့် မဇ္ဈိမတိုက် သာသနာဝင်, သီဟိုဠ်သာသနာဝင်ကို ဖော်ပြခဲ့ကြကုန်၏၊ သီဟိုဠ်ကျွန်းသား မဟာနာမထေရ်သည်လည်း မဟာဝံသကျမ်းကြီးတည်းဟူသော ရာဇဝင်နှောသည့် သာသနာဝင်ကျမ်းကြီးကို ပြုစုတော်မူခဲ့လေသည်။ အဘယဂိရိဂိုဏ်းသား ရဟန်းတို့သည် ဥတ္တရဝိဟာရ-ဝံသ အဋ္ဌကထာအမည်ဖြင့် အဘယဂိရိသာသနာဝင်ကျမ်းကြီးကို ပြုစုရေးသားခဲ့ကြကုန်၏။

အရှင်မဟာဗုဒ္ဓဃောသထေရ်သည်လည်း သမန္တပါသာဒိ-ကာခေါ်သော ဝိနည်းအဋ္ဌကထာရှေ့ပိုင်း၌ ဗာဟိရနိဒါနကထာဖြင့် ကိုးတိုင်းကိုးဌာန သာသနာဝင်ကို အကျဉ်း, အကျယ်ပြတော်မူခဲ့လေသည်။ သီဟိုဠ်ကျွန်း မဟာကဝိ အရှင်ဝိမလထေရ်သည် "သာသန-ဝံသဒီပ"ခေါ် သာသနာဝင်းကျမ်းကြီးကို ပါဠိဘာသာဖြင့် ရေးသားခဲ့လေသည်။ သီဟိုဠ်ကျွန်း ရာမညဂိုဏ်းသား ရဟန်းတော်အရှင်ဝိမလသည် "သာသနဝံသပြဒီပယ"ခေါ် သီဟိုဠ်ဘာသာဖြင့် သာသနာဝင်ကျမ်းကို ရေးသားခဲ့သေး၏။

၎င်းပြင် သီဟိုဠ်ကျွန်း မာတလေ့(မာလယ)သာသနတိ-လကသည် ခရစ်သက္ကရာဇ် ၁၉၆၄-ခုနှစ်က "ရာမညဝံသယ"ခေါ် ရာမညဂိုဏ်း သာဝနာဝင်ကို သီဟိုဠ်တိုင်းသုံးဘာသာဖြင့် ရေးသားခဲ့လေသည်။ သက္ကတဘာသာဖြင့် ရေးသားသော ဝသုမိတ္တထေရ်၏ "အဋ္ဌာရသနိကာယသတ္တကျမ်း"စသည်တို့လည်း ရှိကုန်၏။ ၎င်းပြင် ယိုးဒယားသာသနာဝင်, ကမ္ဘောဒီးယားသာသနာဝင်, လာသာသနာဝင်, ဗီယက်နမ်သာသနာဝင်, မလေးရှားသာသနာဝင်, အင်ဒိုနီးရှားသာသနာဝင်, တရုပ်သာသနာဝင်, ဂျပန်သာသနာဝင်, တိဗက်သာသနာဝင်, မွန်ဂိုလီးယားသာသနာဝင်, နီပေါသာသနာဝင်, ကိုရီးယားသာသနာဝင်-စသည်တို့နှင့်စပ်၍ မှတ်သားဖွယ်ကို ပခုက္ကူသာသနာဝင်ကျမ်း ကျမ်းဦးမှတ်ဖွယ်ရှု-- [၁]

---

၁။ ပခုက္ကူသာသနာဝင်။ ၆–၁၀။

## မြန်မာပြည် သာသနာဝင်ကျမ်းများ

မြန်မာပြည်၌လည်း သာသနာဝင်ကျမ်းတို့ များစွာပေါ်ထွန်းခဲ့ကုန်၏၊ သာသနာဝင်ကျမ်းများမှာ ပေါ်ထွန်းလေ ကောင်းလေသာတည်း၊ သိသမျှ တချို့ဖော်ပြရသော်-

- မဲထည်းဆရာတော်၏ 'ဝံသဒီပနီ'၊
- မောင်းထောင်အရှင်ပညာသာမိ၏ 'သာသနဝံသဒီပိကာကျမ်း'၊
- မဟာဓမ္မသင်္ကြန်၏ 'သာသနာလင်္ကာရစာတမ်း'၊
- ရွှေကျင်ဆရာတော်ဘုရားကြီး၏ 'လင်္ကာသာသနဝိသုဒ္ဓိစာတမ်းကျမ်း'၊
- ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒ၏ 'သာသနဗဟုဿုတပကာသနီကျမ်း'၊
- ဟင်္သာတသပြေပင်ဆရာတော်၏ 'ဒွါရနိကာယသာသနာဝင်ကျမ်း'၊
- စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်၏ 'ရွှေကျင်နိကာယသာသနာဝင်ကျမ်း'၊
- ဟံသာဝတီဆရာတော် အရှင်ကုန္ဒာသဘ၏ 'ဒက္ခိဏာရာမ-သာသနာဝင်ကျမ်း'၊
- ဆရာတော်ဦးသုဒဿန၏ 'ညောင်ကန်သာသနာဝင်ကျမ်း'၊
- ဆရာတော်ဦးနန္ဒိသေန၏ 'မဟာနန္ဒိသေနရာမတိုက် ပါဠိ-တက္ကသိုလ် သာသနာဝင်သမိုင်း' စသည်တို့ ဖြစ်ကုန်၏၊ ၎င်းကျမ်းတို့မှာ သာသနာဝင်သုတေသီတို့အတွက် တန်ဖိုးမပြတ်နိုင်သော အဖိုးတန်သာသနာ့စာပေ အမွေတို့သာတည်း။

## သာသနာ့ဝင်ကျမ်းများ ပြုစုခြင်း

ဤစာပြုစုသူသည် မြန်မာပြည်၌ လိုအပ်နေသော သာသနာ့ဝင်ကျမ်းများပြုစုရန် ငယ်စဉ်ကပင် ရည်ရွယ်ခဲ့သဖြင့် ၁၃၂၉-ခုနှစ်က ပခုက္ကူသာသနာ့ဝင်ကျမ်းကို ရေးသားပြုစုခဲ့ပါသည်၊ ၁၃၃၀-ခုနှစ်တွင် မဟာဝိသုတာရာမနိကာယ သာသနာ့ဝင်ကျမ်းကြီးကို ဆက်လက်ရေးသားခဲ့ပါသည်၊ ၎င်းနောက် မန္တလေးသာသနာ့ဝင်ကျမ်းကြီးကို ဆက်လက်ရေးသားခဲ့ရာ ၁၃၃၄-ခုနှစ်တွင် ပြီးဆုံးခဲ့လေသည်၊ စာမျက်နှာ သုံးထောင်ခုနစ်ရာ (၃၇၀၀)ခန့် ရှိလေသည်၊ သို့ရာတွင် ပုံမနှိပ်ရသေးချေ။ ၎င်းနောက် "ပုဂံသာသနာ့ဝင်ကျမ်း"ကိုလည်း ဆက်လက်ရေးသားပြုစုပြီးဆုံးခဲ့ပါသည်။

## ပင်းယသာသနာ့ဝင်ကျမ်း

ပုဂံသာသနာ့ဝင်ကျမ်း ရေးသား၍ပြီးဆုံးခဲ့သည်မှာ- ၁၃၃၅ ခု၊ ဝါခေါင်လဆန်း ၁၂-ရက်နေ့၊ နေ့လယ်ပိုင်းက ဖြစ်လေသည်၊ ၎င်း ၁၃၃၅-ခုနှစ်၊ ဝါခေါင်လဆန်း ၁၂-ရက်နေ့ညနေပိုင်းက ပင်းယသာသနာ့ဝင်ကျမ်းကို စတင်ရေးသားခဲ့ပါသည်၊ ထိုနေ့က ရတနတ္တယပဏာမ, အာစရိယပဏာမနှင့် ပဋိညာဉ်တို့သာ ပြီးပါသည်၊ နောက်နေ့ကစပြီး ဆက်လက်၍ ပင်းယသာသနာ့ဝင်ကျမ်းကို ရေးသားခဲ့ရာ ၁၃၃၅-ခု၊ ဝါခေါင်လဆုတ် ၇-ရက်နေ့၊ ၂-နာရီမထိုးမီ နိဂုံး, နိဒါန်းနှင့်တကွ ပြီးဆုံးအောင်မြင်ပါသည်၊ ဤကျမ်းရေးသားရာကာလမှာ ၁၀-ရက်ခန့်သာ ကြာမြင့်လေသည်။

## အရှင်ကုမာရအား ကျေးဇူးတင်

ဤပင်းယသာသနာဝင်ကျမ်းကို ရေးသားရာ၌ မိမိလက်ရေးမူကို အားသွန်ခွန်စိုက် လက်နှိပ်စက်ရိုက်ပေးသော မိမိ၏စာဆိုတပည့် မဟာဝိသုတာရာမ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဓမ္မာစရိယ အရှင်ကုမာရ (သုံးခွ)အား ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကုမာရော အတိသေဋ္ဌောဟိ၊ သုံးခွနဂရဇာတိကော။
ဂန္ထကာရကံ ထမ္ဘောသိ၊ ဂန္ထေသု လဂ္ဂမာနသော။

## တောင့်တချက်

ဤပင်းယသာသနာဝင်ကို ကြည့်ရှု၍ သာသနာ့ဝန်ထမ်းတို့ဖြစ်က ဤသာသနာဝင်ပါ မထေရ်တို့ကဲ့သို့ သာသနာဝင်မှတ်တမ်းတင်ခံနိုင်လောက်အောင် ထူးမြတ်သော သီလဝန်ပုဂ္ဂိုလ်မွန်ဖြစ်အောင် ကြိုးပမ်းနိုင်ကြပါစေ၊ လူပုဂ္ဂိုလ်ဖြစ်က ဤသာသနာဝင်ပါ ရှင်ဘုရင်များကဲ့သို့ ခိုင်မြဲသောသဒ္ဓါတရားဖြင့် သာသနာတော်ကို ကြည်ညိုတတ်၊ ထောက်ပံ့နိုင်သောပုဂ္ဂိုလ်တို့ ဖြစ်ကြပါစေ-ဟု ဆုတောင်းရင်း ဤစာနိဒါန်းကို လက်စသတ်လိုက်ပါပြီ။

**အရှင်ကေလာသ**
ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။
(၂၀. ၈. ၇၃)

# မာတိကာ

----o----


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပင်းယသာသနာဝင်ကျမ်း ကျမ်းဦးမှတ်ဖွယ် | က-စ |
| ၂။ | ရတနတ္တယပဏာမ | ၁ |
| ၃။ | အာစရိယပဏာမ | ၂ |
| ၄။ | ပဋိညာဉ် | ၃ |


## ပင်းယသာသနာဝင် ပထမပိုင်း


| | | |
|---|---|---|
| ၅။ | ပင်းယနန်းမြို့တော် | ၅ |
| ၆။ | သမိုင်းအကျဉ်း | ၆ |
| ၇။ | သီဟသူထီး တစ်လက်တည်းပြု | ၇ |
| ၈။ | ပင်းယနန်းမြို့တော်တည်ထောင်ခြင်း | ၇ |
| ၉။ | ခုနစ်ဌာန တပြိုင်တည်းတည် | ၈ |
| ၁၀။ | ပန်းရမှ ပင်းယ | ၉ |


## ပင်းယသာသနာဝင် ဒုတိယပိုင်း


| | | |
|---|---|---|
| ၁၁။ | တစီးရှင် သီဟသူ | ၁၁ |
| ၁၂။ | ဥဇနာမင်း | ၁၂ |
| ၁၃။ | ငါးစီးရှင်ကျော်စွာ | ၁၄ |
| ၁၄။ | မြင်းစိုင်းမြို့ဘွဲ့ကာချင်း | ၁၅ |
| ၁၅။ | ငါးစီးရှင်ထံ ရှင်ယောင်တစ်ဦး ဆွမ်းခံဝင် | ၁၆ |
| ၁၆။ | လေးစီးရှင်သား ကျော်စွာငယ်မင်း | ၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ညီတော်နရသူမင်း | ၁၈ |
| ၁၈။ | ဥဇနာပြောင်မင်း | ၁၉ |
| ၁၉။ | ပင်းယမင်းဆက် ၆-ဆက် | ၂၀ |

## ပင်းယသာသနာဝင် တတိယပိုင်း

| | | |
|---|---|---|
| ၂၀။ | ရွှေကူဘုရား | ၂၁ |
| ၂၁။ | ရွှေစည်းခုံဘုရား | ၂၂ |
| ၂၂။ | ရွှေစည်းခုံစေတီတော်ကြီး အဆက်ဆက်ပြုပြင် လှူဒါန်းကြခြင်း | ၂၃ |
| ၂၃။ | ပင်းယရွှေစည်းခုံစေတီတော်ကျောက်စာ | ၂၅ |
| ၂၄။ | လေသာကျောင်းဦးစေတီတော်အနီးရှိ ကျောက်တိုင်စာ | ၂၆ |
| ၂၅။ | ရန်အောင်မြင်ဘုရား | ၂၆ |
| ၂၆။ | အရှင်သုဓမ္မမဟာသာမိထေရ် | ၂၈ |
| ၂၇။ | အရှင်ဉာဏာတေဇထေရ် | ၃၀ |
| ၂၈။ | အရှင်ဝရပတ္တထေရ် | ၃၁ |
| ၂၉။ | အိမ်နိမ့်ကျောင်းလှူ | ၃၁ |
| ၃၀။ | အရှင်ဂုဏာဘိရာမထေရ် | ၃၂ |
| ၃၁။ | အရှင်အာဒိစ္စရံသီထေရ် | ၃၄ |
| ၃၂။ | စကားကျောင်းကို အလှူခံ | ၃၄ |
| ၃၃။ | အရှင်သုဓမ္မာလင်္ကာရထေရ် | ၃၅ |
| ၃၄။ | အရှင်သီရိပုညထေရ် | ၃၆ |
| ၃၅။ | သီလဝန္တသိက္ခာကာမများဖြစ်ကြ | ၃၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ထောင်သောင်းမက မြားမြောင်လှ | ၃၇ |
| ၃၇။ | ပွဲကျောင်းဂါမဝါသီတို့ဖြစ်ကြ | ၃၈ |
| ၃၈။ | တောနေ ဧကစာရရဟန်းတို့ပေါ်လာ | ၃၈ |
| ၃၉။ | သဃ်ရာဇာ, သဃ်ဇာ | ၃၉ |
| ၄၀။ | ဆူးတွင်းပစ်ဆရာတော် အရှင်နာဂိတမဟာထေရ် | ၃၉ |
| ၄၁။ | ဇာတိဌာနေ မွေးရပ်မြေစသည် | ၄၀ |
| ၄၂။ | ကျောင်းအပ် အကြိမ်ကြိမ်ကျောင်းပြေး | ၄၀ |
| ၄၃။ | ဖခင်က ဆူးချုံပေါ်ပစ်ခဲ့ | ၄၀ |
| ၄၄။ | ပုဂံပြည်သွား ပညာသင် | ၄၂ |
| ၄၅။ | ပုဂံ၌ သင်ယူလေ့လာခဲ့သောကျမ်းဂန်များ | ၄၂ |
| ၄၆။ | ကျော်စောထင်ရှားခြင်း | ၄၃ |
| ၄၇။ | ဖခင် သားပျောက်ရှာခြင်း | ၄၃ |
| ၄၈။ | ပျောက်သောသား တွေ့ပြီ | ၄၃ |
| ၄၉။ | ဆားပေါ့ ဆားငံပြောပြီ | ၄၄ |
| ၅၀။ | ပင်းယမြို့ဝင်၍ ဘုရားပုထိုးရှိခိုး | ၄၅ |
| ၅၁။ | ကျော်စွာကျောင်းတော်ကြီး | ၄၅ |
| ၅၂။ | ကျော်စွာကျောင်းပေါ်တက်နေပြီ | ၄၆ |
| ၅၃။ | မေးသမျှပြဿနာတွေ ဖြေဆိုပြီ | ၄၆ |
| ၅၄။ | ကျောင်းတင်လှူကိုးကွယ် | ၄၇ |
| ၅၅။ | စတုရင်္ဂဗလ ရံခါပြဿနာမေး | ၄၈ |
| ၅၆။ | စတုရင်္ဂဗလအမတ် အမေးရတုသုံးပုဒ် | ၄၈ |
| ၅၇။ | အရှင်နာဂိတ၏ အဖြေသုံးပုဒ် | ၅၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈။ | စာပေချပို့ သာသနာပြု | ၅၂ |
| ၅၉။ | ကျမ်းဂန်ပြုစုတော်မူခြင်း | ၅၂ |
| ၆၀။ | သဒ္ဒသာရတ္ထဇာလိနီပါဌ် | ၅၃ |
| ၆၁။ | အကြောင်းအရာစုံလင်စွာဖြင့် | ၅၃ |
| ၆၂။ | ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | ၅၅ |
| ၆၃။ | ဓမ္မသေနာပတိ အရှင်အရိယဝံသမဟာထေရ် | ၅၆ |
| ၆၄။ | ဇာတိဌာနေ မွေးရပ်မြေ | ၅၆ |
| ၆၅။ | ဉာဏ်လွန်စွာထက်မြက် | ၅၆ |
| ၆၆။ | နည်းနာခံမည်ဟု စစ်ကိုင်းကြွ | ၅၇ |
| ၆၇။ | ရှင်ငုံဆရာတော်ထံချဉ်းကပ် စာဝါတောင်း | ၅၇ |
| ၆၈။ | ၃-ရက်တက်ပြီး စာတက်မလာ | ၅၈ |
| ၆၉။ | ကျေးဇူးဆပ် ကျမ်းပြုရမည် | ၆၀ |
| ၇၀။ | ပြုစုတော်မူသောကျမ်းစာများ | ၆၀ |
| ၇၁။ | မဏိသာရမဉ္ဇူသာဋီကာ | ၆၁ |
| ၇၂။ | အမှား ၂-ချက်ထောက်ပြသဖြင့် ၂-ထပ်သက်နှန်းလျှ | ၆၂ |
| ၇၃။ | ကျမ်းစုံမွှေနှောက်ရေးသားခဲ့ | ၆၄ |
| ၇၄။ | မဏိသာရမဉ္ဇူသာမည်ကြောင်း | ၆၅ |
| ၇၅။ | ဂေယျစကားဖွဲ့ဖြင့် နိဂုံးအုပ်ခဲ့ | ၆၅ |
| ၇၆။ | ကုန်းဘောင်ခေတ်စာချနည်း | ၆၆ |
| ၇၇။ | မဏိဒီပဋီကာပါဌ် | ၆၆ |
| ၇၈။ | ဂန္ဌာဘရဏပါဌ် | ၆၉ |
| ၇၉။ | ဂန္ဌာဘရဏမည်ကြောင်းစသည် | ၆၉ |
| ၈၀။ | အနုဋီကာမဟာနိသျ | ၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | သန္တာသန္တာပိ ဓီယဿ---ဂါထာအနက် | ၇၁ |
| ၈၂။ | ရတနသာရ အမည်ပေးခဲ့ | ၇၂ |
| ၈၃။ | ဘုရားအလောင်း သူတော်ကောင်းကြီး | ၇၃ |
| ၈၄။ | ပျံလွန်တော်မူပြီ | ၇၃ |
| ၈၅။ | ပညာရှိ စတုရင်္ဂဗလအမတ်ကြီး | ၇၄ |
| ၈၆။ | ဇာတိချက်ကြွေ မွေးရပ်မြေ | ၇၅ |
| ၈၇။ | စတုရင်္ဂဗလ-ဘွဲ့ဖြင့် ကျော်စောခဲ့ | ၇၅ |
| ၈၈။ | သာသနာမှု တိုင်းပြည်မှုစီမံ | ၇၅ |
| ၈၉။ | ပါဠိ, သက္ကတ, မြန်မာမှုတတ်မြောက် | ၇၆ |
| ၉၀။ | ကျမ်းဂန်ပြုစုခြင်း | ၇၆ |
| ၉၁။ | အဘိဓာနပ္ပဒီပိကာဋီကာ | ၇၆ |
| ၉၂။ | စာပေလုပ်ငန်းတို့၌ ကျေးဇူးများ | ၈၁ |
| ၉၃။ | လောကနီတိပါဠိ | ၈၁ |
| ၉၄။ | စက်လက္ခဏာဘုရားရှိခိုးပါဠိ, နိသျ | ၈၂ |
| ၉၅။ | စက်တော်ရာဘုရားရှိခိုး | ၈၃ |
| ၉၆။ | လက္ခဏာတော်ငယ်ရှစ်ဆယ်ဂါထာများ | ၈၇ |
| ၉၇။ | ဟိတောပဒေသနိသျ | ၉၆ |
| ၉၈။ | ကွယ်လွန်ခြင်း | ၉၆ |
| ၉၉။ | ကစ္စာယနဝဏ္ဏနာကျမ်းပြု အရှင်ဝိဇိတာဝီမထေရ် | ၉၇ |
| ၁၀၀။ | ကျမ်းဂန်ပြုစုခြင်း | ၉၇ |
| ၁၀၁။ | ကျမ်းစာရေးသားပုံ | ၉၉ |
| ၁၀၂။ | ကျမ်းပြုပုံနှိပ်ဌာန | ၉၉ |
| ၁၀၃။ | သီဟိုဠ်သာသနာဝင်၌ မှတ်တမ်းတင် | ၁၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၄။ | ပင်းယခေတ်နောက်ပိုင်း ပင်းယသာသနာပြု | ၁၀၁ |
| ၁၀၅။ | အရှင်သဒ္ဓမ္မဂုရုထေရ် | ၁၀၂ |
| ၁၀၆။ | သဒ္ဒဝုတ္တိပါဌ်ကို ပြုစုခြင်း | ၁၀၂ |
| ၁၀၇။ | ကိရ-စသောသဒ္ဒါနှင့်စပ်၍ ပြောပြချက် | ၁၀၃ |
| ၁၀၈။ | အရှင်သီရိမင်္ဂလထေရ် | ၁၀၄ |
| ၁၀၉။ | မင်္ဂလတ္ထဒီပနီကျမ်းပြု | ၁၀၅ |
| ၁၁၀။ | အရိမေတ္တေယျဘုရားလက်ထက် ကျွတ်တမ်းဝင်လို | ၁၀၆ |
| ၁၁၁။ | အရှင်ဥတ္တမသိက္ခထေရ် | ၁၀၇ |
| ၁၁၂။ | ငယ်ငယ်ရွယ်ရွယ်စာပေတာတ်မြောက် | ၁၀၇ |
| ၁၁၃။ | ရဟန်းသိက္ခာ ဆယ့်ခုနစ်ဝါကျမ်းပြု | ၁၀၇ |
| ၁၁၄။ | ကျမ်းစာရေးရာ ကာလ, ဌာန | ၁၀၉ |
| ၁၁၅။ | ကျမ်းဆရာဆုတောင်း | ၁၀၉ |
| ၁၁၆။ | အရှင်ဥပါလိထေရ် | ၁၀၉ |
| ၁၁၇။ | အရှင်ကလျာဏသာရထေရ် | ၁၁၁ |
| ၁၁၈။ | ယောဇနာကျမ်းပြု အရှင်ဉာဏကိတ္တိထေရ် | ၁၁၂ |
| ၁၁၉။ | ပိန္နဲပင်ကျောင်းတိုက်၌ သီတင်းသုံး | ၁၁၂ |
| ၁၂၀။ | ကျမ်းဂန်များပြုစုတော်မူခြင်း | ၁၁၃ |
| ၁၂၁။ | ပါရာဇိကဏ်ယောဇနာပါဌ် | ၁၁၃ |
| ၁၂၂။ | အဋ္ဌသာလိနီယောဇနာပါဌ် | ၁၁၄ |
| ၁၂၃။ | သီဟိုဠ်ရာဇဝင်နိုင် | ၁၁၅ |
| ၁၂၄။ | ပါဒ, ဂါထာ, ဂန္ထ, ဘာဏဝါရအရေအတွက်ဂါထာ | ၁၁၆ |
| ၁၂၅။ | လောကဒီပကသာရကျမ်းကိုးကားပြ | ၁၁၇ |


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၆။ | ကျောင်းတိုက်နှင့်မင်းကို စာဖွဲ့ခဲ့ | ၁၁၇ |
| ၁၂၇။ | သမ္မောဟဝိနောဒနီယောဇနာပါဌ် | ၁၂၀ |
| ၁၂၈။ | ပါစိတျာဒိယောဇနာ, ပဋ္ဌာနကြီးယောဇနာ | ၁၂၀ |
| ၁၂၉။ | ထူးခြားသောဂန္ထာရမ္ဘ | ၁၂၁ |
| ၁၃၀။ | ဘုရားဆုပန်ပုဂ္ဂိုလ်မြတ် | ၁၂၁ |
| ၁၃၁။ | သီဟိုဠ်ကျွန်း၌ ပုံနှိပ်ခဲ့ခြင်း | ၁၂၂ |
| ၁၃၂။ | နတ်နန်းရွှေဘုံ ခိုလှုံခဲ့ | ၁၂၂ |
| ၁၃၃။ | ဝိဘတျတ္ထကျမ်းပြုထေရ် | ၁၂၃ |
| ၁၃၄။ | ပဏာမ, ပဋိညာဉ်, နိဂုံး | ၁၂၃ |
| ၁၃၅။ | ဗာလပ္ပဗောဓနကျမ်းပြုထေရ် | ၁၂၄ |
| ၁၃၆။ | ဗာလပ္ပဗောဓနကျမ်းပြု | ၁၂၄ |
| ၁၃၇။ | လိင်္ဂမာလာကျမ်းပြုထေရ် | ၁၂၆ |
| ၁၃၈။ | လိင်္ဂမာလာကျမ်းပြုစုတော်မူခြင်း | ၁၂၇ |
| ၁၃၉။ | လှပသည့်ဥယျောဇဉ် ၃-ဂါထာ | ၁၂၈ |
| ၁၄၀။ | စာစုံပေါ်တဲ့ ပင်းယခေတ် | ၁၂၉ |
| ၁၄၁။ | ဂန္ထာဘရဏယောဇနာကျမ်းပြုထေရ် | ၁၃၀ |
| ၁၄၂။ | အခြားကျမ်းပြုပုဂ္ဂိုလ်များ | ၁၃၀ |
| ၁၄၃။ | ပင်းယသာသနာဝင်ကျမ်း အပြီးသတ်ခြင်း | ၁၃၁ |
| ၁၄၄။ | ပင်းယသာသနာဝင်နိဂုံး | ၁၃၃ |



အလိုတော်ပြည့်(ပင်းယ)ရွှေစည်းခုံဘုရား

ရွှေသားဆင်းတုတော်


ရွှေစည်းခုံဘုရားကြီး၌ကိန်းဝပ်တော်မူ




ပင်းယရွှေစည်းခုံစေတီတော်ကြီး
ပြင်ဆင်တည်ဆောက်လှူဒါန်းပြီးကာလ



ပင်းယရွှေစည်းခုံစေတီတော်ကြီး  ပြင်ဆင်တည်ဆောက်လှူဒါန်းဆဲကာလ



ရွှေစည်းခုံစေတီတော်ကြီး ဝတ္တကမြေပုံ




ဂူကြီးသုံးလုံး(ရွှေကူ)ဘုရား သမိုင်းကျောက်စာ
(ရှေးဟောင်းသုတေသနဦးစီးဌာန)


(နှၚ်ဒၚ်းဖွံးဇၟိနှ်ကလောဝ်ၚ်းဒုၚ်ကောဲမိုဝ)

ဇၞော်ပါ်ယ်ဒးဒုၚ်ကဵု းဏံၚ်(ပါမိ္ၜ)းလွံးလွံၚ်းဗြှ်





ရွှေစည်းခုံကုန်းတော် တောင်မုခ် အရှေ့ဖက်
ဂန္ဓကုဋိကျောင်းတော်အတွင်းရှိ
ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ် အမှတ်(၁)




ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ်  အမှတ်(၂)




ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ် အမှတ်(၃)



ရွှေစည်းခုံတောင်မုခ် အရှေ့ဘက်ခံတန်ဆောင်းအတွင်းရှိ
ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ်
(ကျောက်သားဆင်းတုတော်)



ရွှေစည်းခုံတောင်မုခ်  အရုဏ်ခံတန်ဆောင်းအတွင်းရှိ
ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ်
(ကျောက်သားဆင်းတုတော်)




ရွှေစည်းခုံကုန်းတော်စောင့်နတ်ရုပ်ကြီး (ကျောက်သား)




ရွှေစည်းခုံကုန်းတော်အရှေ့တောင်စေတီတော်ဒေါင့်
မနုဿသီဟခြင်္သေ့ရုပ်



ရွှေစည်းခုံကုန်းတော်ပေါ်ရှိ
ရှေးဟောင်းစကျင်ကျောက်ခြင်္သေ့ရုပ်



ဂူကြီးသုံးလုံး(ရွှေကူ)ဘုရားရှိ ငါးရာ့ငါးဆယ်စဥ့်ခွက်များ



ပင်းယမြို့တော်ဟောင်းနေရာ



ရွှေစည်းခုံအရှေ့မှန်မြောက်ဖက် ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်တော်မူသော
ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ်ကြီး



ရွှေစည်းခုံကျောင်း၌ကိန်းဝပ်တော်မူသော
ရှေးဟောင်းဗုဒ္ဓရုပ်ပွါးတော်မြတ်
(ကျောက်သားဆင်းတုတော်)

# ပဋ္ဌာန်းယသာသနာဝင်

နမော တဿ

ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

----------

## ရတနတ္တယပဏာမ

နတွာ သာသနဝံသဿ၊ ဒေသကံ အဂ္ဂပုဂ္ဂလံ။

သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

အဟံ= ပဋ္ဌာန်းယသာသနာဝင် မည်တွင်တောက်လျှမ်း ကျမ်းဂန်ရေးရန် အားအံကြိုးကုတ် အကျွန်ုပ်သည်။ သာသနဝံသဿ= ကိုယ်-တော်မြတ်စွာ ဦးစွာတည်ထွင် ကိုယ်တော့်သာသနာဝင်ကို။ ဒေသကံ= အသာဓာရဏ မဟာကရုဏာတော်ဖြင့် ဟောဖော်ညွှန်ပြတော်မူတတ်သော။ အဂ္ဂပုဂ္ဂလံ= သုံးလောကဓာတ်တွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကိုလည်းကောင်း။ တေန= ထိုမြတ်စွာဘုရားသည်။ သေဝိတံ= အမြဲမပြတ် မှီဝဲပူဇော်အပ်တော်မူသော။ ဓမ္မဉ္စ= မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်းကောင်း။ နိရင်္ဂဏံ= ရာဂ, ဒေါသ, မောဟအင်္ဂဏ ကင်းစင်ပ-တော်မူသော။ သံဃဉ္စာပိ= ရှစ်ပါးသံဃာ အရိယာကိုလည်းကောင်း။ နတွာ= ကာယတလီ ဝစီမန သုံးဒွါရဖြင့် ဦးချရှိခိုးပြီး၍။

## အာစရိယပဏာမ

ပုဗ္ဗာစရိယသီဟေ စ၊ ဝိသုတာရာမဝါသိနော။
တေပိဋကေပိ ဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

ဝိသုတာရာမဝါသိနော= ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချတိုက်ကြီး၌ ယာပိုထ်မျှတ သီတင်းသုံးစံပျော် နေထိုင်တော်မူခဲ့ကြကုန်သော။ တေပိဋကေပိ= ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်ကို အလွယ်ကူးခက် ချပို့တော်မူတတ်သည်လည်းဖြစ်ကုန်သော။ ပုဗ္ဗာစရိယသီဟေ စ= မူလတိုက်တာတည် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရမထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိကုန်သော မထေရ်မြတ်တို့ကိုလည်း။ သုနိဝါတေန= လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ= သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ ဝန္ဒာမိ= ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

# ပဋိညာဉ်

ပင်းယဝံသံ ကရိဿာမိ၊ ဝံသိကာနံ ဟိတာဝဟံ။
ဩလောကေတွာ ဣတိဟာသ-ဂန္ထေ သန္တေဘိပုစ္ဆိယ။

အဟံ= အရှင်ကေလာသ ခေါ်ဆိုကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဣတိဟာသဂန္ထေ= သာသနာ့သမိုင်း, ရာဇဝင်ကျမ်းဂန် အမျိုးမျိုးတို့ကိုလည်း။ ဩလောကေတွာ= သေချာစေ့ငု ကြည့်ရှု၍ လည်းကောင်း။ သန္တေ= သမိုင်းကျွမ်းကျင် ပညာရှင်တို့ကို။ အဘိ-ပုစ္ဆိယ= မေးမြန်း၍လည်းကောင်း။ ဝံသိကာနံ= သာသနာဝင်ကျမ်း၌ စွဲလမ်းပိုမို သာသနာဝင်ကို သိလိုကြကုန်သောပုဂ္ဂိုလ်တို့၏။ ဟိတာ-ဝဟံ= အကျိုးစီးပွားကို ရွက်ဆောင်တတ်သော။ ပင်းယဝံသံ= ပင်းယ သာသနဝံသံ= ပင်းယသာသနာဝင် မည်တွင်တောက်လျှမ်း "ပင်းယ သာသနာ့သမိုင်းကျမ်း"ကို။ ကရိဿာမိ= ဂန္ထဝုရ ကိစ္စလပ်လျား ချိန်-အကြား၌ ရေးသားစီရင်ပါအံ့သတည်း။

# ၃- ကျောကပ်ချန်

# ပင်းယသာသနာဝင်
# ပဋ္ဌမပိုင်း

## ပင်းယနန်းမြို့တော်

ပင်းယနန်းမြို့တော်သည် မင်းပေါင်း ၆-ဆက်စိုးစံရာ သမိုင်းရာဇဝင်တွင် ထင်ရှားသောမြို့တော် ဖြစ်လေသည်။ ဇမ္ဗူကွန်ချာကျမ်းစသည်၌ မြို့တော်၏ပမာဏ တာတစ်ထောင့်လေးရာ (၁၄၀၀)ရှိကြောင်း ဆိုထား၏၊ သို့ရာတွင် ယခုမူ အိမ်တစ်ရာ (၁၀၀)ကျော်ခန့်ရှိရွာသိမ်ရွာငယ်အဖြစ်သာ တည်ရှိလေတော့သည်။ "မြင်မြင်သမျှ သင်္ခါရစိတ်ကနှလုံးသွင်း"ဆိုသည့်အတိုင်း သင်္ခါရတရားတို့၏ ဖြစ်လျှင်ပျက်မြဲသဘာဝကို တွေးဆသက်ဝင်ရန်သာ ရှိလေသည်၊ ယင်းရွာပတ်ဝန်းကျင်မြို့ဟောင်းရာတွင် ရွှေစည်းခုံဘုရား, ဂူသုံးလုံးဘုရားတို့ကို ဖူးမြင်နိုင်လေသည်၊ ယင်းမှတောင် ၄-မိုင်ခန့်အကွာတွင် အင်းဝမင်းခေါင်ကြီးတည်ထားခဲ့သော 'ရန်အောင်မြင်ဘုရား' တည်ရှိလေသည်။ ကွင်းကျန်ကျယ်ဝန်းသော မြေကွက်လပ်ကြီးကား တောင်ယာစိုက်ပျိုးရာဌာနဖြစ်နေလေတော့၏။

ဖော်ပြပါ ပင်းယမြို့ဟောင်းသည် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ တံတားဦးမြို့မှ ၁-မိုင်ခန့်အကွာ၊ အင်းဝမြို့တောင်ဖက် ငါးမိုင်ခန့်အကွာ၊ တံတားဦး, ကျောက်ဆည်သွားကားလမ်း၊ လက်ျာဖက်၊ ပန်းယျရွာမှ ၂-ဖာလုံခန့်တွင် တည်ရှိလေသည်။

## သမိုင်းအကျဉ်း

ဖော်ပြပါ ပင်းယမြို့ကို စတင်တည်ခဲ့သူမှာ ရှမ်းမင်းအဆက်အနွယ် တစ်စီးရှင်ဘွဲ့အမည်ခံ သီဟသူဖြစ်လေသည်။ ဘိန္နက (ပြော့ရှမ်း)မျိုးဖြစ်သော သခ်ဗိုလ်သည် နောင်တော်ဘိန္နကစော်ဘွားနှင့် မသင့်မြတ်သဖြင့် မြန်မာနိုင်ငံသို့ ပြေးလာကာ မြင်းစိုင်းအရပ်တွင် နေလေ၏၊ သခ်ဗိုလ်တွင် သားသုံးယောက်ရှိရာ ပုဂံရွှေနန်းရှင် ဘုရင်နရသီဟပတေ့ (တရုပ်ပြေးမင်း)ထံ အမှုထမ်းစေလေသည်။ ယင်းသခ်ဗိုလ်၏ သားသုံးယောက်တို့သည် နရသီဟပတေ့မင်း လွန်သောအခါ သားတော် ဒလစား ကျော်စွာမင်းထံ၌ ဆက်လက်အမှုထမ်းကြကုန်၏၊ ထိုမင်းလက်ထက်တွင် အကြီး-အသင်္ခယာအား မြင်းစိုင်းမြို့, အလတ် ရာဇသင်္ကြံ[1]အား မက္ခရာမြို့, အငယ်-သီဟသူအား ပင်လယ်မြို့ကို အသီးအသီး ပေးသနားထားလေသည်။

ကာလကြာမြင့်သော် ညီနောင်သုံးဦးတို့သည် အလုံးအရင်းအခိုင်အမာဖြစ်လာလေသည်။ ပုဂံကျော်စွာသည် မိထွေးတော်မိဖုရားဖွားစောအား အတိုင်အပင်တစုံတရာမရှိသောကြောင့် မိဖုရားဖွားစောက ကျော်စွာအပေါ် မကျေမနပ်ဖြစ်လေသည်၊ ထို့ကြောင့် သက္ကရာဇ် ၆၆၀-ပြည့်နှစ်တွင် ဖွားစောသည် အသင်္ခယာ, ရာဇသင်္ကြံ, သီဟသူဟူသော နောင်ညီသုံးဦးတို့နှင့် တိုင်ပင်၍ ကျော်စွာဘုရင်ကို နန်းမှချပြီး ကျော်စွာ၏သား စောနစ်ကို နန်းတင်လေသည်၊ ထိုညီနောင်သုံးဦးတို့ကမူ မိမိတို့ဆိုင်ရာ မြို့အသီးအသီးတွင် မင်းပြိုင်ပြုကြကုန်၏။

---

၁။ ရာဇာ-ဟူ၍လည်း မူကွဲရှိ၏။

## သီဟသူထီး တစ်လက်တည်းပြု

ယင်းသို့ဖြင့် နောင်တော်ညီတော်သုံးဦးတို့ မင်းပြိုင်ပြုကြ၍ ငါးနှစ်အကြာတွင် မကွ္ဆရာမင်း ရာဇသင်္ကြံ နတ်ရွာစံလေသည်၊ သက္ကရာဇ် ၆၇၂-ခုနှစ်တွင် နောင်တော်ကြီး-အသင်္ခယာကို နောင်တော်ဟူ၍ အထွတ်အထိပ်မထားလို နေရာမပေးလိုပဲ ညီတော်သီဟသူသည် အဆိပ်ဆေးဖြင့် လုပ်ကြံခဲ့ရာ နောင်တော်ကြီး-အသင်္ခယာ နတ်ရွာစံရှာလေသည်။

အထ သော သီဟသူ သူရော၊
ကေရဇ္ဇေန အတ္ထိကော။
ဘာတရမ္ပိ အစိန္တေတွာ၊
ဝိသံ ဒတွာန မာရယိ။

သီဟသူသည် နောင်တော်ကြီး အသင်္ခယာကို လုပ်ကြံပြီး-နောက် နောင်တော်များပိုင်နက်အားလုံးကို သိမ်းယူ၍ ထီးတစ်လက်တည်း ပြုလေတော့၏။

## ပင်းယနန်းမြို့တော် တည်ထောင်ခြင်း

သီဟသူသည် မြင်းစိုင်းရွှေနန်းရှင် အသင်္ခယာကို မလုပ်ကြံမီကပင် တစ်နှစ်အလို သက္ကရာဇ် ၆၇၁-ခုနှစ် ပင်လယ်မြို့မှာ မင်းပြုစဉ်ကပင် မြို့တည်အံ့ဟု မြို့ရာရှာလေသည်။ အင်းဝမြို့နေရာတွင် နန်းမြို့တော်ကို လေးကြိမ်တိုင်တည်လေရာ မဖြစ်မြောက် မအောင်မြင်ပဲ ရှိလေသည်၊ တစ်ကြိမ်ကား ရေဖျက်လေ၏၊ တစ်ကြိမ်ကား ငါးကြီး အိမ်တိုင်တက်သောကြောင့် ပျက်လေ၏၊ တစ်ကြိမ်ကား လိပ်ကြီး အိမ်တိုင်တက်သောကြောင့် ပျက်လေ၏၊ တစ်ကြိမ်ကား နေဝင်ရီ-

တရောကျလျှင် ဘီလူးပန်းနီပန်ဆင်လျက် အနောက်တောင်ထောင့် အရပ်မှဝင်၍ အုတ်ခဲနှင့် ပစ်လေလျှင် လူအပေါင်းတို့ ဖျားနာ၍ သေကြေပျက်စီးကြကုန်၏၊ သို့ဖြစ်၍ ထိုအကြောင်းကို သီဟသူက တပေါင်နာစေလေရာ-

တောင်းလည်း လျင်လျင်တောင်း၊
ရောင်းလည်း လျင်လျင်ရောင်း၊
အရေးမကောင်း ဒက္ခိဏာသို့ လျင်လျင်ပြောင်း-ဟု တပေါင်ထွက်လေ၏။ တပေါင်အလိုမှာ သာသနာကို စောင့်ကြပ်သည့် နတ်ကောင်းနတ်မြတ်တို့က ထိုအရပ်တွင် မြို့မတည်စေလိုကြ၊ တောင်အရပ်သို့ ပြောင်းရွှေ့၍ တည်စေလိုသောကြောင့် အနှောက်အယှက် ပြုကြခြင်း ဖြစ်လေသည်။ ထိုကြောင့် အင်းဝတည်ရာ သန်လျက်ကျွန်း၏တောင်ဖက် သက်ပန်းအရပ်သို့ ပြောင်းစေလေ၏။ ပင်းယမြို့တော်တည်ထောင်၍ စတင်မင်းပြုနှစ် ၆၇၄-ခုနှစ်ဖြစ်၏၊ ထိုကြောင့် မုံရွေးဆရာတော်က "သော်တာလ ပင်းယတည်သည့် တစ်စီးရှင်"ဟု ကဗျာပြုတော်မူသည်။

## ခုနှစ်ဌာန တပြိုင်တည်းတည်

သီဟသူမင်းကရာဇ်သည် မြို့ရာကြည့်အရပ်ကနေ၍ ရွှေစည်းခုံဘုရားတည်မည့်မြေကို တူးစေသော် ရွှေအဆင်းနှင့်တူသော မြေတွင် အရိုး, အခက်, အရွက်, အသီးတို့နှင့်တကွ ရွှေပန်းပင်ရသဖြင့် ဤအရပ်ကား မင်းဝန်တောင်လည်းဖြစ်သည်၊ များမြတ်သော ကျေးဇူးနှင့်လည်း ပြည့်စုံရာသည်၊ ထိုအရပ်၌ မြို့တည်မည်ဟု သက္ကရာဇ် ၆၇၄-ခု၊ တပေါင်းလဆန်း ၁၅-ရက်၊ ဗုဒ္ဓဟူးနေ့တွင် "နန်းတော်,

မြို့တော်, ကျုံးတော်, ရွှေဂူဘုရား, အတွင်းရွှေကျောင်း, ထောက်ရှည်ကန်, ကန်လှ"ဟူသော ခုနစ်ဌာနကို တချိန်တည်းတည်တော်မူခဲ့လေသည်။ [၁]

စတုသတ္တတိ အဓိကမှို၊
ဆသတေ ဝဋ္ဋရေ သုဘော။
ဖဂ္ဂုဏော ပုဏ္ဏမေ ဒိနေ၊
ပင်းယပုရိ ပတိဋ္ဌဟိ။

## ပန်းရမှ ပင်းယ

မြို့ရာကြည့်သောအခါ ရွှေပန်းရသည်ကို အကြောင်းပြု၍ ပန်းရ-ဟု ရှေးသူဟောင်းတို့ ရေးမှတ်ခဲ့ကြကုန်၏၊ ကာလကြာသော်နသတ်မှ ငသတ်သို့လည်းကောင်း၊ မုဒ္ဓဇ (လျှာထိပ်၌ဖြစ်သော) 'ရ' အက္ခရာမှ တာလုဇ (အာစောက်၌ဖြစ်သော) 'ယ'အက္ခရာသို့လည်း-ကောင်း ပြောင်းလဲ၍ "ပင်းယ" [၂] ဟု ခေါ်ဝေါ်ရေးမှတ်ကြကုန်၏။

ပုရာတနေ ပန်းရက္ကတိ၊
ဇနေဟိ အဘိသမ္မတံ။
ပစ္ဆာ ကာလမှိ ဂစ္ဆန္တေ၊
ပင်းယာတိ အဘိသမ္မတံ။

---

၁။ ညီငယ်သီဟ ဇောသတ်ထ ပင်းယထောင်ခဲ့ပြီ။ (ရာဇဝင်သံခိပ်သံပေါက်)
၂။ ဖြူစင်ယာဉ်မ တစီးရလျှင် ဝိဇယမည် ပင်းယပြည်၌။ (ပုလိပ်စားချောင်း ၃၅-ပိုဒ်)
စစ်ကိုင်းပင်းယ အဝသင်စည် မင်းပွဲပြည်ကို။
(စစ်ကိုင်းထူပါရုံအတွင်း ကျောက်စာနံပါတ် ၂၅)

ပါဠိဘာသာအရေးအသားများ၌ "ပံယ"ဟူ၍လည်း အတွေ့များလေ၏။ [၁]

သုဇနာနံ ပသာဒါယ၊
သံဝေဂတ္ထာယ မေ ကတော။
ပဌမော ပင်းယဝံသမှိ၊
ပရိစ္ဆေဒေါ သုနိဋ္ဌိတော။

ပင်းယသာသနာဝင်
ပဌမပိုင်းပြီး၏။

---

၁။ ပံယာဘိချာတေ နဂရေ ဝိသာလေ။ (သဒ္ဒသာရတ္ထဇာလိနီ နိဂုံး ၅၁၅-ဂါထာ)
ပံယာဘိချာတေ ပုရမှိ၊ ဥဿိတဒ္ဓဇသန္နိဘော။ (ကစ္စာယနဝဏ္ဏနာ နိဂုံး)

# ပင်းယသာသနာဝင်
# ဒုတိယပိုင်း

## တစီးရှင် သီဟသူ

သီဟသူမင်းသည် ပင်းယမြို့ကို တည်နေတော်မူသောအခါ ဆင်ဖြူသေတစီးရ၍ တစီးရှင်သီဟသူ-ဟု တွင်လေသည်၊ မူလ ပင်လယ်မြို့မှာ ၁၂-နှစ်နန်းစံတော်မူခဲ့ပြီး ပင်းယနန်းမြို့တော်၌ နန်းစံ ၁၀-နှစ်ဖြစ်လေသည်။ ထိုကြောင့်ပင် ရာဇဝင်သံခိပ်ဆရာသည်-

**(ဆောင်)** ညီငယ်သီဟ ဇောသတ်ထ ပင်းယထောင်ခဲ့ပြီ။
မူလဆဲ့နှစ် ပင်းယဖြစ် မလစ်တဆယ်မှီ။

သံပေါက်ကဗျာကို ရေးစီခဲ့လေသည်။ တစီးရှင်သီဟသူ နိုင်ငံတော်ကား သာယာဝတီ, ပြည်, တောင်ငူ, တောင်တွင်း, ရမည်းသင်း, ဝတီး, ယင်းတော်, လှိုင်းတက်, ညောင်ရမ်း, ပင်းတလဲ, ပြင်စည်, ပင်လယ်, ကျောက်ပန်းတောင်း, ပဋ္ဌနဂိုရ်, မင်းတုန်း, တိုင်တား, မင်းတပ်, ကညင်မြောင်း, မြေထဲ, သရက်, စကု, စလင်း, အောင်းလင်း, လယ်ကိုင်း, စလေ, ကူးခန်းငယ်, ရွှာသာ, ပုဂံ, တလုပ်, ကူးခန်းကြီး, ဗန့်ကျီဆယ်တိုက်, ယော, ထီးလင်း, လောင်းရှည်, မြင်းစိုင်း, မက္ခရာ-စသည်တို့အပါအဝင် ကျယ်ဝန်းများလှသည်သာ။

တစီးရှင်သီဟသူသည် ရတနာသုံးရပ်ကိုလည်း ဆည်းကပ်မြတ်နိုး ကြည်ညိုတော်မူ၏၊ ရဟန္တာထွေး ဒိဗ္ဗစက္ခု(ဒိဗ္ဗစက်)ကိုလည်း ဆရာတင်တော်မူ၍ သာသနာပြုတော်မူ၏၊ ကျမ်းဂန်တတ်ရဟန်းတော်များကိုလည်း ချီးမြှောက်တော်မူလေ့ရှိသည်၊ ပုဂံပြည်ရှင် အနော်ရထာ

မင်းစောလက်ထက်က ကွမ်းခွက်တော်တွင် ဌာပနာ၍ မင်းစဉ်ကိုးကွယ်တော်မူသော သရီရဓာတ်တော် ၇-ဆူအနက် ဓာတ်တော် ၅-ဆူကို ကောင်းမှုတော်ရွှေစည်းခုံ၌ ဌာပနာတော်မူ၏။ သို့ရာတွင် စေတီကြီး-ကား လက်စမသတ်ပါချေ။ အိမ်နိမ့် ၃၃-နှစ်၊ စည်းစိမ် ၂၂-နှစ်၊ သက်တော် ၅၅-နှစ်တွင် နတ်ရွာစံတော်မူလေသည်။ [၁]

ဇဝံ သီဟသူဘူပါလော၊
တစီးရှင်တိပိ ဝိဿုတော။
သုဘာသုဘံ ကရိတွာန၊
ယထာကမ္မံ ဂမိ ဂ္ဂတော။

## ဥဇနာမင်း

တစီးရှင်သီဟသူ လွန်ပြီးနောက် "သာရွှင်လှ ဥဇနာ"ဟူသည်နှင့်အညီ သက္ကရာဇ် ၆၈၄-ခုနှစ်တွင် တစီးရှင်သီဟသူ၏သားတော် 'ဥဇနာ'မင်း ပင်းယနန်းမြို့တော်၌ မင်းပြုလေသည်။ ဥဇနာမင်းသည် ပင်းကြားအရပ်၌ စကားသားသစ်သားတို့ဖြင့်ပြီးသော စကားကျောင်း ၇-ကျောင်းကို တည်တော်မူသည်၊ ၎င်းကျောင်း ၇-ကျောင်းအမည်တို့ကား-

၁။ ဇမ္ဗုကကျောင်း
၂။ ဝေဠုဝန်ကျောင်း
၃။ အိမ်နိမ့်ကျောင်း
၄။ ဇေတဝန်ကျောင်း

---

၁။ သက်တော် ၆၀-တွင် နတ်ရွာစံသည်ဟုလည်း အဆိုရှိသည်။

၅။ ကုလားကျောင်း
၆။ မြောက်စွန်ကျောင်း
၇။ တောင်စွန်ကျောင်း-တို့ဖြစ်ကုန်၏။

ယင်း ၇-တိုက်အနက် – ဇမ္ဗူကကျောင်းကို သုဓမ္မမဟာသာမိထေရ်အား တင်လှူတော်မူ၏၊ – ဝေဠုဝန်ကျောင်းကို အရှင်ဉာဏတေဇအား, – အိမ်နိမ့်ကျောင်းကို အရှင်ဝရပတ္တအား, – ဇေတဝန်ကျောင်းကို အရှင်ဂုဏာဘိရာမအား, – ကုလားကျောင်းကို အရှင်အာဒိစ္စရံသီအား, – မြောက်စွန်ကျောင်းကို အရှင်သုဓမ္မာလင်္ကာရအား, – တောင်စွန်ကျောင်းကို အရှင်သိရီပုညအား တင်လှူတော်မူလေသည်။

ကျောင်းတိုက်အရှေ့မြောက်ထောင့်၌ ကိုယ်တိုင်ကိုင်၍ ဗောဓိညောင်ပင်ကို စိုက်တော်မူခဲ့လေသည်၊ စကား ၇-ကျောင်းကိုလည်း ဝတ္ထုကံမြေများ, အလုပ်အကျွေးများ လှူဒါန်းတော်မူခဲ့လေသည်။ ခမည်းတော်ကောင်းမှု ရွှေစည်းခုံမပြီးသည်ကိုလည်း အနန္တပစ္စည်းအမတ်ကို ဝန်ပြုစေ၍ ဆက်လက်တည်တော်မူသည်၊ ပြီးလျှင် သဘင်ကြီးစွာခံ၍ သာခုနမော် ခေါ်တော်မူလေသည်၊ ဥဇနာမင်းကြီးသည် အိမ်နိမ့် ၂၄-နှစ်၊ စည်းစိမ် ၂၀၊ သက်တော် ၄၄-နှစ်တွင် နန်းကျတော်မူလေသည်။ ဥဇနာမင်းကြီးသည် နန်းကျပြီးနောက် အိမ်ဖြူတော်ဆောက်လုပ်ပြီး နေထိုင်ကာ စကား ၇-ကျောင်းကို ပြုစု၍ နေတော်မူ၏၊ နောက် မက္ခရာအရပ်၌ တောဝင်တော်မူ၏။

ဥဇနာဝှယဘူပါလော၊
ပုညကမ္မေ သဒါ ရတော။
ပုညာနိ သော ကရိတွာန၊
ယထာကမ္မံ ဂတော သုဓီ။

## ငါးစီးရှင်ကျော်စွာ

ဥဇနာမင်းနောက်တွင် "ထွန်းနေဝါ ငါးစီးရှင်"ဟူသည်နှင့် အညီ သက္ကရာဇ် ၇၀၄-ခုနှစ်တွင် ဥဇနာမင်း၏ညီတော် ငါးစီးရှင်-ကျော်စွာသည် ပင်းယ၌ နန်းတက်လေသည်။ ကျော်စွာသည် ဆင်ဖြူ ၅-စီးရရှိသောကြောင့် ငါးစီးရှင်-ဟု ထင်ရှားလေသည်၊ ဆင်ဖြူတော် ငါးစီးတို့ကား-

- လှိုင်းတက်အရပ်ကရသော ဟိုင်းဆင်ဖြူတော် 'ပုလဲတမူး'
- မုံတောမြောင်းကျပ်ကရသော တယ်ဆင်ဖြူတော် 'မဟာ-ကောသရ'
- ပျက်စွယ်တောင်ခြေရင်းကရသော စွယ်စုံဆင်ဖြူတော် 'သန်မြင်စွာ'
- စမုံဖျားကရသော ဟိုင်းဆင်ဖြူတော် 'ဥပေါသထာ'
- သဘန်းကိုးရွာမြောက် လွန်တဲညွှန်ကျုံးမှရသော လက်ယာတည် ဆင်ဖြူတော်တစ်စီး 'ချစ်စွာမရဲ'အားဖြင့် ငါးစီး

တို့တည်း။

ငါးစီးရှင်ကျော်စွာကား စာဆိုတော်အဖြစ်ဖြင့်လည်း ထင်ရှားလေသည်၊ ကိုယ်တိုင် ကာချင်းများကိုရေး၍ ကိုယ်တိုင်ဆို၍ ကပြလေ့ရှိသည်-ဟု စာတမ်းပါရှိ၏၊ ထိုကြောင့် "စာဆိုတော် ငါးစီးရှင် ကျော်စွာ"ဟုလည်း ထင်ရှားခြင်းဖြစ်လေသည်။

နစ္စဂီတေသု ကုသလော၊
ကာဗျသိပ္ပေ ဝိသာရဒေါ။
ရာဇကိစ္စေ အနဝယော၊
ငါးစီးကျော်စွာဝှ ဘူပတိ။

အောက်ဖော်ပြပါ မြင်းစိုင်းမြို့ဘွဲ့ ကာချင်းမှာ ငါးစီးရှင်ကျော်စွာဘုရင် ရေးသည်ဟု သိရ၏။

## မြင်းစိုင်းမြို့ဘွဲ့ ကာချင်း

တာဝတိံသာ နတ်ရွာလော့ နတ်ရွာလော့။ ။ဟုတ်တည့်ရှင်ခြင်း ရှင်ခြင်း။ ။ဟုတ်တည့်ဆွေရင်း ဆွေရင်း။ ။ဟုတ်တည့်သည်းရင်း သည်းရင်း။ ။မြင်းစိုင်းဟူသည် ရွှေပြည် ရွှေပြည်။ ။မြင်းစိုင်းရွှေမြေ ပန်းသင်းခွေ။ ။ပင်ခြေချုံတက်နွယ် ချုံတက်နွယ်။ ။တောင်လေရှန်းရှန်း မိုးခတ်အုန်း။ ။ကင်းကင်းပုန်း ပွင့်ချီချယ် ပွင့်ချီချယ်။ ။နွယ်ပန်းခွာညို ပွင့်စေလို။ ။ပြာသိုဆောင်းလလယ် ဆောင်းလလယ်။ ။တောထွတ်ဖျားဆီ ရွှေစာတီ။ ။သရီခာတ်စွယ် သရီခာတ်စွယ်။ ။ယာယီမြေကောင်းကျသည့် ကျသည့်ပြောင်း။ ။မနှောင်းမှည့်ဆောလွယ် မှည့်ဆောလွယ်။ ။ခါနှင်းဘုတ်ချိုး ကြက်တောမျိုး။ ။လိုစိုး ကျက်မြေကျယ် ကျက်မြေကျယ်။ ။ယှဉ်ဖော်မဝေး ဘော်ရွှေကျေး စာနွေး စားလိုဖွယ် စားလိုဖွယ်။ ။ယရည်းသွန်းသွန်း မြင်းသည်ဝန်း လုံ့ချွန်းထွန်းတက်ပယ် ထွန်းတက်ပယ်။ ။စောလူးစီးတန် မျိုးဆက်ဒန်၊ လျှင်မြန်မြင့်မဆွယ် မြင့်မဆွယ်။ ။မြှောက်စည်လဲတီး ဝင်ခါနီး။ ။စောခီးနန်းတက်ကျယ် နန်းတက်ကျယ်။ သာသည့်မြေပြင် စောနတ်ရှင်၊ နန်းခွင်ရှုတင့်တယ် ရှုတင့်တယ်။ ။အထူးလော့ တက်လိမ့်လော့ နေရောင်လော့။ [၁]

---

၁။ ပေါ်ရာဏဒီပနီ။ ၁။ ၃၈၂။

## ငါးစီးရှင်ထံ ရှင်ယောင်တစ်ဦး ဆွမ်းခံဝင်

တနေ့သ၌ ငါးစီးရှင်စားတော်ခေါ်ခါနီးတွင် ရှင်ယောင်တစ်ယောက်သည် ပရိက္ခရာရှစ်သွယ် ကိုယ်မှာလွယ်၍ ရှေ့တော်ဝယ် ရပ်လာ၏၊ ထိုအခါ ငါးစီးရှင်က "အရှင်ဘုရား ဘယ်ကို အလိုရှိ၍ ရပ်ပါသနည်း"ဟု မေးတော်မူရာ "ဆွမ်းကို အလိုရှိ၍ ရပ်လာသည်"ဟု ရှင်ယောင်က ဆို၏။ ငါးစီးရှင်သည် စားတော်ခေါ်စိမ့်သောငှာ လက်-တော်ဆေးပြီးမှ လွန်ကဲပိုမို ကြည်ညိုရကား စားတော်မခေါ်တော့ပဲ မနောလင်ပန်းနှင့် စီရင်၍ထားသော စားတော်အားလုံးကို ထိုရဟန်းအား လှူတော်မူလေ၏။

ငါးစီးရှင်လည်း ဝမ်းမြောက်ဝမ်းသာရှိတော်မူလှ၍ အမတ်တို့ကို ဤသို့ မိန့်တော်မူ၏။ "အမတ်တို့ . . ဤရဟန်းကား ဆွမ်းခံချိန်လွန်၍ မွန်းတည့်လုနီးမှ ဆွမ်းရပ်လာသည်၊ ပုထုဇဉ်မဟုတ်နိုင်ရာ၊ ကိလေသာဟူ မြူမှုန်မသန်း အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ပေတည်း၊ ငါ့ကို ကုသိုလ်ကောင်းမှု များစေလို၍ ရပ်လာသည်"ဟု မိန့်တော်မူကာ မင်းချင်းတစ်ယောက်ကို လိုက်၍ ကြည့်ရှုစေလေ၏။

မင်းချင်းယောက်ျားသည် ငါးစီးရှင်၏ အမိန့်တော်အတိုင်း လိုက်၍ကြည့်ရှုလေ၏။ ရဟန်းကား ရှင်ရဟန်းကောင်းမဟုတ်၊ ငါးစီးရှင်လှူလိုက်သော စားတော်အပြည့်ပါသောသပိတ်ကို မယားအား ပေး-လေ၏။ ယင်းအခြင်းအရာကို မင်းချင်းယောက်ျားမြင်လေသော် ဤသို့ အကြံဖြစ်၏။ "သည်ရဟန်း၏အဖြစ်မှန်ကို မင်းကြီးအား သံတော်ဦးတင်ချေသော် ဤရှင်ယောင်လည်း အပြစ်သင့်မည်၊ သဒ္ဓါတော်မူသည့် စေတနာလည်း ပျက်ချိမ့်မည်၊ ငါလည်း မျက်နှာမရ ရှိရာသည်၊ မင်းကြီးလည်း သဒ္ဓါမပျက်၊ ငါလည်း မျက်နှာရ၊ ရှင်ယောင်လည်း

အပြစ်မကျအောင် နှလုံးထားပြီး၊ မင်းကြီးထံသွား၍ 'အရှင်မင်းမြတ် အမိန့်ရှိတော်မူသည့်အတိုင်း ကျွန်တော်မျိုး လိုက်၍ကြည့်သော် ကြည့်လျှင်စဉ် ကွယ်လေသည်"ဟု သံတော်ဦးတင်လေ၏။ ထိုအခါ ငါးစီးရှင်သည် "ငါတွေးထင်သည့်အတိုင်း မချွန်ဧကန် မှန်လှပေသည်"ဟု လက်ရုံးတန်းလေ၏။ ထိုနေ့၌ပင် ပင်းယပြည်စိုးသည့် ဆင်ဖြူတစ်စီးနှင့်တူသော မြင်းစိုင်းကျော်(အာဇာနည်မြင်း)ကို ယူ၍လာပြီ-ဟု ကြားတော်မူလျှင် "ငါ၏ ကုသိုလ်တော်အကျိုးကြောင့် ဖြစ်သည်"ဟု မိန့်တော်မူလေ၏။ [၁]

ငါးစီးရှင်ကျော်စွာသည် သဘောထားကြီးသည်၊ ခန္တီဂုဏ်နှင့်ပြည့်စုံသည်၊ ပေးကမ်းလှူဒါန်းမှုနှင့်လည်း ပြည့်စုံသည်၊ ပင်းယမြို့အနောက်တောင်ထောင့်အရပ်၌ ဘုရားလေးမျက်နှာတည်တော်မူသည်။ အုတ်သုံးအုတ် ဆင့်မိကာမျှတွင် မကျန်းမမာရှိတော်မူ၍ ခမည်းတော်ဘုရားသည် ဘုမ္မိအရပ်၌ စေတီတည်မိသည်၊ မပြီးလေ။ ငါသည်လည်း ဘုမ္မိအရပ်၌ ဘုရားတည်မိသည်၊ ဤဝေဒနာမှထလျှင် ဌာပနာနှင့်တကွ အုတ်တို့ကို ဧရာဝတီမြစ်မှာသွန်၍ နောင်တော်ဘုရားကျောင်းမှာ အရပ်ပြုမည်-ဟု မိန့်တော်မူလေ၏။ ငါးစီးရှင်ကျော်စွာသည် အိမ်နိမ့် ၃၆-နှစ်၊ စည်းစိမ် ၉-နှစ်၊ သက်တော် ၄၅-နှစ်တွင် နတ်ရွာစံတော်မူလေသည်။ [၂]

---

၁။ ဦးကုလား ရာဇဝင်။ ၁။ ၃၂၉။
မှန်နန်းရာဇဝင်။ ၁။ ၃၈၁-ကြည့်။

၂။ တချို့ရာဇဝင်များ၌ ၅၂-နှစ် နတ်ရွာစံသည်ဟု ဆိုကြ၏။

ပဥ္စန္နံ သေဘိကာနံပိ၊
သာမိကော ကျော်စွာသာဝှယော။
ကတွာ သုတွာ ယထာကာမံ၊
ယာတော အနိစ္စတာဝသံ။

## လေးစီးရှင် သားကျော်စွာငယ်မင်း

"ထင်အံ့စွာ ကျော်စွာငယ်"ဟူသည်နှင့်အညီ ငါးစီးရှင်ကျော်စွာ နတ်ရွာစံသဖြင့် သားတော် လေးစီးရှင်ကျော်စွာငယ်သည် သက္ကရာဇ် ၇၁၃-ခုနှစ်တွင် ပင်းယ၌ နန်းတက်လေသည်၊ အိမ်နိမ့် ၃၀၊ နန်းစံ ၁၀-နှစ်၊ သက်တော် ၄၀-တွင် နတ်ရွာစံလေသည်။ [၁]

## ညီတော် နရသူမင်း

"တယ်ကြူးစ နရသူ"ဟူသည်နှင့်အညီ ကျော်စွာငယ်မရှိလျှင် ထိုမင်း၏ညီတော် နရသူသည် ပင်းယရွှေနန်းကို သိမ်းမြန်းစိုးအုပ် မင်းလုပ်တော်မူလေသည်။ အိမ်နိမ့် ၃၈-နှစ်၊ စည်းစိမ် ၃-နှစ်၊ သက်-တော် ၄၁-နှစ်တွင် မောရှမ်းတို့ နရသူနှင့်တကွ ဆင်ဖြူ ၃-စီးနှင့် ပစ္စည်းများစွာတို့ကို ယူဆောင်သွားကြကုန်၏။ [၂]

---

၁။ သားကျော်စွာပြု တေရသ်မု ပြဒုသုဉ်ဒသီ။ (ရာဇဝင်သံခိပ်သံပေါက်) ဖခင်လက်ထက်က ဆင်ဖြူငါးစီးရှိသော်လည်း သား၏လက်ထက် လေးစီးသာရှိတော့သည်၊ ထိုကြောင့် 'လေးစီးရှင်'ဟု ဆိုသည်။

၂။ တေဝီသတ်ဟူ နရသူ ညီဖြူစိုးတြီ။ (ရာဇဝင်သံခိပ်)

ထိုနရသူမင်းကား မင်းပြိုင်ဖြစ်သော စစ်ကိုင်းမင်း မင်းပြောင် အား မနာလိုသဖြင့် ယခုစစ်ကိုင်း၌ စိုးစံသောမင်းကား မင်းရိုးမဟုတ်ပါ။ လာ၍ တိုက်လှည့်ပါ။ ရလျှင် အကာကို အကျွန်ုပ်ယူ၍ အနှစ်ကို ပေးပါမည်-ဟု မိုးကောင်းမြို့စား သိုကျည်ဘွားကို မှာထားလေသဖြင့် လာရောက် တိုက်ခိုက်ရာ စစ်ကိုင်းမှာ အဖိုးတန်ပစ္စည်းမရသဖြင့် အမှတ်တမဲ့ ပင်းယကို လုပ်ကြံအောင်မြင်၍ ထိုနရသူနှင့် ဆင်သုံးစီး, အခြားအဖိုးတန်ပစ္စည်းများကို ယူဆောင်သွားခြင်း ဖြစ်လေသည်။ ထို-ကြောင့် ပလိပ်စားချေင်း၌-

"သုံးတိုက်လူ့ချာ လောကနာလျှင် ကြွလာစက်ရွှေ
မင်းဝံပွေထက် မိန့်လေဘူးတိုင်း ခါသင့်ဆိုင်းသို့ စစ်ကိုင်း
အုပ်စိုး မှူးမတ်မျိုးဟု မျက်ငြိုးပြင်းပြ ပင်းယပိုင်သူ နရသူက
မဖြူစိတ်ဝမ်း စကားကမ်း၍ ရှမ်းမိုးကောင်းစား သိုကျည်-
ဘွားလျှင် အင်အားထုတ်၍ လျော့မေ့လိမ့်မည် လုပ်ကြံရည်-
ကြောင့် နှစ်ပြည်ကျိုးမဲ့ ပျက်စီးခဲ့သား"

စသည်ဖြင့် စပ်ဆိုခဲ့လေသည်။ [၁]

## ဥဇနာပြောင်မင်း

နရသူမင်းမရှိလျှင် မှူးမတ်တို့က နရသူ၏နောင်တော် ဥဇနာပြောင်ကို မင်းမြှောက်၍ ပင်းယနန်းတင်ကြကုန်၏၊ သုံးလရှိသော် သတိုးမင်းဖျားလုပ်ကြံ၍ နန်းကျလေသည်။

---

၁။ ပလိပ်စား ချေင်း အပိုဒ်။ ၃၂။

## ပင်းယမင်းဆက် ၆-ဆက်

ဤသို့ အကျဉ်းမျှဖော်ပြခဲ့သော စကားအစဉ်ဖြင့် ပင်းယနန်းမြို့တော်၌-

၁။ တစီးရှင်သီဟသူ

၂။ သား-ဥဇနာ

၃။ ငါးစီးရှင်ကျော်စွာ

၄။ ကျော်စွာငယ်

၅။ နရသူ

၆။ ဥဇနာပြောင်-အားဖြင့် မင်းဆက် ၆-ဆက် [၁] စိုးအုပ်မင်းလုပ်ကြ၍ လောကသာသနာကျိုးကို ပြုလုပ်ခဲ့ကြကုန်၏၊ ပင်းယခေတ်သည် ၅၂-နှစ်မျှသာဖြစ်၍ တိုတောင်းလှ၏၊ သို့ရာတွင် ပင်းယခေတ် ၅၂-နှစ်ကာလအတွင်း ပေါ်ထွန်းခဲ့သော သာသနာ့ဝန်ဆောင်တို့၏ လုပ်ဆောင်ချက်များမှာ မည်မျှပြောင်မြောက်ကြောင်း ပင်းယသာသနာဝင် တတိယပိုင်းကို ဆက်လက် ကြည့်ရှုလေ့လာ၍ သိရှိနိုင်ကြကုန်ရာသည်။

သုဇနာနံ ပသာဒါယ၊
သံဝေဂတ္ထာယ မေ ကတော။
ပင်းယဝံသမှိ ဒုတိယော၊
ပရိစ္ဆေဒေါ သုနိဋ္ဌိတော။

ပင်းယသာသနာဝင် ဒုတိယပိုင်းပြီး၏။

---

၁။ မြင်းစိုင်းမင်းတစ်ဆက်၊ ပင်လယ်မင်းတစ်ဆက်နှင့်ပေါင်းသော် မင်းဆက်ရှစ်ဆက်ဖြစ်လေသည်။ (မြင်းစိုင်းပင်လယ် မင်းနှစ်သွယ် ပေါင်းရွယ်ရှစ်သဍ်)

# ပင်းယသာသနာဝင်
# တတိယပိုင်း

## ရွှေကူဘုရား

ရွှေကူစေတီတော်မြတ်ဘုရားသည် ပင်းယမြို့၏ ပဌမဆုံး စေတီတော်မြတ်ဘုရား ဖြစ်လေသည်၊ ယခု ဂူသုံးလုံးဘုရားအဖြစ် ထင်ရှားလေသည်၊ ပင်းယမြို့ကို စတင်တည်ထောင်တော်မူခဲ့သော သီဟသူဘုရင်သည် သက္ကရာဇ် ၆၇၄-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်၊ ဗုဒ္ဓဟူးနေ့တွင် နန်းမြို့တော်, မြို့တော်, ကျုံးတော်, အတွင်း ရွှေကျောင်း, ထောက်ရှည်ကံ, ကံလှ-ဟူသော ၆-ဌာနတို့နှင့်အတူ တချိန်တည်းတည်ဆောက်ကိုးကွယ်ခဲ့သော စေတီတော်မြတ်ဖြစ်လေ သည်၊ ယင်းဂူသုံးလုံးဘုရား၌ ငါးရာငါးဆယ်ဇာတ် စဉ့်ကွင်းများရှိလေ သည်။ တချို့ ပျက်စီးကုန်ပြီ၊ ပင်းယမြို့စည်ကားစဉ်က ဖူးမျှော်သူမစဲ တင့်တယ်စည်ပင် ရှုတိုင်းတင့်တယ်ခဲ့သော ရွှေကူစေတီမြတ်ကား အိုမင်းယိုယွင်းနေပြီ ဖြစ်လေသည်။

ရွှေကူဝှထူပသေဋ္ဌံ ဟိ၊
ပုရေဟိ ရာမဏီယကံ။
ဒါနိ ဣဋ္ဌကပုဉ္စော၀၊
အ၀သေသော ပဒိဿတေ။

## ရွှေစည်းခုံဘုရား

ပင်းယမြို့ဟောင်းရာတွင် ရွှေစည်းခုံဘုရားကို ဖူးမြင်နိုင်လေသည်၊ ဘုရားအနီးတွင် ကျောက်စာရုံရှိလေသည်၊ စရပ်များဝန်းရံ၍ တည်ရှိ၏၊ စရပ်တစ်ဆောင်ပေါ်တွင် ရှေးခေတ်မြေအိုး, မြေခွက်အဆန်းများကိုလည်း တွေ့နိုင်လေသည်၊ ယင်းရွှေစည်းခုံဘုရားကို ပင်းယမြို့နန်းတည် တစီးရှင်သီဟသူ တည်ထားကိုးကွယ်ခဲ့သည်၊ ပုဂံပြည်ရှင်အနော်ရထာမင်းကြီး ကွမ်းခွက်တော်တွင် ဌာပနာ၍ မင်းစဉ်ကိုးကွယ်တော်မူခဲ့သော သရီရဓာတ်တော် ၇-ဆူအနက် ၅-ဆူကို ဌာပနာ၍ ဤမည်သော ရွှေစည်းခုံဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်လေသည်၊ သို့ရာတွင် စေတီကြီးကား အပြီးမသတ်ပါချေ။ သား ဥဇနာမင်းလက်ထက်ကျမှ အပြီးသတ်သည်။ အောက်ပါ ဝန္ဒနာဂါထာဖြင့် ရွှေစည်းခုံဘုရားကို ရှိခိုးဦးချရာသည်။

သီဟသူမဟာရာဇေန၊
သဒ္ဓါဝန္တေန ကာရိတံ။
ထူပံ တံ အဘိဝန္ဒာမိ၊
သုနိဝါတေန စေတသာ။

အဟံ= အကျွန်ုပ်သည်။ သဒ္ဓါဝန္တေန= သဒ္ဓါတရားရှိသော။ သီဟသူမဟာရာဇေန= ပင်းယမြို့နန်းတည် သီဟသူမင်းတရားသည်။ ကာရိတံ= ဓာတ်တော်ငါးဆူ ဌာပနာတော်မူ၍ တည်ထားအပ်သော။ တံ ထူပံ= ရွှေစည်းခုံ-ဟု သုတိထင်ရှား ထိုစေတီတော်မြတ်ဘုရားကို။ သုနိဝါတေန= လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ= သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ= ရှိခိုးဦးချပါ၏။

## ရွှေစည်းခုံစေတီတော်
## အဆက်ဆက်ပြုပြင်လှူဒါန်းကြခြင်း

ဤပင်းယရွှေစည်းခုံစေတီတော်ကြီးကို-

သက္ကရာဇ် ၇၂၉-ခုနှစ်တွင် အင်းဝနန်းစံ “မင်းကြီးစွာစော်ကဲ” ကလည်းကောင်း၊

သက္ကရာဇ် ၉၉၁-ခုနှစ်တွင် “သာလွန်မင်းတရားကြီး” သည်-လည်းကောင်း၊

သက္ကရာဇ် ၁၁၁၅-ခုနှစ်တွင် “အလောင်းမင်းတရားကြီး” သည်လည်းကောင်း၊

သက္ကရာဇ် ၁၁၃၈-ခုနှစ်တွင် အင်းဝနန်းစံ “စဉ့်ကူမင်း” သည်-လည်းကောင်း စေတီတော်တစ်ဆူလုံးကို ရွှေသက်န်းတော် ကပ်လှူပူဇော်ခဲ့ပါသည်။

သက္ကရာဇ် ၁၁၄၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက်၊ သောကြာနေ့ည သန်းခေါင်ကျော်၊ စနေနေ့သို့အဝင်တွင် စေတီတော်ကြီး ပြိုကျပျက်စီးသွားပါသည်။ ထိုအခါ “စဉ့်ကူမင်း”သည် ‘စေတီ-တော်ကြီးကို အသစ်ပြန်လည်တည်ဆောက် လှူဒါန်းမည်’ဟု ရည်ရွယ်တော်မူပြီး၊ စေတီတော်ကြီး၏ မြောက်ဖက်တွင် တဲနန်းတော်ဖြင့် စံနေတော်မူ၍ ပြိုကျပျက်စီးသည်များကို ရှင်းလင်းတော်မူလေသည်။ အုတ်ဖိုပေါင်းတစ်ရာကျော်ပြုလုပ်၍ အုတ်သားဖြင့် စီတော်မူ၍ ပြန်-လည်တည်ဆောက်တော်မူရာ ပစ္စယာသုံးဆင့်အပြီးတွင် မင်းကြီးနတ်ရွာစံတော်မူသဖြင့် အပြီးမသတ်ဖြစ်နေပါသည်။

၁၃၁၁-ခုနှစ်တွင် ဦးသန့်၊ ဦးစောတို့ဦးဆောင်၍ ပြိုကျ-ပျက်စီးနေသော စေတီတော်ကြီးကို ရှင်းလင်းပြုပြင်ခြင်းများ စတင်ဆောင်ရွက်ခဲ့သည်။

၁၃၁၅-ခုနှစ်တွင် ဦးချစ်၊ ဦးစံအေး-စသော ဂေါပကအဖွဲ့မှ ဝတ္တကမြေစုများဖြင့် စေတီတော်ကြီးကို ပြုပြင်ခဲ့ကြသည်။ (ဝတ္တကမြေ ဧကသုံးထောင်ကျော် နယ်မြေသတ်မှတ် ကျောက်တိုင်စိုက်ထူ၍ သီဟ-သူမင်းကြီး လှူဒါန်းခဲ့သော်လည်း အင်္ဂလိပ်သိမ်းယူမှုကြောင့် ယခုအခါ ဝတ္တကမြေဧက ၄၀၀-ကျော်လောက်သာ ရှိတော့သည်)။

၁၃၂၅-ခုနှစ်တွင် ဦးသန်းလေး၊ ဦးစံအေး၊ ဦးတင်မောင် အစရှိသော ဂေါပကအဖွဲ့မှ ပြုပြင်မွမ်းမံခဲ့သည်။

၁၃၃၁-ခုနှစ်တွင် ဦးသန်းလေး၊ ဦးတင်အောင်တို့ဂေါပက အဖွဲ့မှ ဆက်လက်ပြုပြင်ခဲ့ရာ ရှစ်ဒေါင့်ပလ္လင်၊ ကြေးဝိုင်းကြာအုံအထိ ရောက်ခဲ့သည်။

၁၃၅၈-ခုနှစ်တွင် တံတားဦးမြို့နယ် စကားအင်းရွာ တောင် ရပ်ကွက် အလယ်ရပ်ကွက် မြောက်ရပ်ကွက်နေ ဒါယကာ, ဒါယိကာမ များ စုစည်းကြပြီး 'တံတားဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ရွှေစည်းခုံကျောင်းဆရာတော် အရှင်စန္ဒိမာမဟာထေရ်နှင့် တံတားဦးမြို့ မေဃဝန်ကျောင်းတိုက်ဆရာတော် အရှင်ကေသရမဟာထေရ် ဆရာ-တော်ကြီးနှစ်ပါးတို့ကို "ဩဝါဒါစရိယဆရာတော်များ"အဖြစ် လျှောက် ထား၍ ဆရာတော်ဘုရားကြီးနှစ်ပါးတို့၏ လမ်းညွှန်ချက်အတိုင်း စကားအင်းရွာ ဦးတင်အောင် (ဥက္ကဋ္ဌ)၊ ဦးဘိုနီ (အတွင်းရေးမှူး)တို့ ဦးဆောင်သော "ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့"ဖွဲ့စည်း၍ စေတီ တော်ကြီးကို ပြန်လည်တည်ဆောက်လှူဒါန်းကြပါသည်။

၁၃၆၀-ခုနှစ်တွင် ဦးတင်အောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင်တစ်ဆယ့်လေးဦးတို့ဖြင့် သပိတ်မှောက်အတွင်း ဌာပနာတိုက်-ခန်းနှစ်ခုဆောက်လုပ်ပြီး ပြိုကျခဲ့သောစေတီတော်ကြီး ရှင်းလင်းစဉ်က ရရှိခဲ့သော ပဉ္စလောဟာဆင်းတုတော်နှင့်တကွ ရွှေဘုရား, ငွေဘုရား,

ကျောက်ပန်းခိုင်စသော အမျိုးမျိုးသောဥပနာပစ္စည်းများကို ရွှေစည်းခုံ ကျောင်းဆရာတော်ကြီး သိမ်းထားရာမှ ဥပနာတိုက်ခန်းသို့ ကိန်းဝပ် ပူဇော်၍ ကုသိုလ်ရှင်များလှူဒါန်းကြသော ဆင်းတုတော်များ၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာမျိုးစုံတို့ပါ ဥပနာတိုက်ခန်းအတွင်းသို့ ထည့် သွင်းပူဇော်ခဲ့သည်။ ဖောင်းရစ်အသီးသီးတွင် ဥပနာပစ္စည်းများ၊ ဆင်း- တုတော်များ ထည့်သွင်းပူဇော်ခဲ့သည်။

၁၃၆၃-ခုနှစ် စေတီတော်ကြီး ပြီးစီးအောင်မြင်၍ ရွှေထီး တော်တင်လှူပွဲကို ၁၃၆၃-ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်မှ တပို့တွဲ လပြည့်နေ့အထိ (၇)ရက်တိုင်တိုင် သဒ္ဓါကြည်ဖြူ ပေးလှူခဲ့ကြသော ကုသိုလ်ရှင်များနှင့် စည်ကားသိုက်မြိုက်စွာ ရွှေထီးတော်ကြီးကို တင်လှူ ပူဇော်၍ ရေစက်သွန်းချ လှူဒါန်းခဲ့သည်။

## ပင်းယရွှေစည်းခုံစေတီတော်ကျောက်စာ

သက္ကရာဇ် ၆၇၄-ခု ဘရဂုဏ်နှစ် တပေါင်းလပြည့်အား ပင်းယမြို့အလုံးကို အစိုးရသည့် "သီရိတြိဘဝနာဒိတျာပဝရ သီဟသူရ ဓမ္မရာဇာ"အမည်ရှိသော မင်းကြီးသည် ပင်းယ ရွှေစည်းခုံ မွေတော်မြတ်အား အပါးဝန်းကျင် အင်းရွာနှင့် အလုံးစုံမြေ မြောက်ကို မြို့ထုံးဖုတ်တံခါးကသည် နွားလည်- တောင်ငယ်ကို ဝိုက်၍ မြစ်လယ်ကျော မြစ်ကောက်ကောက် စင်းစင်း ခါဖြူဆိပ်ကသည် တောင်ကျပ်ကျကိုမူ၍ မြောက်- ကသည် လားရကား ကန်ရိုးဆိုက် သာသနာ-၅၀၀၀ တည်- စေသတေ-ဟူ၍ ဘုရားရှင် ရေစင်တော်သွန်း၍ လှူတော် မူပါ၏၊ ကောင်းမှုကို အစဉ်မပျက်လေအောင် ဖျက်ဆီး-

လုယူလေသောသူတို့ကို ဘုရားတကာချွတ်၍ မကျွတ်နိုင်၊ ကိုယ်မှာ ငရဲ ပြိတ္တာ အသူရကာယ် အပါယ်လေးပါးက မလွတ်နိုင်လှစေသတေ။

## လေသာကျောင်းဦး စေတီတော်အနီးရှိ ကျောက်တိုင်စာ

ပင်းယရွှေစည်းခုံဘုရားကို သီဟသူမင်းလှူတော်မူရင်း အတိုင်း ဘေးတော်မင်းတရားကြီး ဘုရားထပ်မံလှူတော်မူ သည့် ကျောက်စာစစ်တမ်းများနှင့် တိုက်သူမရှင်းလင်း၍ သာသနာတော် အဓွန့်ရှည်စွာ တည်စေခြင်းငှာ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အသျှင် ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင်မင်းတရားကြီးဘုရား သက္ကရာဇ် ၁၂၁၀-ခု၊ တန်ခူးလဆန်း ၁၅-ရက်နေ့ စိုက်ထူတော်မူသည် အရှေ့-မြောက်ကျောက်တိုင်။

## ရန်အောင်မြင်ဘုရား

ပင်းယမြို့တောင်ဖက် ၄-မိုင်ခန့်အကွာတွင် ရန်အောင်မြင် ဘုရားကြီး တည်ရှိလေသည်၊ ယင်းစေတီကား ဟောင်းနွမ်းလှပြီ ထီး-တော်လည်း မရှိတော့ပဲ၊ ဘုရားငုတ်တိုအသွင်ဖြင့်သာ ဖူးမြင်ရတော့ သည်၊ စေတီတော်အဆောက်အဦးကား ကြီးကျယ်လှပေ၏၊ ယင်းစေတီ ကြီးကို သက္ကရာဇ် ၇၆၃-ခုနှစ်တွင် အင်းဝမင်းခေါင်ကြီးဘုရင်သည် မိမိဖွားမြင်ရာ၌ နောင်လာနောက်သားတို့ အမှတ်တရဖြစ်စိမ့်သောငှာ

ကုသိုလ်တရားပွားများရန် တည်ထားခဲ့ခြင်းဖြစ်လေသည်။ ယင်းစေတီကြီးကိုလည်း အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဦးချရာသတည်း။

မင်းခေါင်ကြီးသနာမကေန၊
အင်းဝရာဇေနကာရိတံ။
ရန်အောင်ကြီးဝှယစေတိယံ၊
ဝန္ဒာမိ သိရသာဒရံ။

အဟံ= အကျွန်ုပ်သည်။ မင်းခေါင်ကြီးသနာမကေန= မင်းခေါင်ကြီးဟူသော မိမိအမည်ရှိသော။ အင်းဝရာဇေန= အင်းဝဘုရင်သည်။ ကာရိတံ= တည်ထားကိုးကွယ်အပ်သော။ ရန်အောင်ကြီးဝှယစေတိယံ= ရန်အောင်ကြီးအမည်ရှိသော စေတီတော်မြတ်ကို။ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ= ရိုသေလေးမြတ်စွာ။ ဝန္ဒာမိ= ခြေ, လက်, နဖူး, တတောင်, ဒူး-ဟု ငါးဦးတည်ရှိုး ကော်ရော်မျိုးဖြင့် ရှိခိုးဦးချပါ၏။

ရန်အောင်မြင်စေတီတော်ကြီးကား တံတားဦးမှ ကျောက်ဆည်သွား ကားလမ်းနှင့် အပြည်ပြည်ဆိုင်ရာ မန္တလေးလေဆိပ်သို့ သွားသည့် ကားလမ်းတို့အနီး၌ တည်ရှိပါသည်။

ဤကား ပင်းယသာသနာဝင်ကျမ်း၌ စေတီတော်သုံးဆူသမိုင်းအကျဉ်းကို ပြဆိုရာဖြစ်သော တတိယပိုင်းအပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
တတိယော ပင်းယဝံသမှိ၊ ပရိစ္ဆေဒေါ သုနိဋ္ဌိတော။

## အရှင်သုဓမ္မမဟာသာမိထေရ်

အရှင်သုဓမ္မမဟာသာမိထေရ်သည် သက္ကရာဇ် ၆၈၀-ကျော်တွင် ထင်ရှားသော မထေရ်ဖြစ်လေသည်၊ အရှင်သုဓမ္မမဟာသာမိထေရ်-ဟု ဆိုသော်လည်း ဘွဲ့ရင်းမှာ အရှင်သုဓမ္မဖြစ်လေသည်၊ "မဟာသာမိ"မှာ ဂုဏ်ထူးဘွဲ့ထူးဖြစ်လေသည်။ သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀-ကျော်လောက်ကစ၍ ထင်ရှားသော ကျမ်းဂန်တတ်ရဟန်းတော်များအား "မဟာသာမိ"ဘွဲ့ ပေးလေ့ရှိသည်-[1]

- သာရိပုတ္တံ မဟာသာမိံ= 'မဟာသာမိ'ဘွဲ့တော်ရ သာရိပုတ္တာရာ [2]
- မဟာသာမိံ ပုရေက္ခတွာ သံဃရက္ခိတဝိသုတံ=[3] 'မဟာသာမိ'ဘွဲ့တော်ရ ကျော်စောကိတ္တိရှိသော သံဃရက္ခိတ

ထေရ်ကို ရှေ့သွားပြု၍ စသည်ဖြင့်လာရာ၌ "မဟာသာမိ"သည် ဘွဲ့ထူးဂုဏ်ရည်အမည်ဖြစ်လေသည်။ "က္ကတိ သံဃရက္ခိတမဟာသာမိ-ဝိရစိတေ"လာရာ၌ 'မဟာသာမိ'ဘွဲ့တံဆိပ်ရ သံဃရက္ခိတထေရ်သည် စီရင်အပ်သော-ဟု ဆိုလိုရင်းတည်း။

သာသနာသက္ကရာဇ် ၁၇၉၃-ခုနှစ်တွင် သီဟိုဠ်ကျွန်း ဒမ္ဗဒေဏိယ (ဇမ္ဗုဒေါဏိ)မြို့၌ နန်းတက်သော ဒုတိယပရက္ကမဗာဟုမင်းကြီးသည် ရဟန်းတော်များအား-

၁။ မဟာသာမိဘွဲ့ မဟာသာမိအရာ (မဟာသာမိပဒ)

၂။ မူလဘွဲ့ မူလအရာ (မူလပဒ)

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၉၂-ကြည့်။

၂။ ခုဒ္ဒသိက္ခာဋီကာသစ်ကျမ်းဦး။

၃။ မဟာဝံသ။ ၇၉။ ၇၆။

၃။ မဟာထေရဘွဲ့ မဟာထေရအရာ (မဟာထေရပဒ)
၄။ ထေရပဒံ ထေရအရာ (ထေရပဒ)
၅။ ပရိဝေဏာဓိပတိအရာ (ပရိဝေဏာဓိပတိပဒ)
စသည်တို့ကို ပေးအပ်လှူကြောင်း-

တတော ပုန မဟာသာမိ၊
ပဒံ မူလပဒံ တထာ။
မဟာထေရပဒံ ထေရ၊
ပရိဝေဏာဒိကံ ပဒံ။

တံ တံ လဘာနယောဂ္ဂါနံ၊
သာသနုဇ္ဇောတကာရိနံ။
ဒါပေတွာန တတော တေသံ၊
ရာဇာ ရာဇရဟံ သုဘံ။-[၁]

ပင်းယကောင်းစားစဉ် သီဟိုဠ်ကျွန်းနှင့် ဆက်သွယ်မှုလည်း ရှိသဖြင့် သီဟိုဠ်မှ သာသနာတော်ဘွဲ့ထူးဂုဏ်ထူးဓလေ့ကို နမူနာယူ၍ ဥဇနာ-[၂] မင်းသည် မိမိ၏ဆရာတော် အရှင်သုဓမ္မထေရ်အား "မဟာသာမိ"ဘွဲ့ပေးလှူသည်-ဟု ယူဆနိုင်လေသည်။

ဥဇနာမင်းသည် ပင်းယနန်းမြို့တော် ပင်းကြားအရပ်၌ စကား ၇-ကျောင်းဆောက်လုပ်၍ ဇမ္ဗူကမည်သော စကားကျောင်းမကို ဖော်ပြပါ အရှင်သုဓမ္မအား တင်လှူလေသည်။

---

၁။ မဟာဝံသ။ ၈၇။ ၆၄။ ၆၅။

၂။ ဥစ္စနာမင်း-ဟုလည်း အရေးအသားရှိ၏။

မဟာသာမိ-ဘွဲ့ရ အရှင်သုဓမ္မထေရ် (အရှင်သုဓမ္မမဟာသာမိထေရ်)ကား စာချီပေသင်မည်သော အမတ်၏သားတည်း၊ ဤမထေရ်ကား သီလဝန္တ သိက္ခာကာမဂုဏ်တို့ဖြင့် ထင်ရှားပြီး သက်တော်လည်းကြီးရင့်၍ ပညာအထက်ဆုံးဖြစ်ဟန်တူ၏။ အရှင်အရဟံအနွယ် ပုရိမသံဃာအစစ်ဖြစ်လေသည်၊ အရှင်သုဓမ္မမထေရ်သည် ပရိယတ္တိ, ပဋိပတ္တိသာသနာကို ထွန်းလင်းစေလျက် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တသုဓမ္မော ထေရော၊
မဟာသာမိတိ ဝိဿုတော။
သာသနံ ဇောတယိတွာန၊
ပဝိဋ္ဌော မစ္စုနော မုခံ။

## အရှင်ဉာဏဇောတဇထေရ်

အရှင်ဉာဏဇောတဇထေရ်သည်လည်း သက္ကရာဇ် ၆၈၄-ခုနှစ်တွင် ပင်းယမြို့၌ နန်းတက်သော ဥဇနာမင်းကြီး အကိုးကွယ်ခံမင်းဆရာတို့တွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။

ဥဇနာမင်းသည် စကား ၇-ကျောင်း တည်ဆောက်ရာတွင် တစ်ကျောင်းကို မဇ္ဈိမဒေသ မဂဓတိုင်း ရာဇဂြိုဟ်နန်းမြို့တော်၌ ရှိခဲ့ဘူးသည့် ဝေဠုဝန်ကျောင်းတိုက်၏ နာမည်ကိုယူ၍ မှည့်ခေါ်ခဲ့လေသည်။

ယင်းဝေဠုဝန်ကျောင်းတော်ကို အရှင်ဉာဏဇောတဇထေရ်အားတင်လှူတော်မူခဲ့လေသည်၊ အရှင်ဉာဏဇောတဇက အဘိဓမ္မာကျမ်းဂန်တို့၌ ကျွမ်းကျင်တတ်မြောက်သည့် မထေရ်မြတ်ဖြစ်လေသည်၊ ထို့-ကြောင့် ထိုစဉ် ပင်းယနန်းမြို့တော် စကားကျောင်းများသို့ စာသင်ရောက်ရှိလာကြကုန်သော ရဟန်း,သာမဏေတို့အား အရှင်ဉာဏဇောတဇ

သည် အဘိဓမ္မာဝါစက, အဘိဓမ္မာကထိကဖြစ်တော်မူလေသည်။ ပင်းယ သာသနာဝင်ကို တောက်ပြောင်စေတော်မူပြီး ပျံလွန်တော်မူခဲ့လေသည်။

ဉာဏာတေဇော မဟာထေရော၊
ဉာဏေန တိတိက္ခော သုဓီ။
ပင်းယသာသနဝံသံ သော၊
ဇောတယိတွာ ဒိဝံဂတော။

## အရှင်ဝရပဏ္ဍာထေရ်

အရှင်ဝရပဏ္ဍာထေရ်သည်လည်း ဥဇနာမင်းဆရာ နန်းဦးဆရာ တော်တို့တွင် တစ်ပါးအပါအဝင်ဖြစ်လေသည်၊ သက္ကရာဇ် ၆၈၀-ကျော် တွင် ပင်းယမြို့တော်၌ သာသနာ့ဝန်ဆောင် ဆရာတော်တစ်ပါးအဖြစ် ထင်ရှားတော်မူလေသည်။

မြင်းသည်ရွာ၌ သီတင်းသုံး၍ စာပေပို့ချနေထိုင်တော်မူခဲ့ လေသည်၊ ဆန်း, အလင်္ကာ, သဒ္ဒါ, ဉာသ်ကျမ်း, ကလာပ်ကျမ်းတို့နှင့် တကွ ဝိဒဂ်, ဒဏ္ဍီ, ဗာဟီဗေဒင်ကျမ်းတို့ကို တဖက်ကမ်းခတ် တတ်-မြောက်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်၊ ဇမ္ဗုက စကားကျောင်း ဆရာတော် 'မဟာသာမိ'ဘွဲ့ရ အရှင်သုဓမ္မ၏တပည့်လည်း ဖြစ်တော် မူလေသည်။

## အိမ်နိမ့်ကျောင်းလှူ

ဥဇနာမင်းကေရာဇ်သည် စကားကျောင်းခုနစ်ကျောင်းအနက် အိမ်နိမ့်စကားကျောင်းကို ဖော်ပြပါ အရှင်ဝရပဏ္ဍာထေရ်အား တင်လှူ တော်မူခဲ့လေသည်၊ အရှင်ဝရပဏ္ဍာထေရ်သည် စကားကျောင်းများသို့

စာပေသင်ကြားရန် ရောက်ရှိလာသော ရဟန်း,သာမဏေတို့အား ဆန်း, အလင်္ကာ, သဒ္ဒါကျမ်း, ဉာယ်ကျမ်း-စသည်တို့ကို ချပို့တော်မူကာ စကားကျောင်းစာသင်တိုက်၌ တာဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ယင်းသို့ဖြင့် ပင်းယသာသနာကို စည်ပင်စေပြီး လွန်တော်မူခဲ့လေသည်။

ဝရပတ္တော မဟာထေရော၊
အိမ်နိမ့်ဝိဟာရသာမိကော။
ပင်းယပုရမှိ စက္ကံသော၊
ဇောတယိတွာ ဒိဝံဂတော။

## အရှင်ဂုဏာဘိရာမထေရ်

အရှင်ဂုဏာဘိရာမထေရ်သည်လည်း ပုဂံမြို့၌ ထင်ရှားသော အရှင်အာနန္ဒာဂိုဏ်း အဆက်အနွယ်ဖြစ်လေသည်။ ပုဂံမြို့တော်၌-

၁။ အရှင်အရဟံအနွယ်ဝင် သံဃာတစ်စု၊

၂။ အရှင်အာနန္ဒာအနွယ်ဝင် သံဃာတစ်စု၊

၃။ အရှင်တာမလိန္ဒအနွယ်ဝင် သံဃာတစ်စု၊

၄။ အရှင်သီဝလိအနွယ်ဝင် သံဃာတစ်စု-အားဖြင့် ၄-စု၊ ၄-ဂိုဏ်း ရှိခဲ့ဘူးသည်။

အရဟန္တဝံသိကော စေဝ၊
အာနန္ဒဝံသိကော တထာ။
တာမလိန္ဒသ ဝံသော စ၊
သီဝလိဝံသိကောပိ စ။

ဣတိ စတုဂ္ဂဏာ ဘိန္နာ၊
ပုဂါမေ သုဒ္ဒု လက္ခိတာ။-¹

အရှင်ဂုဏာဘိရာမသည် ဖော်ပြပါ ၄-ဂိုဏ်းအနက် အရှင်အာနန္ဒာဂိုဏ်းဝင် ဖြစ်လေသည်။

ဥဇနာမင်းမြတ်သည် စကားကျောင်းခုနစ်ကျောင်းအနက် တစ်ကျောင်းကို မဇ္ဈိမဒေသ ကောသလတိုင်း သာဝတ္ထိနန်းမြို့တော်၌ ရှိခဲ့ဘူးသော အနာထပိဏ် ဂုဏ်သိရ်ပျံ့မွှေး အိမ်ရှင်သူဌေးဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက်အမည်ကိုယူ၍ 'ဇေတဝန်ကျောင်း'ဟု မှည့်ခေါ်စေတော်မူလေသည်။ ယင်းဇေတဝန်ကျောင်းကို အရှင်ဂုဏာဘိရာမထေရ်အား တင်လှူတော်မူခဲ့လေသည်၊ အရှင်ဂုဏာဘိရာမထေရ်သည် ဝိနည်းငါးကျမ်းကို အဋ္ဌကထာနှင့်တကွ နှုတ်တက်အာဂုံရသည့်ပုဂ္ဂိုလ် ဖြစ်လေသည်။ အရှင်အာနန္ဒာအနွယ် ပစ္ဆိမသံဃာဝင် ဖြစ်လေသည်။ အရှင်ဂုဏာဘိရာမသည် ပရိယတ်, ပဋိပတ်ကို တိုးပွားစေတော်မူပြီး ပျံလွန်တော်မူခဲ့လေသည်။

ပရိယတ္တိံ ပဋိပတ္တိံ စ၊
ဝဍ္ဎယိ ယတိကုဉ္ဇရော။
ကိစ္စံ သော ကရိတွာန၊
ယထာကမ္မံ ဂမီ ဣတော။

---

၁။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၅၀-၁၅၅-ကြည့်။
ပုဂံသာသနာဝင်လည်းကြည့်။

## အရှင်အာဒိစ္စရံသိထေရ်

အရှင်အာဒိစ္စရံသီသည်လည်း သက္ကရာဇ် ၆၈၀-ကျော်တွင် ပင်းယသာသနာဝင်၌ ထင်ရှားသောပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ပုဂံမြို့ အရှင်အာနန္ဒာဂိုဏ်းဝင် အရှင်မြတ်တို့အထံ၌ ပညာသင်ကြား၍ နည်း-နာနယကို ခံယူတော်မူခဲ့လေသည်။

## စကားကျောင်းကို အလှူခံ

ဥဇနာမင်းကြီးကောင်းမှုတော် စကားကျောင်းခုနစ်ကျောင်း အနက် ကုလားကျောင်းကို အရှင်ဂုဏာဘိရာမ-စသည့် မထေရ်မြတ်များနှင့်အတူ ခံယူတော်မူရလေသည်။ ရောက်ရှိလာသော တပည့်တပန်း ရဟန်း,သာမဏေတို့အား အရှင်အာနန္ဒာဂိုဏ်း၏ နည်းနာနယကို ညွှန်ပြကာ သာသနာပြုတော်မူခဲ့လေသည်။ ဥဇနာမင်းတရားအားလည်း ရံဖန်ရံခါ တရားမင်းတို့၏ ကျင့်ဝတ်တရားများကို ဟောပြောညွှန်ပြ၍ ဆုံးမတော်မူလေသည်။

ဤသို့ဖြင့် လောကသာသနာအကျိုးရှိမည့် ကိစ္စလုပ်ငန်းများကို ပြုလုပ်တော်မူပြီး လွန်တော်မူခဲ့လေသည်။

အာဒိစ္စရံသီထေရောပိ၊
ပင်းယသာသနဇောတကော။
လောကသာသနဝုဍ္ဍိံ သော၊
ကရိတွာန အတ္ထင်္ဂတော။

## အရှင်သုဓမ္မာလင်္ကာရထေရ်

အရှင်သုဓမ္မာလင်္ကာရထေရ်သည်လည်း ပင်းယသာသနာသမိုင်း၌ ထင်ရှားသောမထေရ်မြတ် ဖြစ်တော်မူသည်၊ ဘုရင်မင်းမြတ်တို့ ကြည်ညိုကိုးကွယ်နိုင်လောက်အောင် ပညာတတ်၊ ရုပ်ကောင်း၊ အပြောအဆိုကောင်း ဆရာတော်တစ်ပါးဖြစ်ပါသည်။

သက္ကရာဇ် ၆၈၄-ခုနှစ်တွင် နန်းတက်သော ဥဇနာမင်းသည် ဗိမ္ဗိသာရမင်း၊ သီရိဓမ္မာသောကမင်း၊ ဒုဋ္ဌဂါမဏိမင်း၊ အနော်ရထာမင်း စသည့် တရားမင်းတို့၏ထုံးကို နှလုံးမူ၍ စကားသစ်သားတို့ဖြင့်ပြီးသည့် ကျောင်းကြီးခုနစ်ကျောင်းကို တည်ဆောက်၍ အရည်အချင်းလည်းရှိ၊ ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့်လည်း ပြည့်စုံသည့် အရှင်မြတ်တို့အား တင်လျှောက်ဒါန်းရာတွင် အရှင်သုဓမ္မာလင်္ကာရသည် မြောက်စွန်စကားကျောင်းကို တင်လျှုခြင်းခံတော်မူရလေသည်။

ထိုစဉ်က စကားကျောင်းကြီးများကို ရပ်နယ်တကျေး အဝေးအလံကပင် လာရောက်ကြည့်ရှုကြရကုန်၏၊ အရှင်သုဓမ္မာလင်္ကာရသည် ဂန္ထဓုရ, ဝိပဿနာဓုရ ၂-ပါးကို ပွားများအားသစ်တော်မူပြီး လွန်တော်မူခဲ့လေသည်။

> သုဓမ္မာလင်္ကာရထေရော ပိ၊
> ဥဇနာရညာ သုမာနိတော။
> သောပိ ဓုရေ ကရိတွာန၊
> ပဝိဋ္ဌော မစ္စုနော မုခံ။

## အရှင်သီရိပုညထေရ်

စာသင်တိုက်တည်ထောင်၍ ပရိယတ္တိသာသနာပြုသည်ဖြစ်စေ, ပဋိပတ္တိဌာနတည်ထောင်၍ ပဋိပတ္တိသာသနာပြုသည်ဖြစ်စေ တစ်ပါးကောင်း, နှစ်ပါးကောင်းပြုရန် မလွယ်ကူချေ။ အရှည်မခန့်နိုင်ချေ။

သို့ဖြစ်၍ သက္ကရာဇ် ၆၈၄-ခုနှစ်တွင် ပင်းယနန်းမြို့တော်၌ နန်းတက်သော ဥဇနာမင်းဓမ္မရာဇ်သည် စကားကျောင်းကြီးခုနစ်ကျောင်း တည်ဆောက်၍ ပညာတတ်ရဟန်းတော် ၇-ပါးတို့အား တင်လှူတော်မူခဲ့လေသည်။

ယင်းခုနစ်ပါးအနက် အရှင်သီရိပုညထေရ်သည် တောင်စွန်စကားကျောင်းကို တင်လှူခြင်းခံရသူဖြစ်လေသည်။

"ဝါသယေတ္ထ ဗဟုဿုတေ= ဧတ္ထ= ဤမိမိတို့လှူဒါန်းကျောင်းသင်္ခမ်းတို့၌။ ဗဟုဿုတေ= အကြားအမြင် များဖြင့်ကြွယ်ဝသီလဝန္တခေါ်ဆို ကျောင်းထိုင်ပုဂ္ဂိုလ်တို့ကို။ ဝါသယေ= စိုးမိုးအုပ်ချုပ်ကာ နေစေရာ၏"ဟူသည်နှင့်အညီ မင်းမြတ်သည် တင်လှူခြင်းဖြစ်လေသည်။

အရှင်သီရိပုညသည်လည်း ခုရနှစ်ပါး ပွားများအားသစ်တော်မူပြီး လွန်တော်မူခဲ့လေသည်။

သိရိပုညော မဟာထေရော၊
ပုညကမ္မကရော သုဓီ။
ဝိပါကံ ပုညကမ္မဿ၊
ဘုဉ္ဇိတုံ စ ဒိဝံ ဂတော။

## သီလဝန္တ သိက္ခာကာမများဖြစ်ကြ

ဖော်ပြပါ စကားခုနစ်ကျောင်း တင်လျှုကိုးကွယ်ခံရသော မထေရ်ခုနစ်ပါးတို့ကား သထုံနွယ် ရှေ့သံဃာ, ပုဂံနွယ် နောက်သံဃာ အဝင်တို့ဖြစ်ကြ၍ သီလဝန္တ, သိက္ခာကာမတို့လည်း ဖြစ်ကြကုန်၏၊ ထိုစဉ်က ပင်းယသာသနာကို လှိုင်းတံပိုးတို့ဖြင့် တန်ဆာဆင်အပ်သော သမုဒ္ဒရာပင်လယ်အလား သီလဝန္တ, သိက္ခာကာမရဟန်းတို့ဖြင့် တန်ဆာဆင်ထားပေ၏။

နက္ခတ်တာရာ ကြယ်များစွာတို့ဖြင့် ဆန်းကြယ်လှပသော ကောင်းကင်သဖွယ် ထိုစဉ်က ပင်းယသာသနာသည် ပရိယတ်, ပဋိပတ် ဓုရနှစ်ရပ်ကို ဖြည့်ကျင့်ကြသော သံဃာတော်တို့ဖြင့် တင့်တယ်သာမော ကျော်စောလှပေသည်။

## ထောင်သောင်းမက များမြောင်လှ

ထိုစကားခုနစ်ကျောင်းတို့က သက်ဆင်း၍ မြင်းစိုင်း, ပင်းယ, စစ်ကိုင်း, အင်းဝတို့၌ ပြန့်ပွားဆင်းသက်ခဲ့သော သံဃာတော်တို့ကား ထောင်သောင်းမက များမြောက်စွာလှကုန်၏။

တေသု တေသု ပဒေသေသု၊
ထေရာ သိက္ခာ သုသံယုတာ။
တဒါ စမ္ပကဝိဟာရ-ဝံသိကာ'နပ္ပကာ ဘဝုံ။

## ပွဲကျောင်းဂါမဝါသီတို့ဖြစ်ကြ

နောက်တွင် စကားခုနစ်ကျောင်းသံဃာတို့သည်ပင် ယုတ်မာဆိုးသွမ်းကြ၍ ပွဲကျောင်းဂါမဝါသီတို့ ဖြစ်ကုန်၏၊ ဥဇနာမင်းကြီးလှူဒါန်းခဲ့သည့် ဝတ္ထုကံမြေများ၏ အဖို့အစု, အခွန်ဘဏ္ဍာကောက်ခံအံ့သောငှာ လုံ့လမပြုလိုသဖြင့် ကျောင်းမတော်နေ အရှင်သုဓမ္မမဟာသာမိထေရ်သည်-

၁။ ဝတ္ထုကံသိမ်းသံဃာ၊

၂။ သာသနာစိုးသံဃာ၊

၃။ ဝတ်စားသံဃာ-ဟူ၍ သံဃာ ၃-မျိုး သီးသန့်ခြားနား ခန့်ထားရလေသည်။

ဝတ္ထုကံသိမ်းသံဃာတို့ကား- အခွန်ဘဏ္ဍာကို ကောက်ခံသိမ်းဆည်းကြရကုန်၏၊ သာသနာစိုးသံဃာတို့ကား- တရားနှင့်အညီကျင့်ဆောင်ရန် သွန်သင်ဆုံးမကြရကုန်၏။ ဝတ်စားသံဃာတို့ကား အဖို့အစုဝေဖန်သည်ကို ခံစားကြရကုန်၏။

## တောနေ ကေစာရရဟာန်းတို့ပေါ်လာ

ထိုအခါ ဝတ္ထုကံမြေများကို မှီ၍ အခင်းပွားများကြသောကြောင့် ပရိယတ်, ပဋိပတ် နှစ်ရပ်ဓုရ ပွားများမှုယုတ်လျော့လေ၏၊ ယင်းသို့ ဓုရနှစ်ပါး လျော့ပါးသည်ကို မကြိုက်မနှစ်သက်မူ၍ အရှင်သာသနဓရနှင့် အရှင်ပရက္ကမညီနောင်တို့ စကားကျောင်းတို့မှ ထွက်သွားကြကုန်၏။

ယင်းနှစ်ပါးတို့တွင် အရှင်သာသနသည် တူးရွှင်းတောင်ခြေတွင် သီတင်းသုံးတော်မူလေ၏၊ ပရက္ကမညီနောင်တို့ကမူ တောင်ဘီလူး

ကုန်း စစ်ကိုင်းချောင်များတွင် နေထိုင်ကြကုန်၏၊ ထိုရဟန်းတို့နှင့် ၎င်းတို့အဆက်အနွယ် တပည့်ရဟန်းတို့ကို "တောနေဧကစာရရဟန်းများ"ဟု ခေါ်ကြကုန်၏။

မြို့ရွာအနီး ကျန်ရစ်သောရဟန်းတို့ကို ဂါမဝါသီဗဟုစာရရဟန်း-ဟု ခေါ်ဝေါ်ကြကုန်၏။ ထိုအချိန်မှစ၍ အရညဝါသီ, ဂါမဝါသီ-ဟူ၍ ၂-ဂိုဏ်းကွဲကြကုန်၏။

## သင်္ဃရာဇာ, သင်္ဃဇာ

ဝတ္ထုကံမိုးမြေ အခွန်ဘဏ္ဍာကို ကောက်ခံထိန်းသိမ်းသော ရဟန်းများကား သံဃရာဇာ, သံဃဇာ-ဟု သီးခြားဖြစ်ကုန်၏။

အရညဝါသီနော စေဝ၊
ဂါမဝါသီ တထာ ပရော။
သင်္ဃရာဇာတိ တေယေဝ၊
တယော နာမာ အဇာယိသုံ။

## ဆူးတွင်းပစ်ဆရာတော် အရှင်နာဂိတမဟာထေရ်

ဆူးတွင်းပစ်ဆရာတော်သည်လည်း-[၁] ပင်းယသာသနာဝင်၌ ထူးခြားသည့်ပုဂ္ဂိုလ် ဖြစ်လေသည်။ စာပေကျမ်းဂန်လည်း လွန်စွာတတ်မြောက်သည့် မထေရ်မြတ်ပါပေတည်း။

---

၁။ ဆူးချုံ (ခြုံ)ပစ်ဆရာတော်-ဟုလည်း ခေါ်ဝေါ်ကြ၏။

## ဓာတ်ဌာနေ မွေးရပ်မြေစသည်

ဆူးတွင်းပစ်ဆရာတော်သည် စစ်ကိုင်းခရိုင် မင်းကွန်းဘုရားကြီး၏အနောက်ဖက် မိုင် ၂၀-အကွာရှိ သာစည်ရွာ၌ အသည်-[၁] သူကြွယ်နှင့် သူကြွယ်မတို့မှ သက္ကရာဇ် ၇၇၀-လောက်ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ကျောင်းအပ် အကြိမ်ကြိမ်ကျောင်းပြေး

ကျောင်းသားအရွယ်တွင် ဆရာတော်လောင်းလျာကို မိဖ-တို့က ပညာသင်စိမ့်သောငှာ ဘုန်းတော်ကြီးကျောင်းသို့ လိုက်အပ်ကြလေသည်။ သို့ရာတွင် သူငယ်ကား ကျောင်းပျင်းသဖြင့် ကျောင်းမှ ထွက်ပြေးကာ အိမ်သို့သာ ပြန်လာခဲ့လေသည်၊ နောက်တစ်ကြိမ်, နှစ်ကြိမ်စသည် ကျောင်းသို့ မိဖတို့ လိုက်ပို့အပ်နှံသော်လည်း အိမ်သို့သာ ပြန်လာခဲ့လေသည်။

သပုတ္တံ မာတာပိတရော၊
မောဒန္တာ တရုဏံ ယုဝံ။
နိယျာတယိံသု ဝိဟာရံ၊
သိပ္ပါနံ သိက္ခနာယတော။

## ဖခင်က ဆူးချုံပေါ်ပစ်ခဲ့

မိဖနှစ်ဦးတို့သည် မိမိသားငယ်ကို ကျောင်းသို့ အကြိမ်ကြိမ်အပ် အကြိမ်ကြိမ်ထွက်ပြေးသော်လည်း အလျှော့မပေးကြချေ။ "ပုတ္တော

---

၁။ အသည်-ကား ပေါရာဏစကားတည်း၊ အသည်-ဟူသည် ကုန်သည်ကိုခေါ်သည်။

သတ္တုရပဏ္ဏိတော”[၁]= ပညာမရှိသောသားသည် မိဖတို့၏ရန်သူသာ ဖြစ်ကြောင်း သဘောပေါက်သောဖခင်သည် နောက်တစ်ကြိမ်ကျောင်း-သို့ လိုက်ပို့ပြန်သည်၊ သည်တစ်ကြိမ်ကား ကျောင်းတွင်မနေရစ်တော့ပဲ ဖခင်နှင့်တစ်ပါတည်း ဖွတ်ပြန်လိုက်လာလေတော့သည်။ ဖခင်သည် ချော့လို့မရ၊ ချောက်လို့မနိုင်၊ စိတ်မရှည်နိုင်တော့သဖြင့် မိမိသားကို လမ်းဘေးရှိ ဆူးချုံပေါ်သို့ ပစ်တင်လိုက်လေသည်။ ယင်းသို့ ဆူးချုံပေါ် ပစ်တင်သည်ကိုစွဲ၍ နောက်ကျော်ကြားသော ဆရာတော်ဖြစ်သောအခါ ‘ဆူးချုံပစ်ဆရာတော်’ဟု တွင်လေသည်။ တနည်းလည်း ဆူးချုံအတွင်း ပစ်လိုက်သည်ကိုစွဲ၍ ဆူးချုံတွင်းပစ်, ဆူးတွင်းပစ်ဆရာတော်-ဟု ထင် ရှားလေသည်။

ပုန တံ ဇနကော ခညော၊
ဝိဟာရံ သော နိယျာတယိ။
တဒါပိ ပိတရာ သဒ္ဓိံ၊
အကာမာ စ ပစ္စာဂစ္ဆိ။

တဒါ သော ဇနကော ခိပိ၊
ဂုမ္ဗေ ကဏ္ဍကသဟိတော။
တေန တံ နာမကေနေဝ၊
ပသိဒ္ဓေါ မြန်မာ့ဘူတလေ။

---

၁။ ဟိတောပဒေသ။

## ပုဂံပြည်သွား ပညာသင်

သူငယ်သည် သည်တစ်ကြိမ်ကား အိမ်သို့ပြန်မလာတော့ပဲ ကျောင်းသို့ပြန်ကာ ပညာသင်ကြားခဲ့လေသည်၊ မိဖတို့ထံ တခါ-တခေါက်မှ မလာရောက်ပဲ တစတစစာပေသင်ကြား လွင့်ပါးလေရာ သာမဏေဘဝမှ ပဥ္စင်းအဖြစ်သို့ပင် ရောက်ရှိတော်မူခဲ့လေသည်၊ ပဥ္စင်း(ရဟန်း)ဘွဲ့မှာ အရှင်နာဂိတဖြစ်လေသည်။ တဖန် ပုဂံပြည်သို့ ရောက်ရှိ ပညာသင်ကြားခဲ့လေသည်။

## ပုဂံ၌ သင်ယူလေ့လာခဲ့သောကျမ်းဂန်များ

ပုဂံပြည်၌ ကစ္စည်းသဒ္ဒါကြီး၊ ၎င်း၏အဖွင့် ဉ္ဈာသ၊ သဒ္ဒနီတိ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ နေတ္တိပါဠိ၊ အဋ္ဌ-ကထာ-စသည်တို့နှင့် ပိဋကတ်ကျမ်းစာများကို သင်ယူလေ့လာတော်မူခဲ့လေသည်။ [၁] ယင်းသို့ သင်ယူတော်မူခဲ့သဖြင့် ကျမ်းဂန်အရပ်ရပ် အဆူဆူ၌ သရဖူဆောင်း တတ်မြောက်ခဲ့လေသည်။

ပတ္တာ ပုဂါမသေဋ္ဌံ သော၊
ဗဟူနံ ဗဟဝေါ သုဓီ။
ဂန္ထေ ပရိယာပုဏိတွာ၊
တေသု ဆေကော ဝိဒူ အဟု။

---

၁။ ဖော်ပြပါ သင်ယူခဲ့သောကျမ်းများကို ဆရာတော်ပြုစုခဲ့သော သဒ္ဒသာရတ္ထဇာလိနီ ကျမ်းလာ စကားများကို လေ့လာကြည့်ရှု၍ သိရလေသည်။

## ကျော်စောထင်ရှားခြင်း

အရှင်နာဂိတ၏ ကျမ်းဂန်နိုင်နင်းတတ်မြောက်မှု ဂုဏ်သတင်းသည် ပုဂံနန်းမြို့တော်အတွင်း သင်းပျံ့ကြိုင်လှိုင်ရုံမျှမက နိုင်ငံတော်အလုံးကို အုပ်ဖုံးကျော်ကြားလျက် ရှိလေပြီ၊ ထိုအခါ မိဖတို့သည်လည်း ကာလရှည်လျားသဖြင့် သေသည် ရှင်သည်မသိ၊ လွမ်းတမြော်ခေါ်-လျက် ရှိနေကြ၏၊ ပုဂံ၌ ပဉ္စင်းငယ်တစ်ပါး ကျမ်းဂန်တတ်မြောက်လှသည်ကို ကြားလေသော် ငါတို့သားပင်ဖြစ်မည်လော့-ဟု တွေးတောရှ်နေကြကုန်၏။

## ဖခင် သားပျောက်ရှာခြင်း

အရှင်နာဂိတကား ခရီးတိုင်တာဝေးကွာသည့် ပုဂံနေပြည်-တော်၌ မိမေ့ဖမေ့ ဆွေမျိုးမေ့ကာ ပညာသင်ကြားနေသော်လည်း မိဖတို့ကမူ မမေ့နိုင်ပဲ ရှိကြကုန်၏။ နေ့လဲသားစိတ်, ညလဲသားစိတ်, စားလဲသားစိတ်, သွားလဲသားစိတ်, အိပ်လဲသားစိတ်နှင့် ရှိနေရာ ပုဂံဦးပဉ္စင်းတစ်ပါး ပညာတတ်ကြောင်း ကြားသိရသဖြင့် မိမိတို့သားများဟုတ်လေနိုးနိုးနှင့် သွားလိုစိတ်တွေ ယိုဖိတ်နေသဖြင့် ဖခင်သည် ပုဂံသို့သွားရောက်ကာ သားပျောက်ရှာခဲ့လေသည်။

## ပျောက်သောသား တွေ့ပြီ

ဖခင်သည် ပုဂံနေပြည်တော်၌ တစ်ကျောင်းဆင်းတစ်ကျောင်းတက်နှင့် ပျောက်နေသောသားကို ရှာခဲ့လေသည်၊ နောက်ဆုံးကျောင်းတိုက်တစ်တိုက်တွင် ပျောက်သောသားကို တွေ့လေသည်၊ သားတော်ဦးပဉ္စင်းမှာ စာပေကို အပတ်တကုတ် အားထုတ်နေဆဲပင် ဖြစ်လေ

သည်၊ ဖခင်သည် သားဦးပဉ္ဇင်း ချမ်းချမ်းသာသာ စာပေကိုသင်ယူကြိုးပမ်းနိုင်ရန် ဆွမ်းဟင်းယာဂု ကြိုချက်ဆက်ကပ်ကာ လုပ်ကျွေးပြုစုခဲ့လေသည်။ ဆားပေါ့သည်, ဆားငန်သည်ဟူ၍ တလုံးတပါဒမျှ မပြောဆို၊ ဆားပေါ့လျှင် ရေငတ်ပြေသည်၊ ဆားငန်လျှင် အစာကျေသည်-ဟု ယောနိသောမနသိကာရဖြင့် စာပေကိုသာ အပတ်တကုတ် အားထုတ်သင်ယူတော်မူလေသည်။

ယဒိဒံ အလောဏံ သာဓု၊
သုန္ဒရံ အဓိကံ ဣတိ။
ယောနိသောမနသိကတွာ၊
ဂန္ထမေဝဘိယုဥ္ဇိ သော။

## ဆားပေါ့, ဆားငန်ပြောပြီ

တနေ့တွင် ပြုစုလုပ်ကျွေးသော ဖခင်ကို ယနေ့ဆားငန်သည်, ဆားပေါ့သည်-အစရှိသည်ဖြင့် ပြောဆိုလေသော် ဖခင်က "ဦးပဉ္ဇင်း ကိုယ်တော်ရှေးက ဤကဲ့သို့ ငန်သည်, ပေါ့သည်-ဟူ၍ မဆိုပဲ၊ ယခုမှ ငန်သည်, ပေါ့သည်-ဟုစသည်ဖြင့် အဘယ့်ကြောင့် ပြောဆိုသနည်း"ဟု မေးလေလျှင် သားဦးပဉ္ဇင်းက "ဖခင်ဒကာကြီး ယခင်က စာပေမကျေ, ယခုမှ စာပေကျေ၍ ကိုယ်လက်ဖြည့်တင်းလိုသဖြင့် ဆိုမိပေသည်-ဟု ပြောဆို အဖြေပေးလေ၏။

ထိုအခါ ဖခင်ဒကာကြီးက "ဦးပဉ္ဇင်း သည်လိုဆိုလျှင် ဇာတိချက်ကြွေ မွေးရပ်မြေဌာနီဖြစ်တဲ့ သာစည်ပြန်ကြပါစို့၊ ဦးပဉ္ဇင်းမိခင်ကလဲ မျှော်လှပြီ"ဟု လျှောက်ထားပြောဆိုကာ သားဦးပဉ္ဇင်းကိုပင့်၍ မွေးရပ်ဌာနီ သာစည်သို့ ပြန်လာကြလေ၏။

## ပင်းယမြို့ဝင်၏ ဘုရားပုထိုးရှိခိုး

ပင်းယမြို့ကား သာယာတင့်မော၏၊ ကျောင်း, ကန်, ဘုရား, စေတီ, ပုထိုးအမျိုးမျိုးတို့လည်း ပေါများကုန်၏၊ ရွှေစည်းခုံ, ရွှေကူကြီး စသည့်စေတီပုထိုးတို့ကား ဗုဒ္ဓဘာသာဝင်တို့ကို ဖိတ်ခေါ်သကဲ့သို့ ရှိနေ၏၊ ဥဇနာမင်းကောင်းမှုတော် စကားကျောင်းခုနစ်ကျောင်းတို့မှာလည်း ပျော်မွေ့ဖွယ်ကောင်းလှ၏၊ ထိုကြောင့် အရှင်နာဂိတနှင့် ဖခင်ကြီးတို့ သာစည်အပြန် ပင်းယမြို့သို့ ဘုရားပုထိုးဖူးမြင်အံ့သောငှာ ဝင်ရောက်ကြကုန်၏။

## ကျော်စွာကျောင်းတော်ကြီး

ထိုစဉ်က ပင်းယမြို့တော်၌ "သီရိတြိဘဝနာဒိတျပဝရမဓမ္မရာဇာ"ဘွဲ့ခံ လေးစီးရှင်ကျော်စွာငယ်ဘုရင် ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ ရောက်ချိန်ဖြစ်လေသည်၊ ပင်းယရွှေနန်းရှင် ဘုရင်ကျော်စွာငယ်သည် ရတနာသုံးပါး၌ လွန်စွာကြည်ညိုသည်၊ ဘုရားရှင်သာသနာတော်ကို စည်ပင်တိုးတက်အောင် ပြုလိုစိတ်ရှိ၏၊ လောကီ, လောကုတ် မယုတ်ကုံလုံ စွယ်စုံပညာတတ် ရဟန်းတော်တစ်ပါးကို မင်းဆရာအဖြစ်ထား၍ ကိုးကွယ်လိုရကား ပင်းယနန်းမြို့တော်၌ ဥဇနာမင်း၏ကောင်းမှုတော် စကားကျောင်းခုနစ်ကျောင်းထက် ကောင်းမြတ်ဆန်းကြယ်လှသော ကျောင်းကြီးကို ဆောက်လုပ်စေကာ မည်သည့်ပုဂ္ဂိုလ်ဟု မရည်ညွှန်း သတ်မှတ်တော်မမူပဲ 'ကျော်စွာကျောင်း'ဟု အမည်မှည့်ကာ "သီလ, သမာဓိနှင့်ပြည့်စုံသည့် ကျမ်းဂန်တတ်ရဟန်းတော်သည် ငါ၏ ကျော်စွာကျောင်းကို တက်နေပစေ"ဟုသာ စာကို ရေးထားစေသည်သာမက နိုင်ငံတော်အတွင်း၌လည်း သတင်းစကား ပျံ့နှံ့စေလေ၏။

သီလသမာဓိသံယုတ္တော၊
နာနာဂန္ထေသု ကောဝိဒေါ။
ယော စ ကျော်စွာအာရာမမှိ၊
ဒတ္တော ဝသတု သော ဣတိ။

## ကျော်စွာကျောင်းပေါ် တက်နေပြီ

အရှင်နာဂိတသည် ဖခင်နှင့်အတူ ပင်းယမြို့သို့ကြွလေသော် ဖော်ပြပါ ကျော်စွာတိုက်သို့ ရောက်ရှိလေ၏၊ မြို့သူမြို့သားတို့မှတဆင့် အထက်ပါသတင်းကိုလည်း သိ၏၊ ကျောင်းဝ၌ ဆွဲချိတ်ရေးထားသော "သီလ, သမာဓိနှင့်ပြည့်စုံသော ကျမ်းဂန်တတ်ရဟန်းတော်သည် ငါ၏ ကျော်စွာကျောင်းကို နေပစေ"ဟူသော စာကိုဖတ်ပြီး ကျောင်းပေါ်သို့ တက်၍ နေလေ၏၊ ကျောင်းတော်စောင့်တို့သည်လည်း တက်နေသည်ကို မြင်၍ မင်းအား သံတော်ဦးတင်ကြကုန်၏။

## မေးသမျှပြဿနာတွေ ဖြေဆိုပြီ

လေးစီးရှင်ကျော်စွာ၌ တိုင်းရေးပြည်ရာကိုစီရင်သော ပညာရှိ အမတ်ကြီးတစ်ယောက်ရှိ၏၊ ၎င်းကား အဘိဓာန်ဋီကာစသည့်ကျမ်းဂန်ပြု မာဂဓ, သက္ကတကျမ်းတတ်စွယ်စုံ ပညာကုံလုံသည့် စတုရင်္ဂဗလ အမတ်ကြီး [၁] ပေတည်း၊ လေးစီးရှင်ကျော်စွာသည် ဖော်ပြပါ စတုရင်္ဂဗလအမတ်ကြီးကို စုံစမ်းရန် စေလွှတ်တော်မူလေ၏။ စတုရင်္ဂဗလ အမတ်ကြီးသည် ပုဂံမှလာသဖြင့် ပုဂံဆရာတော်ဟုလည်း အခေါ်-

---

၁။ ပညာရှိ စတုရင်္ဂဗလအမတ်လည်းကြည့်။

အဝေါ်ရှိသော အရှင်နာဂိတအား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာခဲကပ် ဒုန္နယတ်ဖြစ်သောအရာတို့ကို မေးမြန်းလေ၏၊ အရှင်နာဂိတကလည်း 'ဓားကောင်းရှသကဲ့သို့လည်းကောင်း၊ မိုးဝကောင်းကင် သိန္ဓောနှင်သကဲ့သို့လည်းကောင်း၊ ရေကရားမှ ရေလွှတ်သကဲ့သို့လည်းကောင်း' နှုတ်က တွတ်တွတ် ရွတ်ဆိုဖြေကြားလေသည် ၁။

စတုရင်္ဂဗလနာမော၊
မဟာမစ္စောဘိပုစ္ဆယိ။
ပုဋ္ဌံ ပုဋ္ဌံ ဝိယာကာသိ၊
နာဂိတော နာဂသန္နိဘော။

## ကျောင်းတင်လှူကိုးကွယ်

ပညာရှိ စတုရင်္ဂဗလအမတ်ကြီးသည် လေးစီးရှင်ကျော်စွာမင်းထံ "ဘုန်းတော်ကြီး နရသေနင်း ဘုရင်မင်းမြတ်ဘုရား. . . ဘုရင်မင်းတရား၏ ကျော်စွာကျောင်းပေါ်၌ တက်ရောက်သီတင်းသုံးသော ရဟန်းတော်ကား သီလ, သမာဓိရှိပြီး သမထ, သမထန္တရ လောက်ငှကုံလုံ စွယ်စုံပေါက်ရောက် ပညာတတ်မြောက်သောပုဂ္ဂိုလ်အစစ် ဖြစ်ပါကြောင်းပါဘုရား"ဟု သံတော်ဦးတင်လေ၏။ ယင်းသို့ သံတော်ဦးတင်ချက်အရ လေးစီးရှင်ကျော်စွာသည် အရှင်နာဂိတမထေရ်အား ကျော်စွာကျောင်းလွှတ်သဘင် စီရင်ကျင်းပကာ–

---

၁။ စတုရင်္ဂဗလအမတ်ကြီးက အဗ္ဘိဓမ္မတ္ထဝိဘာဝနီကာဗာဟိရေသု ပုစ္ဆာမေးလျှင် 'ဆဆ'ဟု အရှင်နာဂိတက ဖြေဆိုကြောင်းလည်း အဆိုရှိ၏။

ဣမာဟံ ဝိဟာရံ ဘန္တေ၊
သုဝိသာလံ မနောရမံ။
ဩဏောဇေမိ ဘဒ္ဒန္တဿ၊
ပဋိဂ္ဂဏှ ကဝိဿရ။

"အရှင်ဘုရား. . . ကျယ်ဝန်းတင့်တယ် မွေ့လျော်ဖွယ်ကောင်းလှသော ဤကျော်စွာကျောင်းကြီးကို အရှင်ဘုရားအား စွန့်လှူပါ၏၊ ပညာရှိခေါင်ဖူး ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော အရှင်ဘုရား၊ အရှင်ဘုရားသည် ဤကျောင်းကြီးကို အလှူခံတော်မူပါ"ဟု မြွက်ဆိုကာ ရေစက်ချလှူဒါန်းလေသည်။

## စတုရင်္ဂဗလ ရံခါပြဿနာမေး

စတုရင်္ဂဗလအမတ်ကြီးသည် ရံဖန်ရံခါ ကျော်စွာကျောင်းကြီးဆရာတော် 'ဆူးတွင်းပစ်ဆရာတော်'ဟု ထင်ရှားလှသော အရှင်နာဂိတထံ ပြဿနာအရပ်ရပ်ကို မေးမြန်းလေ့ရှိ၏၊ တခါက အဘိဓမ္မာနှင့်စပ်၍ မရှင်းမလင်းရှိသည်များကို အောက်ပါအမေးရတုဖြင့် မေးကြောင်းသိရှိရလေသည်။

## စတုရင်္ဂဗလအမတ်အမေး ရတုသုံးပုဒ်

**ရွှေဘဝါးတော်အောက်** ကျွန်၏လျှောက်ဖြင့် မလျှောက်ဝံ့ဝံ့ လျှောက်ဝံ့ဝံ့တည့် ကြောက်ရွံ့လျက်ပင် စက်ရွှေစင်ကို ထိပ်ပြင်ပန်းနှယ် ဆင်စံပယ်လျက် နိကာယ်လုံးစုံ ကျမ်းသုံးပုံဝယ် အာရုံညွတ်ညွတ် ပရမတ်ကို အထွတ်ဘုန်းခိုင် သိမြင်နိုင်က ကျော်လှိုင်ပေါက်ပြ ကြည့်လကလျှင် ဘဝသုံးမည်

လူနတ်ပြည်၌ မည်သည့်ကုသိုလ် နှိုင်းဆိုမတန် နိဗ္ဗာန်လက်လှမ်း နန်းပွင့်ငြမ်းသည် **ရွှင်ဝမ်းမြောက်တော်မူစေသော။**

**မင်းဧတရား** ကျင့်ဆယ်ပါးနှင့် မမှားအယူ နတ်လူ-ပူဇော် မင်းရဲကျော်ဝယ် ကျွန်တော်ရင်းစစ် အပြစ်ရှေးဦး ပါခဲ့ဘူးသား ကျေးဇူးလိုက်လာ မရဏာသန် ဇောင်းတန်လျှင် လွန်၍ခုနစ် အဖြစ်သဘော မဇောလေကောင်း ဇောလေ ကောင်းတည်း အကြောင်းထွေငေါ် တနည်းသော်မှ နိရော် အထွတ် သမာပတ်ကို လူနတ်ဖြဟ္မာ ဝင်သောခါ၌ ချမ်းသာ ငြိမ်းမျှ စံစားကြသား နေဝသညာ နာသညာယတနနှောင်း ရကောင်းဘဝင် ဖိုလ်နှင့်ပင်တည့် သို့စင်ဟူရွေ့ အယူမသိ ဝိစိကိစ္ဆာ ထွန်းသက်ာကို ဉာဏ်ဝါလင်းပြောင် ထွတ်ဘုန်း ခေါင်သည် **ပျောက်အောင်ဖျောက်တော်မူစေသော။**

**နာမ်နှင့်ရုပ်ကို** ပေါင်းချုပ်ကြွင်းမဲ့ သချာဖွဲ့သော် တဆဲ့-လေးကိစ္စ ဆယ်ဌာနဖြင့် ဒွါရခြောက်ထပ် ခြောက်ရပ်အာရုံ ခြောက်စုံဝိညာဉ် ခြောက်စဉ်ဝီထိ ဂတိငါးဖြာ ရုပ်လေးမြွာနှင့် ခန္ဓာ,အာယတန,ဓာတ် ဥပါဒ်,ဌီ,ဘင် ဘဝင်ဇောစိတ် နိမိတ် မက္ခာ တဒါရမ္မဏ အရထိုထို ပုဂ္ဂိုလ်အပြား ဝါကရားနှင့် ဘုရားမြတ်မွန် နိဗ္ဗာန်ယူနီး မြေကြီးမိုးပြင် ဘယ်လျှင်အာရုံ ပြုတုံသနည်း ရိုက်ပြီးကျော်ဟိုး နန်းပွင့်ရိုးသည် **ဖြေရိုး-ကောက်တော်မူစေသော။**

ဤကား ပညာရှိ စတုရင်္ဂဗလအမတ်ကြီး၏ အမေးရတု သုံးပုဒ်တည်း။ ပုဂံဆရာတော်-ဟုလည်း ခေါ်တွင်သော ဆူးတွင်းပစ် ဆရာတော် အရှင်နာဂိတသည် ပညာရှိ စတုရင်္ဂဗလအမတ်ကြီးက

ရတုသုံးပုဒ်ဖြင့် မေးလျှောက်သည်ကို အောက်ပါရတုသုံးပုဒ်ဖြင့်ပင် ပြန်လည်ဖြေကြားတော်မူလေသည်။

## အရှင်နာဂိတ၏ အဖြေရတုသုံးပုဒ်

**အထွေထွေ** မေးတိုင်းဖြေအံ့ ပရမေဘုန်းခေါင် ငါးမာရ်အောင်၏ များမြောင်သံကျော် နှုတ်နက်တော်ကို ရေသော်အံ့ဖွယ် မိုးထက်ကြယ်သို့ နိကာယ်ငါးအင် အင်္ဂါကိုးတန် ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင် ကျမ်းကုန်အောင်ကို များမြောင်စေ့ရေ မတွေ့လေလည်း ကြံထွေအစွမ်း သင်ရိုးကျမ်းဖြင့် စူးစမ်းဆင်ခြင် ဉာဏ်ဝင်သောလျှောက် ပါဠိ-ထောက်အာဂုမ် လာတုံမဖောက် ဖြေရိုးကောက်အံ့ ထွက်-မြောက်ဘဂဝါ ရဟန္တာသာမန် ဇောဟန်မပျက် ခုနစ်ချက်တည့် အသက်ဆုံးစွန် နိဗ္ဗာန်ခန္ဓာ ငြိမ်းသောခါ၌ အနိစ္စာဒုက္ခ အနတ္တသဘော အာရုံဇောဟု စစ်ကြောကျမ်းဂန် ပြရိုးညွှန်သည် **အမှန်မှတ်နေရာတမုန်**။

**နိရောဓအထွတ်** သမာပတ်ကို လူနတ်ပြဟ္မာ ကိုးရာလည်းထား ဘုရားမြတ်စွာ ဝင်သောခါ၌ ချမ်းသာငြိမ်းမြနေဝသညာ နာသညာနှောင်း ရကောင်းသည်ကို အမှန်ဆိုပိမ့် ဖိုလ်ကားတချက် ဘဝင်တက်မှု နှစ်ရက်ဖြင့်သာ အာ-ဝဇ္ဇနာထက်ကောင်း အကြောင်းဆိုသော် ဝသီဘော်ကြောင့် မြတ်ကျော်ဘုရား လျင်လျားမဆိုင်း ပိုင်းပိုင်းဖြတ်၍ မပြတ်ပစ္စဝေက္ခဏာ သမာပတ္တိ ဝီထိများစွာ ဇောတိဖြာလျက် ဉာဏ်ဝါသံဘိတ် စိတ်ကိုဟူက စိုးမိုးရ၍ ကာလကြာတင်

ဘဝင်ထွေထွေ မကျပေတည်း တထွေလျှင်ပါ ပစ္စေကာဗုဒ္ဓ သာဝကအား ခြားတုံးသုံးချက် ဘဝင်တက်မူ တက်အံ့မနော ဝီထိဇောတည်း **သဘောမှန်ပေစွာတမုန့်**။

**အံ့ခြီးကြား၍** တရားသံဝေ ရကုန်စေလော့ မြူတေ ထွန်းဝင်း သုံ့လူ့မင်းမူ သံညင်မြားယောင်း တရားမောင်းဖြင့် တသောင်းစကြဝဠာ တိုက်များမှာက လာတုံလူနတ် ပရိသတ် ကို ချေချွတ်ဆောင်ဆောင် မဂ္ဂင်ဘောင်ဖြင့် ရောက်အောင် နိဗ္ဗာန် ပို့ခဲ့ညွှန်မှ မလွန်ငါ့သာ အနိစ္စာကို ကုသိနာရုံ အင်ကြင်းစုံ၌ ဝင်တုံများထွေ ကုဋေထက်ဝန်း သုံးသန်း- ခြောက်သိန်း စက်မွေ့ကိန်းသော် ရှုမိန်းသမာပတ် ဝင်စ မှတ်တည်း လူနတ်ပြဟ္မာ အာကာမိုးပြင် ကောင်းကင်မဆံ့ ပူဇော်အံ့လျက် အလှံ့ရံပတ် တို့စောထွတ်လျှင် မချွတ်နိဗ္ဗာန် ဝင်သောခါ၌ အနိစ္စာဒုက္ခ အနတ္တသာ ဈာန်အင်္ဂါကို ပစ္စ- ဝေက္ခဏာသဘော လျှင်ငါးဇောမူ တိတ်တောအောင်ထွန် မစ္စုမာရ်ကို လွန်ခဲ့ကျော်ဘိ စုတိတော်စိတ် အတိတ်နှင်နှင် သုံးပါးတွင်မူ ထင်၏တစိတ် ဂတိနိမိတ် တိဟိတ်ပဋိသန္ဓေ ယူနေသောခါ တုသိတာမှ ပဉ္စာလောကန ကြည့်ပြီးမှလျှင် ဘဝပြောင်းလှာ ဤကြောင်းခြာကို ပညာရှိတွေ ကြံမိစေ လော့ သန္ဓေဘဝင် သုံးအင်စုတိ တူဘိအာရုံ ပြုတုံမချွတ် ပရမတ်လည်း **ဟောမှတ်ကေန်သာတမုန့်**။ [၁]

---

၁။ ဖော်ပြပါ စတုရင်္ဂဗလအမတ်ကြီး၏ အမေးရတုသုံးပုဒ်နှင့် အရှင်နာဂိတ ပုဂံ- ဆူးတွင်းပစ်ဆရာတော်၏ အဖြေရတုသုံးပုဒ်ကိုထောက်၍ ရတုအရေးအသား တိုးတက်လာကြောင်းကိုလည်း သိနိုင်လေသည်။

ဤကား အရှင်နာဂိတထေရ်၏ အဖြေရတုသုံးပုဒ်တည်း၊ အရှင်နာဂိတမဟာထေရ်ကား အရှင်နာဂသိန်အလား ပညာကြီးမား၍ စတုရင်္ဂဗလအမတ်ကြီးကား မိလိန္ဒမင်းကြီးသဖွယ် ပညာကြွယ်လှပေ၏။

နာဂိတော ယတိသေဋ္ဌော ဟိ၊
နာဂသေနသမူပမော။
စတုရင်္ဂအမစ္စောပိ၊
မိလိန္ဒဘူပတိသမော။

## စာပေပို့ချ သာသနာပြု

ဆရာတော်အရှင်နာဂိတသည် ဘုရင်မင်းမြတ်နှင့် စတုရင်္ဂဗလအမတ်ကြီးစသော ပုဂ္ဂိုလ်တို့၏ မေးသည့်ပြဿနာကို ဖြေခြင်း, ကိစ္စများအပြင် တပည့်တပန်း ရဟန်း,သာမဏေတို့ကို စာပေချပို့တော်မူခဲ့လေသည်။ ရဟန်း,သာမဏေများစွာတို့ အရှင်နာဂိတမဟာထေရ်ထံ ပညာရင်နို့ သောက်စို့ကြကုန်၏။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်အရှင်နာဂိတသည် ကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့ကား-

၁။ သဒ္ဒသာရတ္ထဇာလိနီပါဌ်

၂။ စတုရင်္ဂဗလအမတ်ကြီးအမေး၏ အဖြေရတုပိုဒ်စုံ ၃-ပုဒ်-စသည်တို့ ဖြစ်ကုန်၏။

## သဒ္ဒသာရတ္ထဇာလိနီပါဌ်

အရှင်နာဂိတ၏ ကျမ်းစာများမှာ ဖော်ပြပါ ၂-မျိုးသာ ရှာဖွေတွေ့ရှိသော်လည်း အခြားကျမ်းဂန်များစွာတို့လည်း ရှိလိမ့်မည်ဟု မှန်းဆမိပေ၏၊ ယင်းကျမ်းများအနက် သဒ္ဒသာရတ္ထဇာလိနီပါဌ်မှာ လွန်စွာမှ အရေးအသားကောင်းမွန်သော ဂန္ထဝင်မြောက် (ပဇ္ဇမယ) ဂါထာဖြင့်ချည်း ပြီးသောကျမ်းဂန်ဖြစ်လေသည်။ ဆရာတော်သည် ကျမ်းဦး၌-

နမဿိတ္វာန သမ္ဗုဒ္ဓံ၊
သဒ္ဒသာရတ္ထပါရဂုံ။
ဓမ္မံ သာရတ္ထသမ္ဘူတံ၊
ဂဏဉ္စ ဒွယဓာရဏံ။

ပုဗ္ဗာစရိယသီဟာနံ၊
နယံ နိဿာယ သာဓုကံ။
ဝက္ခာမိ သဒ္ဒသာရတ္ထ-
ဇာလိနိံ မတိဝဍ္ဎနံ။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, ကျမ်း၏မှီရာ, ကျမ်း၏ အမည်, ပဋိညာဉ်စသည်တို့ကို ပြတော်မူခဲ့လေသည်။

## အကြောင်းအရာစုံလင်စွာပါဝင်

သဒ္ဒသာရတ္ထဇာလိနီကျမ်း၌ အဆုံးအဖြတ်, အကြောင်းအရာ များစွာပါဝင်လေသည်၊ သဒ္ဒပဒတ္ထက, အတ္ထပဒတ္ထကအဆုံးအဖြတ်, ဝါစက, လက္ခဏိက, ဗျဉ္ဇက-ဟူသော သဒ္ဒါ ၃-ပါးအကြောင်း, မုချသဒ္ဒါ

ဥပစာသဒ္ဒါအကြောင်း, ပေယျာလလေးမျိုး, အဓိပ္ပါယ်, ဥလ္လိင်္ဂစသော နည်းများ အဓိပ္ပါယ်, ကေတ္တစသောနေတ္တိနည်းများအကြောင်း, ကြိယာဝိသေသနအမျိုးအစား, နီတတ္ထ, နေယျတ္ထနည်းအဓိပ္ပါယ်, သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်ဆိုင်ရာအဆုံးအဖြတ်တို့ စုံလင်အောင်ပါရှိသည့်အပြင်, အနက်ယောဇနာပုံ နည်းမျိုးစုံတို့ကိုလည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ချဉ်းနင်းနိုင်လောက်အောင် ဖော်ပြထားလေသည်။ ဗျာကရုဏ်းကျမ်းနိုင်နင်း၍ ပိဋကတ်ကို ရဲရဲဝံ့ဝံ့ ချဉ်းနင်းလိုသူတို့ ဤသဒ္ဒသာရတ္ထဇာလိနီကျမ်းကို မလွတ်တန်း လေ့-လာကြည့်ရှုသင့်ပေသည်၊ ဖော်ပြပါ သဒ္ဒသာရတ္ထဇာလိနီကျမ်း၌ ဂါထာ ပေါင်း ၅၁၆-ဂါထာပါဝင်လေသည်။ ကျမ်းစာအဆုံးနိဂုံး၌-

ပံယာဘိချာတေ နဂရေ ဝိသာလေ၊
ဂန္ထေသုသာရာဘိမတံ ဂဟေတွာ။
ယာ ဘာသိတာ သာ နိဘယာ သမတ္ထာ။
သဗ္ဗေပိ သတ္တာ နိဘယာ ဘဝန္တု။

ဟူသောဂါထာဖြင့် ကျယ်ပြောသော (ပြန့်ပြောသောဥစ္စာရှိသူတို့ နေထိုင်ရာဌာနမွန်ဖြစ်သော) ပန်းယ (ပင်းယ)မြို့တော်၌ ကျမ်းဂန်တို့၌ လွန်စွာလိုအပ်သော အဆုံးအဖြတ်ကိုယူ၍ ရေးသားပြဆိုအပ်သော သဒ္ဒသာရတ္ထဇာလိနီကျမ်း ဘေးဘျမ်းမခပဲ ပြီးမြောက်သကဲ့သို့ သတ္တဝါတို့လည်း ဘေးမရှိကုန် ရန်မခပါစေသတည်း-ဟု အရှင်နာဂိတက သူတပါးအတွက် တောင့်တခဲ့လေသည်။

ဝဍ္ဎေသု ဝတ္တံ တိဘဝေသု ဝုယှံ၊
ရောဂါဒိဝဍ္ဎံ ဝိဟတော ဘဝေယျံ။
ဖုသာမိ ဗုဒ္ဓံ အရိမေတ္တေယျသဉ်၊
ဒါနဥ္စ ဒတွာ ပိဋကံ ခရေယျံ။

ဟူသောဂါထာဖြင့် "သံသာရာဝဋ္ဋဘဝတို့၌ မျောနစ်ရပါမူ ရောဂါအမျိုး-မျိုးကို ပယ်ချိုးဖျက်ဆီးနိုင်သူ ဖြစ်ရလို၏၊ အရိမေတ္တေယျရှင်တော်မြတ်ဘုရားကို ဖူးရပါလို၏၊ အလှူဒါနကို ပေးလှူပြီးလျှင် ပိဋကတ်သုံးပုံကိုဆောင်နိုင်ရလို၏"ဟူ၍ မိမိအတွက် တောင်းဆုချွေတော်မူခဲ့လေသည်။

သီဟိုဠ်ကျွန်း မဟာကဝိ အရှင်ဝိမလထေရ်ပြုစုသော သာ-သနဝံသဒီပကျမ်း၌လည်း—

နာဂိတတ္ထေရပါဒေန၊
တမ္ဗဒီပေ နိဝါသိနာ။
ရစိတာ ကဝိမိတ္တေန၊
သဒ္ဒသာရတ္ထဇာလိနီ။

ဟူသောဂါထာဖြင့် မှတ်တမ်းပြုခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်ခြင်း

ဆူးတွင်းပစ်ဆရာတော်, ဆူးချုပစ်ဆရာတော်, ပုဂံဆရာတော်, ကျော်စွာကျောင်းဆရာတော်-ဟူ၍ ထင်ရှားသော ဆရာတော်အရှင်နာဂိတသည် စာပေချပို့ခြင်း, ကျမ်းစာရေးသားခြင်းစသည်တို့ဖြင့် ရှင်ပင်မြတ်စွာ သာသနာကို ချီးမြှောက်တော်မူဆဲတွင် နတ်ပွဲသဘင်ဝင်တော်မူခဲ့လေသည်။

ဘဒ္ဒန္တနာဂိတော ထေရော၊
ပင်းယဝံသောဘိပါကဋော။
ကိစ္စေ သော ဗဟုဝေါ ကတွာ၊
ပယာတော တိဒသာလယံ။

## ဓမ္မသေနာပတိ အရှင်အရိယဝံသမဟာထေရ်

အရှင်အရိယဝံသထေရ်ကား ပိဋကတ်သုံးပုံနှင့် ဗျာကရုဏ်းကျမ်း အလုံးစုံကို အကုန်မွှေနှောက် ချဉ်းနင်းတတ်မြောက်တော်မူသည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်မြတ်ပါတည်း။

ပင်းယနယ်ဇာတိလည်းဖြစ် ပင်းယမြို့တော် စကားကျောင်းများ၌ ပညာသင်ကြားခဲ့သည့်ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ရကား အရှင်အရိယဝံသ၏ ဖြစ်စဉ်ဖြစ်ရပ် အဌုပ္ပတ်ကို ပင်းယသာသနာဝင်ကျမ်း၌ လေ့လာသိရှိသမျှ ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

## ဇာတိဌာနေ မွေးရပ်မြေ

ဆရာတော်အရှင်အရိယဝံသသည် ဝိဇယပုရမည်သောပင်းယမြို့တောင်ဖက် စကားအင်းရွာ၌ သက္ကရာဇ် ၈၂၀-ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်ရွယ်စဉ်ကမှစ၍ ပင်းယမြို့တော် စကားအင်းကျောင်းဆရာတော်များထံ ရောက်ရှိ၍ သာမဏေဝတ် ပညာသင်ကြားတော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ဉာဏ်လွှန်စွာထက်မြက်

ဆရာတော်လောင်းလျာ၏ ဉာဏ်ရည်ဉာဏ်သွားမှာ ဝဇိရစိန်ပမာ မြမြထက်လှ၏၊ ပင်းယစကားကျောင်းကပင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို သင်ကြား၍ မိန်းမကိုယ်ဝန်ဆောင်တရွက်ခန့် ရွက်ဆောင်နိုင်လောက်အောင် နှုတ်တက်အာဂုံဆောင်စွမ်းနိုင်သည်ဟု သိရ၏။

ထေရက်ိုရသ ဉာဏံ စ၊
အတီဝ တိက္ခဏံ ဘဝိ။
ကောဂတ္တိနိယာ ဘာရ-
မတ္တံ ဝါစုဂ္ဂတံ ကရိ။

## နည်းနာခံမည်ဟု စစ်ကိုင်းကြွ

သို့ရာတွင် စာပေတတ်မြောက်သည်ဆိုသည့်သဘောကို မသိ-ပဲရှိသဖြင့် စစ်ကိုင်းအရပ်ဝယ် ကျမ်းဂန်တတ်မြောက်သည့် ဆရာများထံ နည်းခံမည်ဟု စစ်ကိုင်းသို့ ကူးကြွတော်မူလေသည်။ ထိုအခါ စစ်ကိုင်းတောင်ရိုး ပုညရှင်စေတီတော်မြောက်ဖက် ကျမ်းဂန်လွန်စွာတတ်မြောက်သော ရေငုံဆရာတော်ဟုထင်ရှားသော ဆရာတော်တစ်ပါးရှိလေ၏၊ ဝိနယဂရုက, သိက္ခာကာမဂုဏ်နှင့်လည်း ပြည့်စုံ၏၊ စကားမှားများပြောမိမည်စိုး၍ ရေကို ငုံ၍သာနေလေ့ရှိသောကြောင့် ရေငုံဆရာတော်ဟု တွင်လေသည်။

မုခေါဒကံ ဌပေတွာန၊
သပ္ပညော ထေရကုဥ္စရော။
ပါယသော ဝသတိ တေန၊
ရေငုံဆရာတော်တိ ဇာယတိ။

## ရေငုံဆရာတော်ထံချဉ်းကပ် စာဝါတောင်း

အရှင်အရိယဝံသသည် ဖော်ပြပါ ရေငုံဆရာတော်ထံ စာဝါတောင်းမည်ဟု ရောက်ရှိခဲ့လေသည်၊ သို့ရာတွင် ၂-ရက်တိုင်တိုင် စကားမပြောရချေ၊ ဝတ်ဖြည့်၍သာ ပြန်ခဲ့ရလေသည်၊ ၃-ရက်မြောက်

သောနေ့တွင် သားရေနယ်ကို ခေါက်သည်တွင်မှ အသံကြားရ၍ ရေကိုထွေးပြီးလျှင် မေးမြန်းသဖြင့် စာဝါလျှောက်ထားလိုသောကြောင့် လာပါသည်-ဟုဆိုလေသော် သင်ကြားလေ့ကျက်ဘူးသော ကျမ်းဂန်များကို မေးလေရာ "တပည့်တော် သင်ရိုးပိဋကတ်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ သင်ယူဘူးပါကြောင်း" သို့ရာတွင် စာတတ်သည် ဆိုသည်ကို နားမလည်သေး၍ ဆရာတော်ထံလာရောက်၍ စာဝါ တောင်းလျှောက်ရပါသည်"ဟု လျှောက်ထားလေလျှင် "ဦးပဥ္စင်း ငါ့မှာ တနေ့ ၃-ဝါပို့ချရသည်၊ မွန်းတိမ်းလျှင် ပုညရှင်စေတီသို့တက်၍ စေတီ ရင်ပြင် တံမြက်စည်းလှည်းရပေ၏၊ အားလပ်ချိန်ဟူ၍ မရှိပါ၊ သို့ရာ-တွင် တံမြက်စည်းဝတ် ပျက်ပေစေဦး၊ ဦးပဥ္စင်းစာတတ်အောင် လုပ် ပေးရဦးမှာပေါ့"ဟု မိန့်တော်မူကာ လက်သန်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော လက်သန်းဋီကာခေါ်သည့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို သင်ယူရမည်ဟု မိန့်တော်မူကာ စာဝါပေးသနားတော်မူလေသည်။

ရေငုံဝှထေရသေဋ္ဌော သော၊
အရိယဝံသနာမကံ။
သံဝဏ္ဏနံ သင်္ဂဟဿ၊
ကထာပေသိ သုဗုဒ္ဓိယာ။

## ၃-ရက်တက်ပြီး စာတက်မလာ

ရေငုံဆရာတော်သည် ပင်းယဘုန်းကြီး အရှင်အရိယဝံသ အား နည်းနာနယစုံလင်စွာဖြင့် ချပို့သင်ပြပေးတော်မူလေသည်၊ ဝါကျ-သွား ဝါကျလာအမျိုးမျိုး၊ အနုသန္ဓေအထွေထွေ၊ ကျမ်းရိုးအသွယ်သွယ်၊ အဓိပ္ပါယ်အဖြာဖြာမှစ၍ သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း၊

နေတ္တိနည်း, ပဋ္ဌာန်းနည်းတို့မှစ၍ နည်းစုံကျင်း၍ ချပို့တော်မူလေသည်၊ ရှင်းရှင်းဆိုရမူ စာတတ်သည်ဆိုသည်ကို နားလည်သဘောပေါက်အောင် ချပို့ပေးတော်မူလေသည်၊ အရှင်အရိယဝံသသည် ၃-ရက်မြောက်သင် ကြားပြီးနောက် စာတတ်ပြီဆိုသည်ကို သိသဖြင့် စာပေများကို ကြည့်ရှု သုံးသပ်၍ ရေငုံဆရာတော်ထံ စာတက်ရန် ၃-ရက်ခန့်မလာပဲ ရှိလေ ၏။

နာနာနယေဟိ မဏ္ဍေတွာ၊
ကထေသိ ကထိတော မဟာ။
ဝါစယိတွာနာရိယဝံသံ၊
အဇာနိ ပဏ္ဍိတံ ဗုဓံ။ [၁]

၃-ရက်ခန့်ကြာပြီးနောက် အရှင်အရိယဝံသသည် ဆရာဖြစ်သော ရေငုံဆရာတော်ထံ စာတတ်သည်၏အဖြစ်ကိုသိ၍ မလာ-ကြောင်း လျှောက်ထားရန်အလာ ရေငုံဆရာတော်ကလည်း ပင်းယ ဘုန်းကြီး စာတက်မလာ နေမကောင်း၍လား ပုညရှင်စေတီအရှေ့-မြောက် မန်ကျည်းပင်တောတွင် တည်းကျောင်းဆောက်နေသည်ဟု ဆိုသည် သွား၍မေးမြန်းကြချေ-ဟု စာသင်တပည့်တို့ကို စေလွှတ် တော်မူရာ ၎င်းတို့ထံအသွား လမ်းကြားတွင် ဆုံမိကြ၍ အတူလိုက်လာ ပြီး ရေငုံဆရာတော်အား "ဆရာတော်ဘုရား ဆရာတော်သင်ပြပေး သော နည်းကိုမှီး၍ စာတတ်သည်ဆိုသည်ကို သိပါပြီ၊ သို့ဖြစ်၍ တပည့်တော် ၃-ရက်ခန့် စာတက်မလာပဲရှိပါသည်၊ တပည့်တော်အား စာချဘို့ ကျေနပ်တော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

---

၁။ ပဏ္ဍိတံ ဗုဓံ-တို့ကား ပဏ္ဍိတဘာဝံ, ဗုဓဘာဝံ-ဟု ဆိုလိုရင်းဖြစ်ကုန်၏။

## ကျေးဇူးဆပ် ကျမ်းပြုရမည်

ထိုအခါ ရေငုံဆရာတော်က "ငါ့ရှင် သည်လိုဆိုလျှင် ငါ့ကို ကျေးဇူးဆပ်သည့်အနေနဲ့ အနက်သဒ္ဒါနှင့်ပြည့်စုံတဲ့ ငါ့ရှင်သင်ယူတဲ့ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကြီး၏ အဖွင့်သံဝဏ္ဏနာဋီကာကျမ်းကြီး တစ်ဆောင်ကို ပြုစုပါလော့"ဟု မိန့်ဆိုတိုက်တွန်းတော်မူလေသည်၊ ထိုသို့ဖြစ်ကြောင်း–

အဘိဓမ္မတ္ထသင်္ဂဟ-ဝဏ္ဏနာ ဝဏ္ဏနာ သုဘာ။
သုဝိနိစ္ဆိတလီနတ္ထာ၊ ကယျတေ ကယျတေ ဂရု။

ဟူသောဂါထာဖြင့် မဏိသာရမဉ္ဇူသာဋီကာ ဂန္ထာရမ္ဘ၌ ဖော်ပြတော်မူခဲ့လေသည်။

## ပြုစုတော်မူသော ကျမ်းစာများ

အရှင်အရိယဝံသ ပြုစုတော်မူသောကျမ်းစာများကို သိသမျှ ဖော်ပြရသော်–

၁။ မဏိသာရမဉ္ဇူသာဋီကာ
၂။ မဏိဒီပဋီကာ
၃။ ဂန္ထာဘရဏပါဌ်
၄။ ဇာတကဝိသောဓနပါဌ်
၅။ အနုဋီကာမဟာနိဿျ-စသည်တို့ ဖြစ်ကုန်၏။

## မဏိသာရမဉ္ဇူသာဋီကာ

အရှင်အရိယဝံသသည် ဆရာသခင်ရေငုံဆရာတော်အရှင်မြတ် မိန့်တော်မူချက်ကို ဦးထိပ်ရွက်ပန်ဆင်ကာ စစ်ကိုင်းတောင်ရိုး ခမ္ဘီကချောင်၌နေစဉ် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်း၏ အဖွင့်သံဝဏ္ဏနာဋီကာ [၁] ကို "မဏိသာရမဉ္ဇူသာဋီကာ"အမည်ဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းဋီကာသည် မြန်မာပြည်၌ လွန်စွာခေတ်စားလေသည်၊ ကျမ်းစာပေါ်ပေါက်ချိန်မှစ၍ ယခုတိုင် စာချ, စာသင်, စာပြင်တို့ လက်ကိုင်ပြုရသော ဟတ္ထပေါတ္ထက, ဟတ္ထဂန္ထ, ဟတ္ထပကရဏ ကျမ်းကြီးဖြစ်လေသည်။ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်က ၁၃၂၅-ခုနှစ်က ပြင်ဆင်ရိုက်နှိပ်ခဲ့ရာ ပဌမတွဲ, ဒုတိယတွဲအားဖြင့် ၂-တွဲရှိလေသည်၊ ပဌမတွဲစာမျက်နှာ ၅၁၂၊ ဒုတိယတွဲစာမျက်နှာ ၅၈၃၊ နှစ်အုပ်ပေါင်းစာမျက်နှာ ၁၀၉၅-ရှိ ဂန္ထဝင်မြောက် ကျမ်းစာကြီးဖြစ်လေသည်၊ ကျမ်းဦး၌-

သန္တာ သန္တာပိ မိ ယဿ၊
နန္တာနန္တာဝလမ္ဗတော။
ဒယာ ဒယာပိ တံ ဗုဒ္ဓံ၊
သုတံ သုတံဘိဝန္ဒိယ။

၁။ အဘိဓမ္မတ္ထသင်္ဂြိုဟ် လက်သန်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သောကြောင့် 'ဋီကာလက်သန်း'ဟူ၍လည်းကောင်း၊ ဝါကျအနေအထား, ဖွင့်ပြပုံလှသောကြောင့် 'ဋီကာလှ'ဟူ၍လည်းကောင်း၊ ယင်းဋီကာကို အရှင်အရိယဝံသ သင်ယူရာတွင် ကျမ်းတတ်၍ ကျော်လေသောကြောင့် 'ဋီကာကျော်'ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။

ဋီကာလက်သန်းတိ နာမေန နာမေန ဋီကာလှတိ ဝါ။
ဋီကာကျော်တိ နာမေနာပိ၊ ပါကဋော ဋီကာယံ ဘဝေ။

ယဿ ဗုဒ္ဓဿ ယံ ခမ္မံ၊
ယော သံယော ယော ဂတော ဂတော။
သုဒုလ္လဘော နမိတ္တာ တော၊
ကပ္ပကောဋိနှစ္စယေမပိ။

အဘိဓမ္မတ္ထသင်္ဂဟ-ဝဏ္ဏနာ ဝဏ္ဏနာ သုဘာ။
သုဝိနိစ္ဆိတလီနတ္ထာ၊ ကယျတေ ကယျတေ ဂရု။

ဟူသောဂါထာတို့ဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ် စသည်တို့ကို ပြတော်မူခဲ့လေသည်။

## အမှား ၂-ချက်ထောက်ပြသဖြင့် ၂-ထပ်သက်န်းလှူ

အရှင်အရိယဝံသသည် မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီး ရေးသားပြီးသမျှကို လပြည့်, လကွယ်, ရှစ်ရက်သီတင်း နေ့တိုင်း ပုညရှင်စေတီရင်ပြင် အများသံဃာရှေ့မှောက်တွင် ဖတ်ပြရလေသည်၊ ယင်းသို့ ဖတ်ချိန်တွင် ပုဂံမှဘုရားဖူးကြွလာသော ရဟန်းတော်တစ်ပါးလည်း စာနာပရိသတ်တွင် တည်ရှိနေ၏၊ ယင်းပုဂံရဟန်းတော်က “ဧ ဧ”ဟု နှစ်ကြိမ်တိုင်အောင်ဆိုသည်နှင့် မေးလေရာ တစ်ချက်မှာ ဝါကျထပ်နေပြီး တစ်ချက်မှာ “ဣမံ ဂန္ထံ”ဟု စွဲရမည့်အစား “ဣဒံ ဂန္ထံ”ဟုဖြစ်နေသောကြောင့် “ဧ ဧ”ဟူ၍ဆိုကြောင်း လျှောက်ထားလေ၏။

ထိုအခါ အရှင်အရိယဝံသက “ငါ့ရှင် အမှားကိုထောက်ပြသည့်အတွက် များစွာဝမ်းမြောက်ပါသည်၊ ငါသည် ဤကျမ်းစာကို သာမန်နှင့်ပြုသည်မဟုတ်ပါ။ လူသံ နတ်သံစဲရာ ညဥ့်အခါ၌ ပရပိုက်ကို ဖွင့်၍ ရေးသားပါသည်၊ လူသံ နတ်သံကြားရာ နေ့အခါ၌ မရေးပဲ

ပရပိုက်ကို အုပ်၍ထားပါသည်၊ သို့စဉ် အားထုတ်ပါသော်လည်း အမှားမကင်းပဲ 'ဧ ဧ'ဟု ဆိုခြင်းခံရဘိ၏"ဟု ပြောဆိုလေရာ၊ ပုဂံဘုရားဖူးရဟန်းက "အရှင်ဘုရား အရှင်ဘုရား၏ကျမ်းစာသည် အပြစ်ဆိုဖွယ်ရာများ မရှိပါ။ ကောင်းလှပါသည်၊ ပြည့်စုံလှပါသည်၊ ပုဂ္ဂိုလ်တစ်ဦးသည် ကျောက်ခဲလုံးငယ်များကို ဆုပ်၍ နံရံကိုပစ်သည်ရှိသော် တစ်ခုမကျန် တစ်လုံးမကျန် တိုက်နံရံကိုချည်း မှန်သကဲ့သို့ မိန့်ဆိုတိုင်းသော စကားဟူသမျှသည် ဆိုလိုရင်းအဓိပ္ပါယ်သို့ချည်း ရောက်ပါသည်၊ ဝါကျတစ်ချက်ထပ်, အစွဲတစ်ချက်ပျက်သည်ကိုသာ ပြင်ဆင်တော်မူပါ"ဟု လျှောက်ထားလေ၏။ ယင်းသို့ လျှောက်ထားလေရာများစွာနှစ်သက်အားရတော်မူသဖြင့် ကိုယ်တွင်လွှမ်းလျက်ရှိသော ၂-ထပ်သက်န်းကြီးကို-

ပဋိဂ္ဂဏှာတု သံဃာဋိံ၊
ဗဟုပကာရော အသိ မမ။
အတ္ထကာမောသိ ကလျာဏ-
မိတ္တော ဟိ ပဏ္ဍိတော သုဓီ။

"ငါ့ရှင် ငါ့ရှင်သည် ၂-ထပ်သက်န်းကြီးကို အလှူခံပါ၊ ငါ့ရှင်ကား ငါ့အား ကျေးဇူးများလှချေ၏၊ ငါ၏ ပညာရှိမိတ်ဆွေကောင်းပီသပါပေသည်"ဟု ချီးမွမ်းစကားပြောကြား၍ လှူဒါန်းလေသည်။ ငါ့ရှင်ငါကား သင်၏ ပညာဂုဏ်ကို ရည်၍ လှူဒါန်းခြင်းဖြစ်၏-ဟုလည်း မြွက်ဆိုလေ၏။

ဆရာတော်အရှင်အရိယဝံသကား-

နိမိနံဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။ [၁]

ဟူသော ဒေသနာနှင့်အညီ ကျင့်ကြံပေတတ်ပုဂ္ဂိုလ်မြတ်ပါပေတည်း။

## ကျမ်းစုံမွှေနှောက်ရေးသားခဲ့

အရှင်အရိယဝံသသည် မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီးကို အဘိဓမ္မပိဋကနှင့် သုတ္တန်ပိဋကတ်အလုံးကို 'ထုံးလိုချေ ရေလိုနှောက်ကာ' ချောက်ချား၍လည်းကောင်း၊ ဗျာကရုဏ်းကျမ်းဂန်အရပ်ရပ်ကို အထပ်ထပ်ကြည့်ရှု လေ့လာသုံးသပ် နှုတ်ရဆောင်၍လည်းကောင်း ရေးသားခဲ့လေသည်၊ ၎င်းပြင် မဟာဝံသ-[၂] စသော သီဟိုဠ်သမိုင်းကျမ်း, အဘိဓာနပ္ပဒီပိကာ-စသော ကောသကျမ်းတို့ကိုလည်း ချဉ်းနင်း၍ ရေးသားကြောင်းလည်း သိရလေသည်။

---

၁။ ဓမ္မပဒ။ ၂၄။ ပဏ္ဍိတဝဂ်၊ ရာဓတ္ထေရဝတ္ထု။
၂။ မဏိမဉ္ဇူ။ ၁။ ၂၄။

## မဏိသာရမဉ္ဇူသာမည်ကြောင်း

အစွမ်းကောင်းသော ယောက်ျားသည် ရတနာအမျိုးမျိုးတို့၏ တည်ရာ ဟိမဝန္တာ (မြင်းမိုရ်)တောင်မှ မွန်မြတ်လှသောရတနာအမျိုးမျိုး တို့ကို ဆောင်ပြသည့်ပမာ မြားမြောင်လှစွာသော ကျမ်းဂန်တို့မှ ကောင်းမွန်မြင့်မြတ် သာယာဖွယ်သောအနက်အဓိပ္ပါယ် အနှစ်အမြတ် တို့ကို ပေါင်းစု၍ စီရင်အပ်သော နည်းထူးနည်းကောင်း အမျိုးမျိုး တို့၏ တည်ရာဖြစ်၍ ကောင်းမွန်မြတ်ဆန်းသော ပတ္တမြားရတနာ တို့၏တည်ရာ ပူတာတံတင်းသေတ္တာနှင့်တူသောကြောင့် မဏိသာရ-မဉ္ဇူသာမည်ကြောင်း နိဂုံး၌ ဖော်ပြထား၏။

### ဂေယျစကားဖွဲ့ဖြင့် နိဂုံးအုပ်ခဲ့

ပါဠိစကားအိမ်ဖွဲ့နည်း လေးမျိုးရှိ၏။

၁။ ဂဇ္ဇအဖွဲ့= စုဏ္ဏိယသက်သက်ဖြင့်ဖွဲ့သော စကားဖွဲ့၊

၂။ ပဇ္ဇအဖွဲ့= ဂါထာသက်သက်ဖြင့်ဖွဲ့စီသော အရေး အသား၊

၃။ ဂေယျအဖွဲ့= စုဏ္ဏိယ, ဂါထာ ၂-မျိုး ရောနှောရေး သားဟန်၊

၄။ ကဗ္ဗာ= ဂဇ္ဇ, ပဇ္ဇဂေယျမျိုးမှအလွတ် အဌကထာ, ဋီကာသွားရေးနည်း-အားဖြင့် ပါဠိစကား အိမ်တည်နည်း လေးမျိုးရှိ၏။ [၁]

---

၁။ နီတိသုတ္တ။ ၁၀။

မဏိသာရမဉ္ဇူသာဋီကာနိဂုံး၌ ဓမ္မသေနာပတိ အရှင်အရိယဝံသသည် "ဧတ္တာဝတာ"စသော ဂဇ္ဇအဖွဲ့၊ "ယန္တံ ယန္တဂတံ ဓမ္မံ"စသော ပဇ္ဇ-အဖွဲ့၊ နှစ်မျိုးရောသော ဂေယျစကားဖွဲ့ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

## ကုန်းဘောင်ခေတ်စာချုနည်း

အလောင်းဘုရားအစ သီပေါအဆုံးရှိသော ကုန်းဘောင်မင်းဆက် ၁၁-ဆက်နှင့်တကွ နောက်ပိုင်းခေတ်စားလှသော မန္တလေးစာချ နည်းခေါ် စာချနည်းသည် မဏိသာရမဉ္ဇူသာနည်းနှင့်နှင့်ဖြစ်သည်-ဟု ဆရာတို့မိန့်ကြားချက်ကို ကြားဘူးပါသည်။

## မဏိဒီပဋီကာပါဠိ

အရှင်အရိယဝံသသည် အရှင်အာနန္ဒာထေရ် ရေးသားစီရင်အပ်သော "မူလဋီကာ၊ ဒွါရကထာ"တိုင်အောင် အဖွင့်ဖြစ်သော မဏိ-ဒီပဋီကာပါဠိကျမ်းကြီးကိုလည်း ရေးသားပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

ဉာဏံ ဉာဏံ န ဝါ ဉာဏံ၊
ယဿ ယဿ မဟေသိနော။
ဂတံ ဂတံ ဂတံ ဝါ န၊
တန္တံ တန္တံ ဘိဝန္ဒိယ။

မဟောဒယဓိမတိသန္တ-မဟိတာတိ မမာယိတံ။
တာလီသာဓိသိတဒန္တ-သီဟဂတိသုဘာသိယ။

သုရာ သုရသုတ္တံ သိတံ၊
သုဂတံ ဘာသုရာ ဂတံ။
နတွာ မာရဇိတံ ဇာတံ၊
အပ္ပဋိဘာဂကာရတံ။

ဗာတ္တိံသလက္ခဏာသီတိ-နုဗျဉ္ဇန ဝိရာဇိတံ။
နတွာဌင်္ဂသရသိဂီ-နိက္ခဝဏ္ဏံ တထာဂတံ။

ယော ဗုဒ္ဓေါ သဗ္ဗဓာတုညော၊
အညာသိ ဉေယျပဉ္စကံ။
ကေက္ခဏောပိ ကေံဝ၊
တံ တံ နတွာ ဒယာဓိကံ။

ဗုဒ္ဓဿ ယဿ ဓိနန္တာ၊
ဒယာဝနန္တသမ္ဘဝါ။
အာကင်္ခ်ပဋိဗဒ္ဓါ တာ၊
အတုလံ တံ ဘိဝါဒိယ။

သာဂရကရုဏာညဏံ၊
ဂိရိရာဇသမာဓိကံ။
ဘူခမမမ္ဗရံ သီလံ၊
နတွာ တိတ္တိလကဉ္စနံ။

သဒ္ဓမ္မဘာမောဟတမံ ဝိနာသိယ၊
အာရုယှ ဗုဒ္ဓတ္တယုဂန္ဓရာ စလံ။
တော ဗုဒ္ဓခေတ္တာယတလမှိ နန္တိမိ၊
အာလောကကာရံ ဇိနိနံဘိဝါဒိယ။

ယော ဗုဒ္ဓိနော ယေန သုဓမ္မဘာဏုနာ၊
ဟန္တွာန မောဟံ တိမိရံ ဝိဗောဓယိ။
သံဃမ္ဗုဇံ ယံ သုခလက္ခိသန္တရိ၊
နတွာန တာနိတိဝ ဒုလ္လဘာနိဟံ။

ဟူသော ၄-ဂါထာဖြင့် ဘုရား, တရား, သံဃာကို အမျိုးမျိုးချီးမွမ်း ချီးကျူးထောမနာ၍ ပဏာမပြုခဲ့လေသည်။

ဋီကာကြီး ကြည့်ရသည်မှာ ကျယ်ဝန်းလှသည်ဟု အောက်မေ့ ကြကုန်၏၊ သို့ရာတွင် အကျဉ်းမျှသာဖြစ်ကြောင်း-

ဒုဗ္ဗောဓံ မူလဋီကာယ၊
တံတံ ဌာနံ ယထာဗလံ။
ယာဝ ဒွါရကထာ တာဝ၊
ဝဏ္ဏယိဿံ သမာသတော။

ဟူသောဂါထာဖြင့် ဂန္ထာရမ္ဘ၌ ဖော်ပြခဲ့လေသည်၊ ယင်းမဏိဒီပဋီကာမှာ ၂-တွဲရှိသည်၊ ပဌမတွဲမှာ မူလဖွင့်ချက် ဂါထာ ၂၀-၏အဖွင့်တွင် ပြီးဆုံးသည်၊ ၎င်းတွင်ပင် ရှိုင်ဆိုက်စာမျက်နှာ ၂၅၅-ရှိလေသည်၊ ဒုတိယတွဲမှာ စာအုပ်မဖြစ်သေးပဲ ပေအဖြစ်သာတည်ရှိလေရာ သနိ-ဒဿနတိက်အဖွင့်တွင် ပြီးဆုံးလေသည်။ ယင်းဒုတိယအုပ်မှာ ၂၅-အင်္ဂါခန့်ရှိလေသည်။

ဒုတိယအုပ် မဏိဒီပဋီကာအဆုံး၌ "ဣတ္တာဝတာ စ ပရမ-ဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယသီလာစာရဇ္ဇဝမဒ္ဒဝါဒိဂုဏဂဏာလင်္ကာရာလင်္ကတေန သမန္တသဏ္ဌိတကန္တိမန္တမဟာထူပဂဏပဋိမဏ္ဍိတဝိပ္ပသန္နဟရိတာမဏိဝဏ္ဏမဓုရ နီရဝတီရောဝတီနဒီတီရသဏ္ဌိတမဟာနုဘာဝမဏိရတနာဓာရဘူတခမ္မိက ပဗ္ဗတဝါသိနာ အရိယဝံသဓမ္မသေနာပတီတိ ဂုရူဟိ ဂဟိတနာမ-

ဓေယျေန မဟာထေရေန နာနာရတနကရဂိရိရည္ဍာ နာနာဥဋ္ဌာရ-ရတနာနိ သမာဟရန္တော ဝိယ မဟာပုရိသော နာနာဂန္ထေဟိ နာနာ-ဥဋ္ဌာရမဓုရတ္ထသာရေ သမာဟရိတွာ ရစိတာယံ မူလဋီကာယ သံဝဏ္ဏ-နာယံ မဏိဒီပနာမိကာယံ သဗ္ဗတိကဝဏ္ဏနာ နိဋ္ဌိတာ”ဟူသော စကား ရပ်ဖြင့် ကျမ်းစာကို လက်စသတ်တော်မူလေသည်။

## ဂန္ထာဘရဏပါဌ်

ဂန္ထာဘရဏပါဌ်ကား ဟိ, စ, ပန, အပိ, တထာပိ, ကိဉ္စာပိ စသော နိပါတ်တို့၏ အနေအထား ဝါကျအနေအထားကို ပြဆိုရာ ကျမ်းဖြစ်၏၊ ယင်းကျမ်းကို လေ့လာဘို့ လိုအပ်ပါသည်၊ ကျမ်းဦး၌–

ဝိစိတြနယသမ္ပန္နာ၊ ဒေသနာ ယဿ တာဒိနော။
နမော သဒ္ဓမ္မသံဃဿ၊ တဿ အာဒိစ္စဗန္ဓုနော။

ဝန္ဒနေယျပဏာမဿ၊ အာနုဘာဝေနုပဒ္ဒဝေ။
သောသေတွာဟံ ကရိဿာမိ၊ နိပါတတ္ထဝိဘာဝိနိံ။

စသောဂါထာများဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော် ပြတော်မူခဲ့လေသည်။

## ဂန္ထာဘရဏမည်ကြောင်းစသည်

ဤဂန္ထာဘရဏကျမ်း၌ ပါဠိ, အဋ္ဌကထာ, ဋီကာစသော ကျမ်း ဂန်တို့၏ တန်ဆာသဖွယ်ဖြစ်သော နိပါတ်ပုဒ်တို့၏ အနက်အဓိပ္ပါယ် ကို ဖော်ပြသဖြင့် ဂန္ထာဘရဏ-မည်၏၊ ပညာရှိတို့၏ ခံတွင်းပါးစပ် တန်ဆာသဖွယ်ဖြစ်၏-စသည်ကိုလည်း--

ဂန္ထာလင်္ကာရဘူတာဟိ၊
နိပါတာ အတြ ဒီပိတာ။
ဓိရာနဥ္စ မုခမဏ္ဍော၊
တတော တံ တံ နာမကော အယံ။

စသောဂါထာတို့ဖြင့် ဖော်ပြခဲ့လေသည်။

သာသနာတော်မှာ နိပါတ်ပုဒ်များ မသင်ကြားပဲ ကျမ်းစာသင်သူကား ရေ၌ပေါလောပေါ်သော ဗူးတောင်းအလား အဋ္ဌကထာ, ဋီကာများ၌ မသက်ဝင်နိုင်ပဲ ပေါလောပေါ်မည်ဖြစ်ကြောင်းကိုလည်း-

အသိက္ခိတွာ နိပါတာနံ၊
ယော ဂန္ထံဝိစ သိက္ခတိ။
အလာဗုဃောဝ တောယမှိ၊
စိတ္တံ နာဓိမုတံ သဒါ။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့လေသည်။ ဆရာတော်အရှင်အရိယဝံသထေရ်ကား စကားအရာ၌လည်း လွန်စွာကျွမ်းကျင်လှသည့် ပုဂ္ဂိုလ်စင်-စစ်သာတည်း။ ယင်းဂန္ထာဘရဏကျမ်းမှာ မူရင်းဂါထာ ၉၃-ဂါထာရှိလေသည်။ နောက်မှ တစ်ဦးဦးထပ်ဖြည့်သည့်ဂါထာ ၄-ဂါထာနှင့် ပေါင်းသော် ၉၇-ဂါထာရှိလေသည်။

## အနုဋီကာမဟာနိဿျ

ဓမ္မသေနာပတိ အရှင်အရိယဝံသသည် အနုဋီကာ၏ အတ္ထယောဇနာ မြန်မာပြန်နိဿျကိုလည်း ကျယ်ဝန်းစွာရေးသားတော်မူခဲ့လေသည်၊ ယင်းနိဿျကြီးကား ကျမ်းတက်, ပုဒ်အဆုံးအဖြတ်စသည်တို့ဖြင့် ကျယ်ဝန်းဝေဆာစုံလင်လှသည့် နိဿျကြီးပေတည်း၊ သို့ရာတွင် ဆုံး-အောင်မရှိခဲ့ချေ။ ကျမ်းဦး၌-

သန္တာ သန္တာပိ ဓီယဿ၊
နန္တာနန္တာဝလမ္ဗတော။
ဒယာ ဒယ ၂ စိတံ ဗုဒ္ဓံ၊
သုတံ သုတံဘိဝန္ဒိယ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ ပြုတော်မူခဲ့လေသည်၊ ၎င်းဂါထာမှာ၂ မဏိသာရမဥ္ဇူသာဋီကာ ပဏာမဂါထာနှင့် ထပ်တူဖြစ်၍၊ မဏိသာရမဥ္ဇူသာဋီကာနိသျ ဆရာတော်တို့သည် ယင်းဂါထာအနက် အမျိုးမျိုးပေးကြ၏။ သို့ရာတွင် ကျမ်းဆရာအာဘော်ကျ မယောဇနာကြချေ။ ၎င်းဂါထာကို အနုဋီကာမဟာနိသျ၌ အရှင်အရိယဝံသကိုယ်-တိုင် အနက်ယောဇနာတော်မူခဲ့လေသည်။ နောင်လာနောက်သားတို့ အခက်အခဲမရှိအောင် အနုဋီကာနိသျလာအတိုင်း အနက်ရေးအပ်ပါသည်။

## သန္တာ သန္တာပိ ဓီယဿ ဂါထာအနက်

ယဿ ဗုဒ္ဓဿ= အကြင်ဘုရား၏။ ဓီ= ပညာတော်သည်။ သန္တာ= ဥပါဒ်, ဌီ, ဘင်အားဖြင့် အပိုင်းအခြားရှိသည်။ သန္တာပိ= ဖြစ်မူလည်း။ အနန္တာဝလမ္ဗတော= အပိုင်းအခြားမရှိသော-[၁] ဉေယျဓံ ဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်။ အနန္တာ= အပိုင်းအခြားမရှိသည်။ ဟောတိ= ၏။ ယဿ ဗုဒ္ဓဿ= ၏။ အာဒယာ= အစစ္စာသော ဘုရားဆုကို တောင်းသောအခါ၌ဖြစ်သော။ ဒယာပိ= ကရုဏာတော်သည်လည်း။ အထ ဝါ-[၂] = ဒယာ ဒယာပိ= တစ်ပါးကုန်သောသူထက် လွန်သောကရုဏာတော်သည်လည်း။ သန္တာ= ဥပါဒ်, ဌီ, ဘင်အားဖြင့်

---

၁။ သော် (မူရင်း)

၂။ ယခုခေတ် ဝါ-ဟုသုံးသည်။

အပိုင်းအခြားရှိသည်။ သန္တာပိ= ဖြစ်မူလည်း။ အနန္တာဝလမ္ဗတော= အပိုင်းအခြားမရှိသော သတ္တာဝါဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်။ အနန္တာ= အပိုင်းအခြားမရှိသည်-[၁]။ ဟောတိ= ၏။ တံ တာဒိသံ= ထိုသို့သော။ သုတံ= လုံ့မစောက် ဟောအပ်သောတရားရှိသော။ သုတံ= သုံးပါးသောလူ၌ အလွန်ထင်ရှားသော။ ဗုဒ္ဓံ= ကို။ အဟံ= သည်။ နမာမိ= သုံးပါးကုန်သောဒွါရတို့ဖြင့် အလွန်ရိုသေသဖြင့် ရှိခိုး၏။ အထဝါ-[၂] = တံ တာဒိသံ= သော။ ဗုဒ္ဓဥ္စ= ကိုလည်းကောင်း။ တေန ဗုဒ္ဓေန= ထိုသို့သောဘုရားသည်။ သုတံ= လုံ့မစောက်ဟောအပ်ပြီးသော။ တဿ ဗုဒ္ဓဿ= ထိုသို့သောဘုရား၏။ ဓမ္မဥ္စ= ပရိယတ္တိနှင့်တကွဖြစ်သော ကိုးပါးအပြားရှိသော လောကုတ္တရာတရားကိုလည်းကောင်း။- [၃] တဿ ဗုဒ္ဓဿ= ၏။ သုတံ= ရင်၌ဖြစ်သော သားတော်ဖြစ်သော။ အရိယသံဃဥ္စ= အရိယာဖြစ်သော သံဃာကိုလည်းကောင်း။ အဟံ= သည်။ နမာမိ= ၏။

## ရတနသာရ အမည်ပေးခဲ့

အရှင်အရိယဝံသသည် ဋင်းနိသျကြီးကို ရတနသာရမည်သော အနုဋ္ဌီကာမဟာနိသျ-ဟု အမည်ပေးလို၏၊ ယင်းသို့ဖြစ်ကြောင်း နိသျ၊ ပဌမအုပ်အဆုံး၌ "ဣတိ အနုဋ္ဌီကာယ ရတနသာရသမ္ဘတေ မဟာနိဿယေ ပဌမဂါထာ မဟာနိဿယော" ဟူသောစကားဖြင့် သိသာလေသည်။ ယင်းအနုဋ္ဌီကာ မဟာနိသျမှာ ငါးအုပ်ရှိသည်ဟု သိရ၏။ ဆရာတော်ကား ကရုဏာတရားကြီးမားသဖြင့် ပါဠိဘာသာ

---

၁။ အပိုင်းအခြားမယှိသည် (မူရင်း)

၂။ ယခုခေတ် ဝါ-ဟုသုံးသည်။

၃။ ကိုလှုံးကောင်း (မူရင်း)

ဖြင့် အဖွင့်ဋီကာရေးလျှင်လည်း ကျယ်ကျယ်ရေးလေ့ဖွင့်လေ့ရှိ၏၊ မြန်မာပြန် အတ္ထယောဇနာနိဿယရေးလျှင်လည်း ကျယ်ကျယ်ရေးလေ့ရှိ၏၊ ကျယ်ကျယ်ဝန်းဝန်းကြိုက်သော ပုဂ္ဂိုလ်ပေတည်း။

ဝိတ္ထာရရုစိကော ဧသော၊
ဝိတ္ထာရာယေဝ လိခတိ။
ဋီကာယော နိဿယေစာပိ၊
သောတူနံ ဉာဏသုဒ္ဓိယာ။

## ဘုရားအလောင်း သူတော်ကောင်းကြီး

ဖော်ပြခဲ့သော ဂုဏ်တော်အသီးသီးတို့နှင့် ပြည့်စုံတော်မူသော အရှင်အရိယဝံသသည် သမ္မာသမ္ဗောဓိဘုရားဆုပန် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း-

နိဋ္ဌော သဗ္ဗညုတာယံ ဥပစိတကုသလော သင်္ဂဟော သတ္တိ ဓီရော၊ သမ္ဗုဒ္ဓံ သဗ္ဗဗုဒ္ဓေ ခလု စရိမဘဝေ တုဂ္ဂဗုဒ္ဓေါ ဘဝေယျံ။

ဟူသော မဏိမဉ္ဇူသာဋီကာနိဂုံးဖြင့် သိသာလေသည်။

## ပွဲလွှန်တော်မူပြီ

သက္ကရာဇ် ၈၈၈-ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော ရှမ်း-ဘုရင် သိုဟန်ဖွားသည် သက္ကရာဇ် ၉၀၁-ခုနှစ် တောင်ဘီလူးလယ်ပြင်၌ မဏ္ဍပ်အဆောင်ဆောင် ဆောက်စေပြီးလျှင် ဆွမ်းလုပ်ကျွေးမည့် အဟန် စစ်ကိုင်း, ပင်းယ, အင်းဝပတ်လည်ရှိ သံဃာတော်တို့ကို

ပင့်စေ၍ ဆင်မြင်းဗိုလ်ပါဝန်းရံ၍ သတ်ဖြတ်လေ၏။ ရဟန်း ၁၃၀၀ [၁] ကျော် ပျံလွန်သည်ဟု သိရ၏၊ ယင်း ၁၃၀၀-ကျော် ရဟန်းများ အနက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတတ်မြောက်သော ရဟန်း ၃၀-ကျော် ပါဝင်လေသည်။ အရှင်အရိယဝံသလည်း သိုဟန်ဖွား၏ ကြမ်းကြုတ်မှုတွင် ပျံလွန်သည်ဟု ဆိုကြကုန်၏။

## ပညာရှိ စတုရင်္ဂဗလအမတ်ကြီး

စတုရင်္ဂဗလအမတ်ကြီးကား ရဟန်းဖြစ်ခါနီးမှ လူဝတ်လဲ၍ မင်းမှုရေးရာကို ဆောင်ရွက်ခဲ့သူဖြစ်လေသည်၊ ဆူးတွင်းပစ် အရှင်နာဂိတ၏ အဖြစ်တော်စဉ်ကို ဖတ်ရှုလေ့လာပြီးလျှင် စတုရင်္ဂဗလ-အမတ်ကြီး၏ အကြောင်းကိုပါ လေ့လာနိုင်ရန် အရှင်နာဂိတ၏အဖြစ်တော်စဉ်ကို ပြပြီးသည့်အခြားမဲ့၌ စတုရင်္ဂဗလအမတ်ကြီး၏ ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ္တိကို ဖော်ပြအပ်ပါသည်။

---

၁။ ၃၆၀-ကျော်ဟုလည်း အဆိုရှိ၏။

သိုဟန်ဖွား ဇဂတိပါလော၊ ကုရုရောတိံ ပါပကော။
ပါဏံ သော ကရိတွာန၊ နိရယေ သောပပဇ္ဇတိ။

တဿ ကမ္မန္တံ နိဿာယ၊ ဗဟဝေါ ယတယော တဒါ။
မရဏာဿ ဝသံ ယာတာ၊ သင်္ခါရာ စဉ္စလာ ဟိ ခေါ။

အထ သော အရိယဝံသော၊ ဂန္ထေသု အတိကောဝိဒေါ။
သောပိ မစ္စုဝသံ ပတ္တော၊ အဟော သင်္ခါရဓမ္မတာ။

## ဓာတ်ချက်ကြော မွေးရပ်မြေ

စတုရင်္ဂဗလအမတ်ကြီးသည် သရေခေတ္တရာခေါ်သော ပြည်-မြို့၌ သက္ကရာဇ် ၆၇၀-၆၇၅-ပတ်ဝန်းကျင်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။ အတန်ငယ်ကြီးပြင်းလာသောအခါ ပင်းယမြို့ ဇမ္ဗူက စကားကျောင်းဆရာတော် အရှင်သုဓမ္မမဟာသာမိထေရ်အထံ၌ ရှင်သာမဏေဝတ်ကာ အတတ်ပညာသင်ကြားရာ သင်သင့် သင်အပ်ရာ ကျမ်းဂန်များကို သင်ယူခဲ့လေသည်။

## စတုရင်္ဂဗလဘွဲ့ဖြင့် ကျော်စောခဲ့

ကျမ်းဂန်အရပ်ရပ်ကို သင်ကြားတတ်မြောက်ပြီးနောက် လူ-ဝတ်လဲ၍ သက္ကရာဇ် ၇၁၃-ခုနှစ်တွင် ပင်းယမြို့၌နန်းတက်သော ဆင်-ဖြူလေးစီးရှင် ကျော်စွာမင်းထံခစားရာ အရည်အသွေးအလျောက် အတွင်းဝန်ရာထူးဖြင့် ချီးကျူးမြှောက်စားခြင်း ခံရသည်သာမက "စတု-ရင်္ဂဗလ"ဟူသော ဂုဏ်ထူးဂုဏ်ရည်ဖြင့်လည်း ချီးမြှင့်မြှောက်စားခြင်း ခံရလေသည်။

## သာသနာမှု တိုင်းပြည်မှုစီမံ

စတုရင်္ဂဗလအမတ်ကြီးသည် သာသနာမှု သာသနာ့ရေးရာ များကိုလည်း ပြုလုပ်စီမံရလေသည်၊ ဆူးတွင်းပစ်ဆရာတော် အရှင် နာဂိတနှင့်လည်း ရံဖန်ရံခါ သာသနာရေးရာများကို ဆွေးနွေးလေ့ရှိ၏၊ တိုင်းပြည်ရေးရာများကိုလည်း မတိမ်းမစောင်းအောင် ဘုရင်အား အကြံ ဉာဏ်လည်း ပေးရလေသည်။

## ပါဠိ သက္ကတ မြန်မာမှု တတ်မြောက်

စတုရင်္ဂဗလအမတ်ကြီးသည် ပါဠိဘာသာ, သက္ကတဘာသာ, မြန်မာစာတို့၌ ပါရင်ကမ်းရောက် တတ်မြောက်သူဖြစ်လေသည်။ ပါဠိဘာသာ၌ လွန်စွာတတ်မြောက်ကြောင်းကို သူ၏ လောကနီတိကျမ်း, အဘိဓာန်ဋီကာကျမ်းတို့ဖြင့် သိနိုင်လေသည်။ သက္ကတဘာသာ၌ လွန်စွာတတ်မြောက်ကြောင်းကိုလည်း အဘိဓာန်ဋီကာ, လောကနီတိ တို့ဖြင့် သိနိုင်လေသည်။ မြန်မာစာပေ မြန်မာမှု၌ နိုင်နင်းကြောင်းကိုမူ "ရွှေဘဝါးတော်အောက် ကျွန်၏လျှောက်ဖြင့် မလျှောက်ဝံ့ဝံ့"အစရှိသော ပုဂံဆရာတော် (ဆူးတွင်းပစ်ဆရာတော်)အား မေးလျှောက်သည့် ရတု ၃-ပိုဒ်ဖြင့် သိသာလေသည်။

စတုရင်္ဂဗလအမတ်ကြီးသည်–

၁။ အဘိဓာနပ္ပဒီပိကာဋီကာ

၂။ လောကနီတိပါဠိ

၃။ စက်လက္ခဏာဘုရားရှိခိုးပါဠိ, နိဿျ

၄။ လက္ခဏာတော်ငယ် ၈၀-ဂါထာများ

၅။ ဟိတောပဒေသဝတ္ထု-စသည်တို့ ဖြစ်ကုန်၏။

## အဘိဓာနပ္ပဒီပိကာဋီကာ

ဖော်ပြပါကျမ်းများအနက် အဘိဓာနပ္ပဒီပိကာဋီကာ-မှာ ကြီး-ကျယ်သော ကျမ်းကောင်းကြီးဖြစ်လေသည်၊ သာမန်ပါဠိကျမ်းဂန်တတ် ပုဂ္ဂိုလ်သည် ဤကျမ်းမျိုးကို ရေးခြင်းငှာ စွမ်းနိုင်မည်မဟုတ်ပါချေ၊ သက္ကတ, မာဂဓကျမ်းများစွာတို့၌ ချဉ်းနင်းနိုင်သောပုဂ္ဂိုလ်တို့၏ အရာသာဖြစ်ချေသည်၊ အမတ်ကြီးသည် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်း

အချို့နှင့် အဇယ, အမရကောသ, အမရမာလာ, အဿသတ္တ, ဥပ္ပ-လိနီ, ကေဝ္ဂရကောသ, ကာတန္တ, ကာမန္ဒက, ကာမန္ဒကိယ, ကော-သန္တရ, စန္ဒ, စာဏကျနီတိ, စိန္တာမဏိဋီကာ, ဇောတိသတ္တ, တိကဏ္ဍ-သေသ, ဒဗ္ဗဂုဏ, နာဋကရတနကောသ, မာဓဝ, မေဃဒူတရတန-ကောသ, ရတနမာလာ, ရာဇနိဃဏ္ဍု-စသော သက္ကတ, မဂဓကျမ်း ပေါင်းများစွာကို မွှေနှောက်၍ ရေးသားစီရင်ခဲ့လေသည်။ ယင်းသို့ ကျမ်းပေါင်းမြားမြောက်စွာတို့ကို မွှေနှောက်ရေးသားသောကျမ်းဖြစ်၍ သီဟိုဠ်ပညာရှိတို့၏ ချီးမွမ်းထောမနာပြုခြင်း ခံရလေသည်။ သီဟိုဠ်ကျွန်းမှ အရှင်သုဘူတိထေရ်သည် အဘိဓာနဋီကာကို များစွာမှီငြမ်းပြု၍ အဘိဓာနပ္ပဒီပိကာသူစိကျမ်းကို ရေးသားခဲ့လေသည်-[၁]။

စတုရင်္ဂဗလအမတ်ကြီးသည် အဘိဓာနပ္ပဒီပိကာဋီကာနိဂုံး၌-ယဒ္ဒျတြ ဒေါသောဏုပမာဏသမ္ဘဝေါ-စသော ၆-ဂါဖြင့် အထွတ်တင် နိဂုံးအုပ်ခဲ့လေသည်။ ယင်း ၆-ဂါထာအနက်-

ယဒ္ဒျတြ ဒေါသောဏုပမာဏသမ္ဘဝေါ၊
ဂုဏီသု ဝိဓိမ္ပိ တထာ ဝိဂါဟတော။
ယထာ ဇလံ-[၂] ဘောဇနမ္ပိ ဇန္တုဝေါ၊
စတုပ္ပဒေါ ဝါပျစရော ကဏာဏျပိ။

ဟူသော ပဉ္စမဂါထာဖြင့် -အကျွန်ုပ်သည် ဤမည်သော "အဘိဓာ-နပ္ပဒီပိကာဋီကာ"ကျမ်း၌ မပြောလောက်ဖွယ် အနည်းငယ်သော အပြစ် ဒေါသစွန်းငြိပါရှိသော ဝါကျစကား, ဩဇဂုဏ်စသည်တို့နှင့် ကုံလုံ ပြည့်ဝသော စကားအစီအရင်ကို ဆိုမိကောင်း ဆိုမိပါလိမ့်မည်၊ ပမာ

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၁၁-ကြည့်။

၂။ ဤ၌ "ဇလံ"ကို ဇလေန-ဟု အဝုတ္တကတ္တားပေးမှ ကောင်းမည်ဟု ထင်မိ၏။

ပမေ ဖွေ၍ပြောရပါလျှင် "ရေသည် စားစရာအမျိုးမျိုး, သတ္တဝါအမျိုး-မျိုး, အခြေလေးချောင်းရှိသတ္တဝါ, အခြေမပါမရှိသည့်သတ္တဝါ, ဖွံ့နု အမှိုက်သရိုက်အမျိုးမျိုးကိုသော်လည်းကောင်း ယူအပ်သကဲ့သို့သာ တည်း"ဟု ဤကျမ်း၌ အပြစ်, ဂုဏ် ၂-ဖုံလုံး ပါရှိပါကြောင်း ဖော်ပြ ခဲ့လေသည်။

အသမ္ဗဝေဓိဒဿနာယ ဘာသိတေ၊
ဂုဏော စ ဒေါသော စ သဒါ ဝိဝိဇ္ဇရေ။
တတော ဗုဓာ မေ နဝဓာနတာ ဘဝံ၊
ခမန္တု ဒေါသံ ဂုဏာတံ နယန္တု ဝါ။

ဟူသော ဒုတိယဂါထာဖြင့် "ကောင်းမြတ်ကေန် အမှန်မသိ နား-မလည်သူတို့အား ပြခြင်းငှာ ဆိုအပ်ရာ၌ ဂုဏ်နှင့်အပြစ်တို့ကား ရှိမြဖြစ်ပါကုန်၏၊ သို့ဖြစ်၍ ကဝိကဝိန် ပညာရှိသုခမိန်တို့သည် ကျွန်ုပ် သီရိစတုရင်္ဂဗလ၏ မထေမဲ့မူသဖြင့် ဆိုမှားမိသည့်အပြစ်များကို ခွင့်-လွှတ်သည်းခံစေလိုပါကုန်၏၊ ဂုဏ်ကျေးဇူးကို ရသူ၏အဖြစ်သို့ ဆောင် ကြပါစေကုန်"ဟု အပြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်စကား ပြော ကြားခဲ့လေသည်၊ ဝါ= အပြစ်မမြင်ပဲ အချစ်ဝင်ဖို့ တောင်းပန်ခဲ့လေ သည်။

ယော သီဟသူရော သိတကုဥ္စရိန္ဒော၊
ရာဇာဓိရာဇာ အဟု တမ္ဗဒီပေ။
ဒုဗ္ဗာရနာဂါဒိဇိတော နရိန္ဒော၊
သုကန္တဘီမာဒိဂုဏောပပန္နော။

ဟူသော တတိယဂါထာဖြင့်= "သီဟသူ-အမည်ရှိသော ဆင်ဖြူရှင်မင်း တရားဖြစ်သော ဆုံးမဖို့ရန် အင်မတန်ခက်ခဲသော ဆင်ကြမ်း မြင်းကြမ်း

စသည်ကို အောင်တော်မူသော လူအပေါင်းတို့၏ ထိပ်ဆောင်ဦးစီး အစိုးရပုဂ္ဂိုလ်ကြီးဖြစ်တော်မူသော ကောင်းစွာဖြတ်တောက်အပ်ပြီးသော ကြောက်ရွံ့ခြင်းစသော ဂုဏ်နှင့်ပြည့်စုံတော်မူသော အကြင်မင်းခေါင် မင်းဖျား မင်းတရားသည် တမ္ဗဒိပ်ဟု သမုတ်အပ်သော နိုင်ငံတော်၌ ရှိခဲ့ပါပြီ”ဟု ပင်းယမြို့နန်းတည် တစီးရှင် ဘုရင်သီဟသူ၏ သမိုင်း ရာဇဝင်စွမ်းရည်ကို ဖော်ပြခဲ့လေသည်။

တန္နာမဓေယော တဒနုဇာဒ ဇာတော၊
သဒ္ဓါဒိယုတ္တော စတုသေတိဘိန္နော။
နာဂါဒိထာမော အတိဒုပ္ပသယှော၊
ဥဠာရပညော ဓိတိမာ ယသဿီ။

ဟူသော စတုတ္ထဂါထာဖြင့်= “ထိုဘိုးတော်သီဟသူ၏ အမည်နှင့်မခြား တမူ အလားတူသော အမည်နာမရှိသော ထိုဆိုအပ်ပြီးသော ဘိုးတော် သီဟသူမင်းတရားကြီး၏ သားတော်ငါးစီးရှင် မင်းတရားကြီး၏သား-တော်လည်းဖြစ်သော သဒ္ဓါ, သီလစသည်တို့နှင့်လည်းယှဉ်သော ဆင်-ဖြူတော်လေးစီးတို့၏ အရှင်လည်းဖြစ်သော ဆင်စသည်၏ အားအစွမ်း လည်းရှိသော ဆန့်ကျင်ဖက်ရန်သူတို့သည် မနှိပ်စက်အပ်နိုင်သော ပြန့်ပြောကြီးကျယ်သော ပညာလည်းရှိသော တည်ကြည်ခိုင်ခန့်သော ဝီရိယလည်းရှိသော အခြံအရံပိုလ်ပါနှင့်လည်း ပြည့်စုံသော အကြင် မင်းခေါင်မင်းဖျား မင်းတရားသည် ထင်ရှားရှိပါ၏၊ အမိတမ္ဗဒီပနိုင်ငံ တော်ကို စိုးအုပ်မင်းလုပ်လျက် ရှိပါ၏”ဟု ပြဆိုခဲ့လေသည်။

တေနာဟာမစ္စန္တမနုဂ္ဂဟီတော၊
အနညသာဓာရဏာသင်္ဂဟေန။
သင်္ခေပတောကာသိမိမံဝိသုဒ္ဓိ-
သံဝဏ္ဏနံ သောတုဟိတံ သုဗောဓံ။

ဟူသော ပဥ္စမဂါထာဖြင့်= "ထိုပင်းယနန်းမြို့တော် တမ္ဗဒီပအမိနိုင်ငံတော်၏သခင် လေးစီးရှင်ကျော်စွာငယ် (သီဟသူ)ဘုရင်သည် စင်စစ်ကေန် တပါးသူတို့နှင့် မဆက်ဆံသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်အပ်သော အကျွန်ုပ်သိရိစတုရင်္ဂဗလအမတ်သည် အကျယ်မသွင်း အကျဉ်းအားဖြင့် စာသင်ပျိုနုတို့၏ အစီးအပွားဖြစ်သော ဤကြစ်ကြေးမတင် စင်ကြယ်သော အဘိဓာနပ္ပဒီပိကာဋီကာကျမ်းကို ကြိုးပမ်း-ပြုစီရင်အပ်ပါပြီ"ဟု ဖော်ပြခဲ့လေသည်။ ၎င်းပြင်-

ရာဇာ ပဇံ ရက္ခတု သပ္ပဇံဝ၊
ဓမ္မဥ္စ လောကာပိ သမာစရန္တု။
ပူရေန္တု အတ္ထာ သုပကပ္ပိတာ စ၊
ကာလေန ဒေဝေါပိ ပဝဿတူတိ။

ဟူသော နောက်ဆုံးဂါထာဖြင့်= "လူများသနင်း မင်းဧကရာဇ်သည် သတ္တဝါအပေါင်းကို ရင်ဝယ်သားနှင့် မခြားတမူ စောင့်ရှောက်တော်မူပါစေသတည်း၊ လူများအပေါင်းတို့သည်လည်း တရားကျင့်ကြပါစေကုန်သတည်း၊ ကောင်းစွာကြံစည်ထားသော အကျိုးစီးပွားတို့သည်လည်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ပြီးမြောက်ပြည့်စုံပါစေကုန်သတည်း၊ ရှာသင့်ရာအခါ၌ မိုးသည်လည်း ရွာသွန်းပါစေသတည်း"ဟု တောင်းဆုချွေခဲ့လေသည်။

ယင်းအဘိဓာန်ဋီကာကျမ်းကြီးမှာ ကမ္ဘာအေး ဗုဒ္ဓသာသန အဖွဲ့ ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၆၂၁-မျက်နှာရှိလေသည်၊ ယင်း အဘိဓာန်ဋီကာကို သီဟိုဠ်ပါဠိသမိုင်း၌ "နိဃဏ္ဍုဋီကာ"ဟု ဖော်ပြထား ၏။

## စာပေလုပ်ငန်းတို့၌ ကျေးဇူးများ

ယင်းအဘိဓာန်ဋီကာကျမ်းကြီးသည် စာချ, စာသင်, စာပြင် ကိစ္စ အဝဝ၌ ကျေးဇူးများလှပေသည်၊ အထူးသဖြင့် တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရေးလုပ်ငန်းတွင် ပုဒ်ပါဌ်များ ဓာတ် ပစ္စည်းခွဲမှု, ဝိဂြိုဟ်ဝစနတ်ပြုမှု, လိင်အထားအသိုစသည်တို့၌ ကျေးဇူး များလှပေ၏။ များစွာအကူအညီရပေသည်။

## လောကနီတိပါဌ်

အမတ်ကြီးသည် လောကလူသားတို့ လိုက်နာကျင့်သုံးရန် ဂိဟိဝိနည်း (လူ့စည်းမျဉ်း)သဖွယ်ဖြစ်သည့် လောကနီတိပါဌ်ကျမ်းကို လည်း ဓမ္မပဒ, ဇာတ်ပါဠိတော်, သုတ္တနိပါတ် ဝသလသုတ်-စသည့် ပိဋကတ်ကျမ်းများနှင့်, သက္ကတ, စာဏကျနီတိ, ဟိတောပဒေသ-စသည်တို့မှ ထုတ်နုတ်၍ ပြုစုခဲ့လေသည်။ ၎င်းမှာလည်း ဂါထာဖြင့် ချည်းဖြစ်လေသည်၊ ပဏ္ဍိတကဏ္ဍ, သုဇနကဏ္ဍ-စသော အပိုင်းကဏ္ဍ ၇-ပိုင်းရှိပြီး ဂါထာပေါင်း ၁၆၇-ဂါထာ ပါရှိလေသည်။ ကျမ်းဦး၌-

လောကနီတိံ ပဝက္ခာမိ၊ နာနာသတ္ထသမုဒ္ဓဋံ။
မာဂဓေနေဝ သင်္ခေပံ၊ ဝန္ဒိတွာ ရတနတ္တယံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်-စသည်တို့ကို ဖော်ပြခဲ့လေသည်၊ လောကနီတိကျမ်းကား လောကထင်ရှား ယောက်ျား၏ အနှစ်အမြတ်လည်း ဖြစ်၏၊ အမိအဖလည်း မည်၏၊ ဆရာသမားလည်း မည်၏၊ အမြဲပေါင်းသင်း အဆွေခင်ပွန်းကောင်းလည်း မည်၏" ဟု အမတ်ကြီးကိုယ်တိုင်-

နီတိ လောကေ ပုရိသဿ သာရော၊

မာတာပိတာ အာစရိယော မိတ္တော စ-ဟူသောဂါထာ ၂-ပါဒဖြင့် ဖော်ပြခဲ့လေသည်၊ စင်စစ်ကား လောကနီတိကျမ်းသည် ရဟန်း, ရှင်, လူ မည်သူမဆို လေ့လာဆောင်ကျက်ထိုက်သော ကျမ်း-ကောင်းကျမ်းမွန်ပါတည်း။

## စက်လက္ခဏာဘုရားရှိခိုးပါဠ်, နိသျ

အမတ်ကြီးသည် မြတ်စွာဘုရား၏ တရာ့ရှစ်ကွက် စက်-လက္ခဏာရှိတော်မူသော ခြေတော်ရာဘုရားရှိခိုးကိုလည်း ရေးသားခဲ့လေသည်၊ ရွှေစက်တော်ဘုရား အဖူးအမျှော်သွားခိုက် ရေးသားသည်ဟု ထင်မိပေ၏၊ ၎င်းမှာ ၁၂-ဂါထာရှိလေသည်၊ နိသျပါ တခါတည်းရေးသားခဲ့ရာ လွန်စွာမှ ချောပြေသောဂါထာတို့ပါတည်း၊ ပင်းယခေတ်ပေါ် ပါဠ်, နိသျဘုရားရှိခိုးကို လွယ်ကူစွာလေ့လာအသုံးပြုနိုင်ရန် ဂန္ထဂရုဝန်လေးမှုကို သတိမပြုတော့ပဲ ဤ၌ဖော်ပြအပ်ပါသည်။

## စက်တော်ရာဘုရားရှိခိုး

(၁) ပါဒေသု ယဿ ဇာတာနိ၊ ဒွေ စက္ကာနိ သကမ္မတော။
နာနာကာရေဟိ ပုဏ္ဏာနိ၊ ဝန္ဒေ တံ ပုရိသုတ္တမံ။

(၂) သတ္တိ စ သိရိဝစ္ဆော စ နန္ဒိယာဝဋ္ဋမေဝ စ။
သောဝတ္ထိကော ဝဋံသော စ၊ ဝဍ္ဎမာနဉ္စ ပီဌကံ။

(၃) အင်္ကုသဉ္စေဝ ပါသာဒေါ၊ တောရဏံ ဆတ္တမေဝ စ။
ခဂ္ဂေါ စ တာလဝဏ္ဋဉ္စ၊ မောရဟတ္ထကဝီဇနီ။

(၄) ဥဏှီသံ မဏိ ပတ္တဉ္စ၊ ဒါမံ နီလုပ္ပလံ တထာ။
ရတ္တသေတုပ္ပလဉ္စေဝ၊ ပဒုမံ ပုဏ္ဍရိကံ တထာ။

(၅) ပုဏ္ဏဃဋော ပုဏ္ဏပါတိ၊ သမုဒ္ဒေါ စက္ကဝါဠကံ။
ဟိမဝါ စ သိနေရု စ၊ သူရိယော စန္ဒိမာ တထာ။

(၆) နက္ခတ္တာ စတုရော ဒီပါ၊ ဒွိသဟဿပရိတ္တကော။
စက္ကဝတ္တီ သေတသင်္ခေါ၊ မစ္ဆာနံ ယုဂဠံ တထာ။

(၇) စက္ကံ သတ္တ မဟာဂင်္ဂါ၊ မဟာသေလာ မဟာသရာ။
သုပဏ္ဏကော သံသုမာရော၊ ဓဇော ပဋာကမေဝ စ။

(၈) ပါဠင်္ကီ ဝါဠဗီဇနီ၊ ကေလာသပဗ္ဗတော တထာ။
သီဟရာဇာ ဗျဂ္ဃရာဇာ၊ ဝလာဟကော စ ဥပေါသထော။

(၉) ဗာသုကိ နာဂရာဇာ စ၊ ဟံသော စ ဥသဘော တထာ။
ဧရာဝဏော စ မကရော၊ ဟရိနာဝါ စတုမုခါ။

(၁၀) သဝစ္ဆကာ တထာ ဂါဝီ၊ ကိန္နရော ကိန္နရီပိ စ။
ကရဝီကော မယူရော စ၊ ကုဉ္စရာဇာ တထေဝ စ။

(၁၁) စက္ကဝါကဒိဇော စေဝ၊ ဇီဝဇီဝကနာမကာ။
ဆကာမာဝစရာ ဒေဝါ၊ ဗြဟ္မလောကာ စ သောဠသ။

(၁၂) တောနိဠုတ္တရသတ-လက္ခဏာနိ မဟေသိနော။
ပါဒေသု ယဿ ဒိဿန္တေ၊ ဝန္ဒေ တံ ပုရိသုတ္တမံ။

(၁) ယဿ ပုရိသုတ္တမဿ= အကြင်မြတ်စွာဘုရား၏။ ပါဒေသု= ခြေတော်တို့၌။ သံကမ္ပတော= ကောင်းမှုတော်ကြောင့်။ ဇာတာနိ= ဖြစ်ကုန်သော။ နာနာကာရေဟိ= အထူးထူးသော အကန့်အကွက်ပုံ-တောင်းတို့ဖြင့်။ ပုဏ္ဏာနိ= ပြည့်ကုန်သော။ ဒွေ= နှစ်ပါးကုန်သော။ စက္ကာနိ= စက်တော်တို့သည်။ သန္တိ= ရှိကုန်၏။ တံ ပုရိသုတ္တမံ= ထို မြတ်စွာဘုရားကို။ အဟံ= ငါသည်။ ဝန္ဒေ ဝန္ဒာမိ= ရှိခိုးပါ၏။

(၂) ယဿ မဟေသိနော= အကြင်မြတ်စွာဘုရား၏။ ပါဒေသု= ခြေတော်တို့၌။ သတ္တိ စ= လှံမလည်းကောင်း။ သိရိဝစ္ဆော စ= အိမ်မွန် လည်းကောင်း။ နန္ဒိယာဝဋ္ဋမေဝ စ= စလပ်ပန်းလည်းကောင်း။ သော-ဝတ္ထိကော စ= လည်ရေးသုံးဆင့်လည်းကောင်း။ ဝဋံသကော စ= ဦး-ဆောက်ပန်းလည်းကောင်း။ ဝဍ္ဍမာနဥ္စ= ထမင်းပွဲလည်းကောင်း။ ပီဌကံ စ= ရွှေသလွန်လည်းကောင်း။ အင်္ကုသဥ္စ= ချွန်းတောင်းလည်းကောင်း။ ပါသာဒေါ= ပြာသာဒ်လည်းကောင်း။ တောရဏံ စ= တံခါးတိုင်လည်း ကောင်း။ ဆတ္တမေဝ စ= ထီးဖြူလည်းကောင်း။ ခဂ္ဂေါ စ= သံလျက် လည်းကောင်း။ တာလဝဏ္ဍဥ္စ= ထန်းရွက်ယပ်လည်းကောင်း။ မောရ-ဟတ္ထကဗီဇနီ= ဥဒေါင်းမြီးယပ်လည်းကောင်း။ ဥဏှီသံ= သင်းကျစ် လည်းကောင်း။ မဏိ= ပတ္တမြားလည်းကောင်း။ ပတ္တဥ္စ= သပိတ်လည်း ကောင်း။ ဒါမံ= ပန်းဆိုင်းလည်းကောင်း။ နီလုပ္ပလံ= ကြာညိုလည်း

ကောင်း။ ရတ္တုပ္ပလံ= ကြာနီလည်းကောင်း။ သေတုပ္ပလဉ္စ= ကြာဖြူ လည်းကောင်း။ ပဒုမံ= ကြာပဒုမ္မာလည်းကောင်း။ ပုဏ္ဍရီကံ= ကြာပုဏ္ဍရိက်လည်းကောင်း။ ပုဏ္ဏဃဋော= မုံညင်းစေ့စသည်တို့ဖြင့်ပြည့်သော အိုးလည်းကောင်း။ ပုဏ္ဏပါတိ= မုံညင်းစေ့စသည်တို့ဖြင့်ပြည့်သော ဖလားလည်းကောင်း။ သမုဒ္ဒေါ= သမုဒ္ဒရာလည်းကောင်း။ စက္ကဝါဠံ= စကြာဝဠာလည်းကောင်း။ ဟိမဝါ စ= ဟိမဝန္တာတောင်လည်းကောင်း။ သိနေရု စ= မြင့်မိုရ်တောင်လည်းကောင်း။ သူရိယော စ= နေလည်းကောင်း။ တထာ= ထိုမှတပါး။ စန္ဒိမာ= လလည်းကောင်း။ နက္ခတ္တာ= နက္ခတ်တို့လည်းကောင်း။ ဒွိသဟဿပရိတ္တကော= ကျွန်းငယ်အရံနှစ်ထောင်နှင့်တကွကုန်သော။ စတုရောဒီပါ= လေးကျွန်းတို့လည်းကောင်း။ စက္ကဝတ္တီ= စကြာမင်းလည်းကောင်း။ သေတသင်္ခေါ= ခရုသင်းဖြူလည်းကောင်း။ တထာ= ထိုမှတပါး။ မစ္ဆာနံ= ငါးတို့၏။ ယုဂဠံ= အစုံလည်းကောင်း။ စက္ကံ= စက်လက်နက်လည်းကောင်း။ သတ္တမဟာဂင်္ဂါ= သီတာခုနစ်တန်တို့လည်းကောင်း။ သတ္တမဟာသေလာ= တောင်စဉ်ခုနစ်ထပ်တို့လည်းကောင်း။ သတ္တမဟာသရာ= အိုင်ကြီးခုနစ်အိုင်တို့လည်းကောင်း။ သုပဏ္ဏကော= ဂဠုန်လည်းကောင်း။ သံသုမာရော= မိကျောင်းလည်းကောင်း။ ဓဇော စ= တံခွန်လည်းကောင်း။ ပဋာကမေဝ စ= ကုက္ကားလည်းကောင်း။ ပါဋင်္ကီ= ရွှေသံလျင်းလည်းကောင်း။ ဝါဠဗီဇနီ= ရွှေဖြင့်ပြီးသော သားမြီးယပ်လည်းကောင်း။ ကေလာသပဗ္ဗတော= ကေလာသတောင်လည်းကောင်း။ တထာ= ထိုမှတပါး။ သီဟရာဇာ= ခြင်္သေ့မင်းလည်းကောင်း။ ဗျဂ္ဃရာဇာ= ကျားမင်းလည်းကောင်း။ ဝလာဟကော= ဝလာဟကမြင်းမင်းလည်းကောင်း။ ဥပေါသထော= ဥပေါသထဆင်မင်းလည်းကောင်း။ ဗာသုကီနာဂရာဇာ=

ဗာသုကိီနဂါးမင်းလည်းကောင်း-၁။ ဟံသော စ= ဟင်္သာမင်းလည်း-ကောင်း။ ဥသဘော စ= နွားမင်းလည်းကောင်း။ တထာ= ထိုမှတပါး။ ဧရာဝဏော= ဧရာဝဏ်ဆင်လည်းကောင်း။ မကာရော= မကာရ်လည်းကောင်း။ ဟရိနာဝါ= ရွှေလှေလည်းကောင်း။ စတုမုခါ= မျက်နှာလေးခုလည်းကောင်း။ တထာ= ထိုမှတပါး။ သဝစ္ဆကာ= သားငယ်ရှိသော။ ဂါဝီ= နွားမလည်းကောင်း။ ကိန္နရော= ကိန္နရာလည်းကောင်း။ ကိန္နရီပိ စ= ကိန္နရီမလည်းကောင်း။ ကရဝီကော= ကရဝိက်လည်းကောင်း။ မယူရော= ဥဒေါင်းလည်းကောင်း။ တထာ= ထိုမှတပါး။ ကုဉ္စရာဇာ= ကြိုးကြာငှက်မင်းလည်းကောင်း။ စက္ကဝါကဒိဇော စ= စက္ကဝတ်ငှက်လည်းကောင်း။ ဇီဝဇီဝကနာမကာ-၂= ဇီဝဖိုးငှက်လည်းကောင်း။ ဆ-ကာမာဝစရာဒေဝါ= နတ်ပြည်ခြောက်ထပ်လည်းကောင်း။ သောဠသ-ဗြဟ္မလောကာ စ= ဗြဟ္မာ့ပြည်တစ်ဆဲ့ခြောက်ထပ်တို့လည်းကောင်း။ ဣတိ= ဤသို့။ ဧတာနိ အဋ္ဌုတ္တရသတလက္ခဏာနိ= ဤတရာ့ရှစ်ပါးသော လက္ခဏာတော်တို့သည်။ ယဿ မဟေသိနော= အကြင်မြတ်စွာဘုရား၏။ ပါဒေသု= ခြေတို့၌။ ဒိဿန္တေ= ထင်ကုန်၏။ ပုရိသုတ္တမံ= ယောက်ျားမြတ်ဖြစ်တော်မူသော။ တံ မဟေသိံ= ထိုမြတ်စွာဘုရားကို။ အဟံ= ငါသည်။ ဝန္ဒေ ဝန္ဒာမိ= ရှိခိုးပါ၏။-၃

အမေးရတု ၃-ပုဒ်ကို ဆူးတွင်းပစ်ဆရာတော်အခန်း၌ ကြည့်ရှုရာ၏။

---

၁။ သက္ကတ၌ 'ဝါသုကိ'ဟု ရှိ၏၊ သို့ဖြစ်၍ "ဗာသုကိ"မှာလည်း ဝ နှင့် ဗ ကာရိကာရိယဖြစ်၍ သင့်သည်။ တချို့မူ၌ "ဖာသုကိ"ဟုရှိကား သင့်အံ့မထင်။

၂။ ဇီဝဇီဝကနာမကော-ရှိမှ သင့်မည်။

၃။ ယင်းစက်လက္ခဏာ ဘုရားရှိခိုးပါဋ်အနက်ကို ပင်းယခေတ်ပါဠိဂါထာ အရေးအသားနှင့် နိဿျရေးပုံကို သိနိုင်ရန် များစွာမပြင်ပဲ ထည့်သွင်းဖော်ပြပါသည်။

## လက္ခဏာတော်ငယ်ရှစ်ဆယ်ဂါထာများ

မြတ်စွာဘုရား၏ လက္ခဏာတော်ငယ်ရှစ်ဆယ် (အသီတိ-အနုဗျဉ္ဇန)တို့မှာ ပိဋကတ်တော် ပါဠိ, အဋ္ဌကထာ, ဋီကာ-တို့၌ စုံလင်စွာမပါရှိချေ။ "ဘဂဝတော အသီတိအနုဗျဉ္ဇနာနိ ဗျာမပ္ပဘာ-ဒွတ္တိံသမဟာပုရိသလက္ခဏာနိ"[၁] စသည်ဖြင့် လက္ခဏာတော်ငယ်ရှစ်-ဆယ်ရှိကြောင်းသာ တွေ့ရ၏၊ လက္ခဏာတော်ငယ်ရှစ်ဆယ် သရုပ်မှာ ပိဋကတ်ပါဠိ, အဋ္ဌကထာ, ဋီကာကြီးတို့၌ မပါမရှိချေ။ သို့ရာတွင် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀-တွင် ထင်ရှားသော အရှင်ဗုဒ္ဓရက္ခိတထေရ်ပြုစုသော "ဇိနာလင်္ကာရဋီကာ"၌ လာရှိလေသည်။[၂]

ဤ၌ သရုပ်ထုတ်ပြဦးအံ့။

(၁) စိတင်္ဂုလိကာ= အကြားမလပ် စေ့စပ်သောလက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း၊

(၂) အနုပုဗ္ဗင်္ဂုလိတာ= အရင်းမှအဖျားတိုင် အစဉ်အတိုင်း သွယ်ပျောင်းသောလက်ချောင်းတော်, ခြေချောင်းတော်ရှိခြင်း၊

(၃) ဝဋ္ဋင်္ဂုလိတာ= လုံးသောလက်ချောင်းတော်, ခြေချောင်းတော်ရှိခြင်း၊

(၄) တမ္ဗနခတာ= ရဲရဲနီမြန်းသော လက်ချောင်းတော်, ခြေ-ချောင်းတော်ရှိခြင်း၊

---

၁။ ဒီ၊ ဋ္ဌ၊ ၃။ ၁၀၁။ မ၊ ဋ္ဌ၊ ၂။ ၁၄၀။ မ၊ ဋ္ဌ၊ ၄။ ၂၀၄-စသည်။

၂။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၀၀-ကြည့်။

(၅) တုင်္ဂနခတာ= မြင့်သောချွန်းသောညွတ်သော လက်သည်း, ခြေသည်းတော်ရှိခြင်း၊

(၆) သိနိဒ္ဓနခတာ= သိမ်မွေ့ပြေပြစ်သောလက်သည်း, ခြေသည်းတော်ရှိခြင်း၊

(၇) နိဂူဠ္ဟဂေါပ္ဖကတာ= မရှိုက်မမိုသော ဖမျက်တော်ရှိခြင်း၊

(၈) သမပါဒတာ= ခြေချောင်းတော်ဆယ်ချောင်းလုံး အဖျားညီ-ညွတ်ခြင်း၊

(၉) ဂဇသမာနက္ကမတာ= ဆင်မင်းပမာ တင့်တယ်စံပယ်စွာ သွား-တော်မူခြင်း၊

(၁၀) သီဟသမာနက္ကမတာ= ခြင်္သေ့မင်းပမာ စံပယ်စွာ သွားတော်မူခြင်း၊

(၁၁) ဟံသသမာနက္ကမတာ= ဟင်္သာမင်းအလား စံပယ်စွာ သွား-တော်မူခြင်း၊

(၁၂) ဥသဘသမာနက္ကမတာ= နွားမင်းဥသဘသဖွယ် စံပယ်စွာ သွားတော်မူခြင်း၊

(၁၃) ဒက္ခိဏာဝဋ္ဋဂတိတာ= လက်ျာရစ်လည်၍ ကြွသွားတော်မူခြင်း၊

(၁၄) သမန္တတော စာရုဇာဏုမဏ္ဍလတာ= ထက်ဝန်းကျင်မှ ရှုချင်စဖွယ် တင့်တယ်သော ပုဆစ်ဒူးဝန်းရှိခြင်း၊

(၁၅) ပရိပုဏ္ဏပုရိသဗျဉ္ဇနတာ= ပြည့်စုံအောင်မြင်သော ယောက်ျားနိမိတ်ရှိခြင်း၊

(၁၆) အစ္ဆိဒ္ဒနာဘိတာ= လက်ျာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ်သော ချက်ရှိတော်မူခြင်း၊

(၁၇) ဂမ္ဘီရနာဘိတာ= နက်သောချက်တော်ရှိခြင်း၊

(၁၈) ဒက္ခိဏာဝဋ္ဋနာဘိတာ= လက်ျာရစ်လည်သော အရေး-
အကြောင်းရှိသော ချက်တော်ရှိခြင်း၊
(၁၉) ဒွိရဒကရသဒိသဦရုဘုဇတာ= ဆင်နှာမောင်းနှင့်တူသောပေါင်-
တော်, လက်ရုံးတော်ရှိခြင်း၊
(၂၀) သုဝိဘတ္တဂတ္တတာ= ကောင်းစွာဝေဖန်အပ်သော ကိုယ်တော်
ရှိခြင်း၊
(၂၁) အနုပုဗ္ဗဂတ္တတာ= အစဉ်အတိုင်း ရွေ့ရွေ့တက်သော ကိုယ်-
တော်ရှိခြင်း၊
(၂၂) မဋ္ဌဂတ္တတာ= ပြေပြစ်ချောမွတ်သော ကိုယ်တော်ရှိခြင်း၊
(၂၃) အနုဿန္နာနုဿန္နသဗ္ဗဂတ္တတာ= မရှိုက်မမို့မမောက်သော
ကိုယ်တော်ရှိခြင်း၊
(၂၄) အလီနဂတ္တတာ= မတွန့်မလိပ်သော ကိုယ်တော်ရှိခြင်း၊
(၂၅) တိလကာဒိဝိရဟိတဂတ္တတာ= မှည့်စသည်မှကင်းသော ကိုယ်
တော်ရှိခြင်း၊
(၂၆) အနုပုဗ္ဗရုစိရဂတ္တတာ= အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်
တော်ရှိခြင်း၊
(၂၇) သုဝိသုဒ္ဓဂတ္တတာ= အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်
ရှိခြင်း၊
(၂၈) ကောဋိသဟဿဟတ္ထိဗလဓာရဏတာ= ကုဋေတစ်ထောင်
သော ကာဠာဝကဆင်တို့၏ အားကိုဆောင်
နိုင်သော အားတော်ရှိခြင်း၊
(၂၉) တုင်္ဂနာသတာ= ရွှေချွန်းသဘွယ် မြင့်တက်သောနှာခေါင်း
တော်ရှိခြင်း၊

(၃၀) သုရတ္တဒွိဇမံသတာ= အလွန်နီမြန်းသော သွားဖုံးသားတော်ရှိခြင်း၊
(၃၁) သုဒ္ဓဒန္တတာ= စင်ကြယ်သောသွားတော်ရှိခြင်း၊
(၃၂) သိနိဒ္ဓဒန္တတာ= သိမ်မွေ့ပြေပြစ်သော သွားတော်ရှိခြင်း၊
(၃၃) ဝိသုဒ္ဓိန္ဒြိယတာ= စင်ကြယ်သော မျက်စိစသောဣန္ဒြေရှိခြင်း၊
(၃၄) ဝဋ္ဋဒါဋ္ဌာတာ= လုံးသော စွယ်တော်ရှိခြင်း၊
(၃၅) ရတ္တောဋ္ဌတာ= နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း၊
(၃၆) အာယတဝဒနတာ= ရှည်သော ခံတွင်းတော်ရှိခြင်း၊
(၃၇) ဂမ္ဘီရပါဏိလေခတာ= နက်သော လက္ခဏာအရေးအသားရှိခြင်း၊
(၃၈) အာယတလေခတာ= ရှည်သော လက္ခဏာအရေးအသားရှိခြင်း၊
(၃၉) ဥဇုကလေခတာ= မကွေ့မကောက်ဖြောင့်သော လက္ခဏာအရေးအသားရှိခြင်း၊
(၄၀) သုရုစိရသဏ္ဌာနလေခတာ= လွန်စွာတင့်တယ်သော သဏ္ဌာန်ရှိသော လက္ခဏာအရေးအသားရှိခြင်း၊
(၄၁) ပရိမဏ္ဍလကာယပ္ပဘာဝန္တတာ= ထက်ဝန်းကျင်ဝန်းဝိုင်းသော ကိုယ်တော်ရောင်ရှိခြင်း၊
(၄၂) ပရိပုဏ္ဏကပေါလတာ= ပြည့်ဖြိုးသော ပါးစောင်ပါးပြင်ရှိခြင်း၊
(၄၃) အာယတဝိသာလနေတ္တတာ= ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော် မျက်ရေးတော်ရှိခြင်း၊
(၄၄) ပဉ္စပသာဒဝဏ္ဏနေတ္တတာ= ငါးမျိုးသောအဆင်းဖြင့် လွန်စွာကြည်လင်သော မျက်လုံးတော်ရှိခြင်း၊

(၄၅) အာကုဉ္စိတဂ္ဂပခုမတာ= အဖျားကော့ရရော့ရှိသော မျက်-
တောင်မွေးတော်ရှိခြင်း၊

(၄၆) မုဒုတနုကရတ္တဇိဝှတာ= နူးညံ့ပါးလွှာနီမြန်းသော လျှာတော်
ရှိခြင်း၊

(၄၇) အာယတရုစိရကဏ္ဏတာ= ရှည်လျားတင့်တယ် နှစ်လိုဖွယ်သော
နားတော်ရှိတော်မူခြင်း၊

(၄၈) နိဂ္ဂဏ္ဍိသိရတာ= အဖုအထစ် အလုံးအဖွဲ့ကင်းသည့် အကြော
တော်ရှိခြင်း၊

(၄၉) နိဂ္ဂူဠ္ဌသိရတာ= မရှိုက်မမိုမမောက်သော မထင်ရှားမပေါ်
သော အကြောတော်ရှိခြင်း၊

(၅၀) ဝဋ္ဋဆတ္တနိဘစာရုသီသတာ= လုံးဝန်းသော ထီးဝန်းသဖွယ်
တင့်တယ်သော ဦးခေါင်းတော်ရှိခြင်း၊

(၅၁) အာယတပုထုလနလာဋ္ဌသောဘတာ= ရှည်လျားပြန့်ကျယ်
တင့်တယ်သော နဖူးတော်ရှိခြင်း၊

(၅၂) သုသဏ္ဌာနဘမုကတာ= ပကတိပင်ကိုယ် တင့်တယ်၍
ပုံသဏ္ဌာန်လှပသော မျက်မှောင်မျက်ခုံးတော်
ရှိခြင်း၊

(၅၃) အနုလောမဘမုကတာ= ညွတ်ညွတ်တက်သော မျက်မှောင်
မျက်ခုံးတော်ရှိခြင်း၊

(၅၄) သဏှဘမုကတာ= နူးညံ့သိမ်မွေ့သော မျက်မှောင်မျက်ခုံးတော်
ရှိခြင်း၊

(၅၅) မဟန္တဘမုကတာ= ကြီးသောမျက်မှောင်, မျက်ခုံးတော်ရှိခြင်း၊

(၅၆) အာယတဘမုကတာ= ရှည်သွယ်သော မျက်မှောင်မျက်ခုံး
တော်ရှိခြင်း၊

(၅၇) သုခုမာလဂတ္တတာ= သိမ်မွေ့သော ကိုယ်တော်ရှိခြင်း၊
(၅၈) အတိဝိယသောမ္မဂတ္တတာ= လွန်စွာချမ်းအေးသော ကိုယ်တော်ရှိခြင်း၊
(၅၉) အတိဝိယဥဇ္ဇလိယဂတ္တတာ= လွန်စွာထွန်းပသော ကိုယ်တော်ရှိခြင်း၊
(၆၀) ဝိမလဂတ္တတာ= ညစ်ကြေးကင်းစင် ကြေးညှော်မတင်သော ကိုယ်တော်ရှိခြင်း၊
(၆၁) ကောမလဂတ္တတာ= မစေးမထိုင်းသော ကိုယ်တော်ရှိခြင်း၊
(၆၂) သိနိဒ္ဓဂတ္တတာ= သိမ်မွေ့ပြေပြစ်သော ကိုယ်တော်ရှိခြင်း၊
(၆၃) သုဂန္ဓတနုတာ= မွှေးကြိုင်သော ကိုယ်တော်ရှိခြင်း၊
(၆၄) သမလောမတာ= ညီညွတ်သော မွေးညင်းတော်ရှိခြင်း၊
(၆၅) ကောမလလောမတာ= မစေးမထိုင်းသော မွေးညင်းတော်ရှိခြင်း၊
(၆၆) ဒက္ခိဏာဝဋ္ဋလောမတာ= လက်ျာရစ်လည်၍တည်သော မွေး-ညင်းရှိခြင်း၊
(၆၇) ဘိန္နဥ္စနသဒိသနီလလောမတာ= ကွဲပြတ်သောမျက်စဉ်းခဲတ်ကျောက်လို ညိုသောမွေးညင်းတော်ရှိခြင်း၊
(၆၈) ဝဋ္ဋလောမတာ= လုံးသော မွေးညင်းတော်ရှိခြင်း၊
(၆၉) သိနိဒ္ဓလောမတာ= သိမ်မွေ့သော မွေးညင်းတော်ရှိခြင်း၊
(၇၀) အတိသုခုမအဿာသပဿာသဓာရဏတာ= အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်ခြင်း၊
(၇၁) သုဂန္ဓမုခတာ= မွှေးကြိုင်သော ခံတွင်းတော်ရှိခြင်း၊
(၇၂) သုဂန္ဓမုဒ္ဓတာ= မွှေးကြိုင်သော ဦးထိပ်တော်ရှိခြင်း၊
(၇၃) သုနီလကေသတာ= အလွန်မည်းနက်သော ဆံတော်ရှိခြင်း၊

(၇၄) ဒက္ခိဏာဝဋ္ဋကေသတာ= လက်ျာရစ်လည်သော ဆံတော်ရှိခြင်း၊
(၇၅) သုသဏ္ဌာနကေသတာ= သဏ္ဌာန်ကောင်းသော ဆံတော်ရှိခြင်း၊
(၇၆) သိနိဒ္ဓသဏှကေသတာ= သိမ်မွေ့နူးညံ့သော ဆံတော်ရှိခြင်း၊
(၇၇) အလုဠိတကေသတာ= မရောယှက်သော ဆံတော်ရှိခြင်း၊
(၇၈) သမကေသတာ= အတိုအရှည် နှစ်လီမပြား တူမျှသောဆံ-တော်ရှိခြင်း၊
(၇၉) ကောမလကေသတာ= မစေးမထိုင်းသော ဆံတော်ရှိခြင်း၊
(၈၀) ကေတုမာလာရတနဝိစိတ္တတာ= ကေတုမာလာရောင်လျှံတော်ဖြင့် ဆန်းကြယ်တော်မူခြင်း၊

ဤသို့အားဖြင့် ဘုရားရှင်လက္ခဏာတော်ငယ်ပေါင်း ရှစ်ဆယ်ရှိလေ၏။ (ဇိနာလင်္ကာရဋီကာ။ ၁၉၈။ ကစ္စာယနဘေဒဋီကာသစ်။ ၁၅၀။)

စတုရင်္ဂဗလအမတ်ကြီးသည် ဖော်ပြပါ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ကို အောက်ပါအတိုင်း ဂါထာဖွဲ့ဆို၍ စီကုံးခဲ့လေသည်။

(၁) စိတင်္ဂုလာနုပုဗ္ဗ စ၊ သမတေမဝိဝဋ္ဋကာ။
လာခါရသော စ ဒန္တာ စ၊ တမ္ဗနခါ စ တုင်္ဂတာ။

(၂) သိနိဒ္ဓနခတာ စာပိ၊ နိဂုဋ္ဌဂေါပ္ဖကာပိ စ။
သမပါဒါ ဂဇသော၀၊ သီဟဟံသုသဘာသ စ။

(၃) သမာနကမတာ စေ၀၊ ဒက္ခိဏာ၀တ္တဂတိတာ။
သမန္တတော စာရုဇာနု-မဏ္ဍလာကာရသဏ္ဌိတာ။

(၄) ပုရိသဗျဉ္ဇနသမ္ပန္နာ၊ ဂမ္ဘီရစ္ဆိန္နနာဘိတာ။
ဒက္ခိဏာဝတ္တနာဘီ စ၊ ဒါကရိယဿ ကရောယတေ။

(၅) ဦရုဘုဇာ သုသဏ္ဌာနာ၊ သုဝိဘတ္တကဂတ္တတာ။
အနုပုဗ္ဗမဋ္ဌဂတ္တာ၊ ပုဗ္ဗနုဿန္နဥပ္ပန္နာ။

(၆) ဝတ္တဍ္ဎင်္ဂုလိဝဋ္ဋတာ၊ တိလကာဒိဝိရဟိတာ။
အနုပုဗ္ဗေနရုစိရ၊ သုဝိသုဒ္ဓဂတ္တာဍ္ဎဝ။

(၇) ဗလေသု ကာယဇဗလံ၊ ကောဋိသဟဿဟတ္ထီနံ။
ဗလေန သဒိသံ မတံ၊ တုင်္ဂနာသာ ရတ္တဒန္တာ။

(၈) မံသတာ သုဒ္ဓဒန္တတာ၊ သိနိဒ္ဓဒန္တတာပိ စ။
သုဒ္ဓက္ကန္ဒြိယတာပိ စ၊ သုဝဋ္ဋဒါဌတာ စေဝ။

(၉) ဝဋ္ဋဒါဌရတ္တောဋ္ဌော စ၊ အာယတဝဒနာ တထာ။
ဂမ္ဘီရပါဏိလေခါ စ၊ အာယတလေခတာပိ စ။

(၁၀) ဥဇုလေခသုရုစိတာ၊ သဏ္ဌာနလေခတာ အဋ္ဌ။
ပါမဏ္ဍလော ပဘာဝဋ္ဋော၊ ပရိပုဏ္ဏကပေါလတာ။

(၁၁) ဝိသာလာယတနေတ္တာ စ၊ ပဉ္စပသာဒဗန္ဓကာ။
ပခုမာကုဉ္စိတဂ္ဂါ စ၊ နီလယုတ္တံ မုဒုတနု။

(၁၂) ရုစိရာယုတ္တဝဏ္ဏာ စ၊ နိဂုဏ္ဍိသိရတာပိ စ။
နိဂုဋ္ဋသိရတာ သာတု၊ သိရောသတ္ထနိဘော တထာ။

(၁၃) အာယတပုထုလော သုဘော၊ နလာတော သူရိယောနိဘော။
ဘမုကာ စ သုသဏ္ဌာနာ၊ သဏ္ဌာနုလောမတော မဟာ။

(၁၄) အာယတာ စ ပုထုလာ စ၊ သုခုမာဟိတသောဘတာ။
အတိဇလိတလောမော စ၊ ကောမလဥ္စ သိနိဒ္ဓတာ။

(၁၅) သုဂန္ဓတနုကော စေဝ၊ လောမလောမတော သမာ။
ဒက္ခိဏာဝတ္တလောမာ စ၊ ဘိန္နဉ္ဇနနာဂါ ယထာ။

(၁၆) အတိနီလာ သိနိဒ္ဓါ စ၊ သုခုမသ္သ ဖဿသတာ။
သုဂန္ဓမုခတာ စာပိ၊ သုဂန္ဓမုဒ္ဓတာပိ စ။

(၁၇) ကေသာ သုနီလဒက္ခိဏာ၊ ဝဋ္ဋသဏ္ဌာနသုန္ဒရာ။
သိနိဒ္ဓသဏှလုဠိတာ၊ သမာ စ ကောမလာပိ စ။

(၁၈) ကေတုမာလာ စ ရတနေဟိ၊ ရဇတာကာရမဏ္ဍိတာ။
ဒွတ္တိံ သလက္ခဏာ ဓရာ၊ အသီတိအနုဗျဉ္ဇနာ- [၁]။

ဤကား စတုရင်္ဂဗလအမတ်ကြီး ရေးသားဖွဲ့ဆိုစီကုံးခဲ့သည့် လက္ခဏာတော်ငယ်ရှစ်ဆယ် ဂါထာများတည်း၊ လိုချင်၍ရှာလျှင် မလွယ်ကူပါ၊ သို့ဖြစ်၍ သုတေသီတို့ လွယ်လွယ်ကူကူ ကြည့်ရှုနိုင်ရန် ဤပဋ္ဌာနသာသနာဝင်၌ ဖော်ပြခြင်းဖြစ်လေရာ စကားကျောရှည်သည် ဟု အပြစ်တင်မစောရာ။

---

၁။ ကစ္စာယနဘေဒဋီကာသစ်။ ၁၅၁-၂။
ဂါထာများကို သုတ်သင်သင့်သလောက် သုတ်သင်ထား၏၊ သို့ရာတွင် လုံး၀ သန့်ရှင်းပြီ-ဟု မဆိုနိုင်သေးချေ။

## ဟိတောပဒေသနိဿျ

သာသနာသက္ကရာဇ် ၁၁၀၀-ကျော်လောက်က ဘာရတနိုင်ငံ မဇ္ဈိမဒေသ၌ ဝိဿုဂုမ (ဝိဏ္ဏုသမ္မ) ပညာရှိအမတ်ကြီးသည် ပါဋ္ဌလိပုတ်ပြည့်ရှင် ဘုရင်သုဒဿနဧ၏သားတော်တို့အား သွန်သင်ဆုံးမနည်းလမ်းပြရန်အတွက် ဟိတောပဒေသကျမ်းကို ရေးသားခဲ့သည်၊ ယင်းကျမ်းကို-

သုတော ဟိတောပဒေသောယံ၊ ပါဋ္ဌဝံ မာဂဓုတ္တိသု။
ဝါစံ သဗ္ဗတြ ဝိစိတြံ၊ နီတိဝိဇ္ဇံ တဒါတိ စ။

ဟူသောဂါထာဖြင့် အစချီသည်၊ ယင်းဟိတောပဒေသ၏ မြန်မာစကားပြေ ဝတ္ထုကိုလည်း စတုရင်္ဂဗလအမတ်ကြီး ရေးသားခဲ့လေသည်၊ ဟိတောပဒေသဝတ္ထုမှာ အင်္ဂါ ၂၀-ကျော်ရှိ ဂန္ထဝင်မြောက်ကျမ်းဂန်ကြီးပေတည်း။ အမတ်ကြီးကား ထူးခြားသည့် တခေတ်တစ်ယောက်ဟု ဆိုလောက်သည့် ပညာရှိအမတ်ကြီးသာတည်း။

## ကွယ်လွန်ခြင်း

အမတ်ကြီးသည် သူမြတ်နိုးလှသည့် စာပေလုပ်ငန်း, တိုင်းပြုပြည်ပြုလုပ်ငန်းတို့ကို ထားခဲ့ကာ နေ့စေ့သောနေ့တနေ့တွင် ကွယ်-လွန်ခဲ့လေသည်။

စတုရင်္ဂဗလာဝှယော၊
မဟာမစ္စော သုပဏ္ဍိတော။
လောကသာသနဝုဒ္ဓိံ သော၊
ကတွာ မစ္စုဝသံ ဂတော။

## ကစ္စာယနဝဏ္ဏနာကျမ်းပြု အရှင်ဝိဇိတာဝီမထေရ်

အရှင်ဝိဇိတာဝီမထေရ်သည် သက္ကရာဇ် ၉၈၀-ခုနှစ်တွင် ထင်ရှားသည့် ဆရာတော်ဖြစ်လေသည်၊ ကျမ်းဂန်တတ်ဆရာသမားတို့ထံ ချဉ်းကပ်၍ ပညာသင်ကြားခဲ့သဖြင့် ကျမ်းဂန်တတ်ဆရာတော်တစ်ပါး ဖြစ်လေသည်၊ အထူးသဖြင့် ဗျာကရုဏ်းကျမ်းများ၌ များစွာအလေ့ အလာပြုတော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် ကစ္စည်းသဒ္ဒါကျမ်း၏ အဖွင့်ကျမ်းကို "ကစ္စာယနဝဏ္ဏနာ"ဟူသောအမည်ဖြင့် ရေးသားပြုစုတော်မူခဲ့လေသည်၊ ယင်းသို့ ပြုစုရာ၌ န្យာသကျမ်း, ပဒရူပသိဒ္ဓိကျမ်း, သဒ္ဒနီတိကျမ်းကြီး, သုတ္တနိဒ္ဒေသကျမ်းတို့ကို မှီငြမ်းပြု၍ ရေးသားပြုစုတော်မူခြင်းဖြစ်လေသည်၊ ကျမ်းရေးရာ၌ ရည်ရွယ်ချက်မှုကား စာသင်ပျို့နုနယ်တို့ အလွယ်တကူ သဒ္ဒါတတ်မြောက်ရန်ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း "ယတိ-ပေါတာနမတ္ထာယ၊ ကသံ ကစ္စာယနဝဏ္ဏနံ"ဟူသော ကျမ်းဦး(ဂန္ထာ-ရမ္ဘ)စကားဖြင့် သိသာလေသည်။

ဆရာတော်အရှင်ဝိဇိတာဝီသည် ကျမ်းဦး၌-

အဝိသုဒ္ဓဿ ဇနဿ၊ သုဒ္ဓိသမ္ပာပကံ ဇိနံ။
မောဟဿ ခံသကံ ဓမ္မံ၊ နတွာ သံဃနိရင်္ဂဏံ။

ဥပိတ မေဒင်္ဂမှို၊ ဧသော အင်္ဂေါတိအာဒိနာ။
နတွာ တဥ္စ မဟာထေရံ၊ န្យာသာဒိကာရကံပိ စ။

ဗုဒ္ဓပ္ပိယာစရိယဉ္စ၊ ရူပသိဒ္ဓိဝိဓာယကံ။
သဒ္ဒနီတိကာရကဉ္စ၊ တတိယမဂ္ဂပဏ္ဍိတံ။

နိဿယက္ကာရကဉ္စာပိ၊ နိဒ္ဒေသကာရကမ္ပိ စ။
ဝန္ဒိတ္ဂွာ တေသမာလမ္ဗ၊ နိစ္ဆယံ သုဝိနိစ္ဆယံ။

ဟူသောဂါထာတို့ဖြင့် ရတနာသုံးပါးနှင့်တကွ ကစ္စည်းကျမ်းပြု အရှင်ကစ္စည်းထေရ်, နျာသကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိထေရ်, ရူပသိဒ္ဓိကျမ်းပြု အရှင်ဗုဒ္ဓပိယထေရ်, သဒ္ဒနီတိကျမ်းပြု တတိယအဂ္ဂပဏ္ဍိတ အရှင်အဂ္ဂဝံသထေရ်, သဒ္ဒနီတိနိဿယကျမ်းပြုထေရ်-[၁], သုတ္တနိဒ္ဒေသကျမ်းပြု အရှင်သဒ္ဓမ္မဇောတိပါလထေရ်တို့ကိုလည်း ရှိခိုးဦးချပဏာမပြုတော်မူခဲ့လေသည်။

အရှင်ဝိဇိတာဝီထေရ်သည် ဂန္ထာရမ္ဘအပြီး သာမညအနုသန္ဓေ, ဝိသေသအနုသန္ဓေတို့ကို ဖော်ပြခဲ့သည်။

အန္တရာယ ဝိဃာတတ္ထံ၊ မင်္ဂလာဒိအတ္ထာယ စ။
တေသံ ဂန္ထာနမာရမ္ဘေ၊ ပဏာမာဒီနိ ဝုစ္စရေ။

သညာနိမိတ္တံ ကတ္တာ စ၊ ပရိမာဏံ ပယောဇနံ။
သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗံ ဝတ္ထုမိစ္ဆတာ။

ဟူသော ရှေးဆရာတို့၏ အဆိုအမိန့်များကိုလည်း ကိုးကားဖော်ပြတော်မူသည်။

---

၁။ သဒ္ဒနီတိနိဿယကား ဆရာတော်ဦးဗုဓ်နိဿယ မပေါ်ခင် အရှင်ဝိဇိတာဝီတို့ ခေတ်ကပင် ရှေးနိဿယရှိဟန်ရှိ၏။

## ကျမ်းစာရေးသားပုံ

ကျမ်းစာကို ခက်ခက်မရေး လွယ်လွယ်ရေးသားသဖြင့် သာမန်ပါဠိတတ်သူပင် ကြည့်ရှုလေ့လာဖြစ်သော ကျမ်းဖြစ်သည်၊ အနက်ပေးပုံ ရုပ်တွက်ပုံတို့အပြင် အဆုံးအဖြတ် အာစရိယဝါဒများစသည်တို့ပါဝင်ရာ ကစ္စာယနဝဏ္ဏနာကျမ်းသည် ကျမ်းစာကောင်းဖြစ်၏၊ ရူပသိဒ္ဓိ, သဒ္ဒနီတိ, သုတ္တနိဒ္ဒေသ, မုခမတ္တသာရ, နိရုတ္တိကာရိကာစသည်တို့ကိုးကားချက်တို့ကို များစွာတွေ့ရလေသည်၊ ဆရာတော်သည် ကျမ်းဂန်နှံ့စပ်သည်၊ ပါဠိနိုင်နင်းသည်၊ ကစ္စာယနဝဏ္ဏနာကျမ်းသည် ရန်ကုန်မြို့ ဇမ္ဗုမိတ်ဆွေပုံနှိပ်တိုက် ၁၉၁၆-ခုရိုက် ရှိုင်ဆိုက် ၄၂၉-မျက်နှာရှိလေသည်။

ဖော်ပြပါ ကစ္စာယနဝဏ္ဏနာကျမ်းပြီးချိန်ကား ပင်းယမြို့လျှမ်းလျှမ်းတောက် ကောင်းစားချိန်မဟုတ်တော့ချေ၊ အင်းဝခေတ်တွင် ပင်းယကား မြို့တော်ဟောင်းအဖြစ် တည်ရှိချိန်ဖြစ်၏၊ သက္ကရာဇ် ၉၈၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့ ဖြစ်၏၊ ယင်းသို့ဖြစ်ကြောင်း-

နဝသတေ သက္ကရာဇေ အဋ္ဌဟိ အသီတိယာပိ စ။
ပတ္တေ ကတ္တိကမာသဿ၊ သုက္ကပက္ခဋ္ဌမေ ဒိနေ။

ဟူသော နိဂုံး၌ ဖော်ပြတော်မူခဲ့လေသည်။

## ကျမ်းပြုပုံနှိပ်ဌာန

အရှင်ဝိဇိတာဝီသည် ကျမ်းကို မကျဉ်းမကျယ်ရေးသားတော်မူခဲ့သည်၊ ၎င်းပြင် ပင်းယမြို့တော်ဟောင်း၌ လွှားလွှားဝင့်ဝင့် တံခွန်လွင့်သည့်သဖွယ် နန္ဒမူလာစသောလိုဏ်ဂူ, သိမ်တန်ဆောင်းစသည့်

အဆောက်အဦ, မြစ်ချောင်း, တောင်, ရေကန်စသည်ဖြင့် အဆန်း တကျယ် ချယ်လှယ်ဝန်းရံနေသော အဘယဂိရိတောင်ရှိ ဟံသာဝတီ ဆင်ဖြူငါးစီးရှင် ဘုရင်းမင်းတရား၏မြေးရင်း မင်းရဲကျော်စွာဆောက်-လုပ်သောကျောင်း၌ နေစဉ် ရေးသားတော်မူခဲ့လေသည်၊ ယင်းသို့ ဖြစ်ကြောင်းကိုလည်း–

နာတိသင်္ခေပဝိတ္ထာရော၊ သိဒ္ဓါ ကစ္စာနဝဏ္ဏနာ။
ပံယာဘိချာတပုရမှိ၊ ဥဿိတဒ္ဓဇသန္နိဘော။

လင်္ကာတော နန္ဒမူလာဒိ-လေဏသီမာဒိကေဟိ စ။
နဒီပဗ္ဗတဝါပီဟိ၊ စိတ္တေဟိ ပရိဝါရိတော။

နဂေါ အဘယဂိရီတိ၊ သဗ္ဗဒိသာသု ပါကဋော။
ဟံသာဝတီပုရိန္ဒဿ၊ ပစ္စ သေတိဘသာမိနော။

နတ္တာ ယော သုရုစ္စနာတိ၊ နာမေနာဘိသုပါကဋော။
အကာသိ သော ဧတ္ထာဝါသံ၊ ရမ္မံ ဒေဝသဘောပမံ။

ဝသတိ ဧတ္ထ ယော ထေရော၊
သာသနဿ ဟိတာဝဟော။
မဟာသဒ္ဒေန သဟိတော၊
ဝိဇိတာဝီတိ နာမိနာ။
ရစိတာ တေန ထေရေန၊
ဧသာ ကစ္စာနဝဏ္ဏနာ။

ဟူသောဂါထာများဖြင့် နိဂုံး၌ ဖော်ပြတော်မူခဲ့လေသည်။

## သီဟိုဠ်သာသနာဝင်၌ မှတ်တမ်းတင်

သီဟိုဠ် သာသနဝံသဒီပကျမ်းပြုဆရာတော် မဟာကဝိဝိမလထေရ်သည် သီဟိုဠ်သာသနာဝင်ကျမ်း၌-

ကစ္စာယနဝဏ္ဏနာစာပိ၊ ထေရေန ဝိဇိတာဝိနာ။
ရစိတာ ပုဒ္ဓိမန္တေန၊ ထေရေန ဝိဇိတာဝိနာ။

ဟူသောဂါထာဖြင့် မှတ်တမ်းတင်ခဲ့လေသည်၊ သို့ဖြင့် ကစ္စာယနဝဏ္ဏနာကျမ်းသည် သီဟိုဠ်၌ ထင်ရှားသောကျမ်းဖြစ်လေသည်။ "ဝါစကောပဒေသပါဌ်"ကိုလည်း ကစ္စာယနဝဏ္ဏနာကျမ်းပြု အရှင်ဝိဇိတာဝီထေရ်သည်ပင် ပြုသည်ဟု သာသနဝံသပဒီပိကာ-၌ ဆိုသည်။

## ပင်းယခေတ်နောက်ပိုင်း ပင်းယသာသနာပြု

အရှင်ဝိဇိတာဝီကား ပင်းယနှောင်းခေတ်တွင် ပင်းယမြို့တော်ဟောင်း၌ သာသနာရောင် တောက်ပြောင်လင်းလက်အောင် ဆောင်ရွက်တော်မူသည့် ပင်းယသာသနာပြုပုဂ္ဂိုလ်တစ်ပါးပါတည်း၊ ယင်းသို့သာသနာပြုနေစဉ် အနိစ္စသဘောသို့ ရောက်တော်မူခဲ့လေသည်။

ဝိဇိတာဝီ ဓိတိမာ ဟိ၊
နေကဂန္ထေ ဝိသာရဒေါ။
သာသနံ ဇောတယိတွာန၊
ပယာတာနိစ္စတာဝသံ။

## အရှင်သဒ္ဓမ္မဂုရုထေရ်

အရှင်သဒ္ဓမ္မဂုရုထေရ်သည် ပင်းယသာသနာတွင် ထင်ရှားသည့် ကျမ်းဂန်ပြုပုဂ္ဂိုလ်တစ်ပါး ဖြစ်လေသည်၊ ပင်းယမြို့ ကျော်စွာကျောင်း ဆူးတွင်းပစ်ဆရာတော် အရှင်နာဂိတထေရ်၏တပည့် ဖြစ်မည်ဟု ထင်မိပေ၏၊ သို့ရာတွင် ရှေးက သမိုင်းပညာရှင်တို့က အရှင်-သဒ္ဓမ္မဂုရုကို မည်သည့်ဆရာ၏တပည့် မည်သည့်ကျောင်းတိုက်ထွက်ဟု မဖော်ပြခဲ့ကြပဲ "သဒ္ဒဝုတ္တိပါဠ်"ကို ပင်းယမြို့ အရှင်သဒ္ဓမ္မဂုရုမထေရ်ပြုသည်ဟုသာ သာမန်စိစစ်ဖော်ပြခဲ့ကြကုန်၏။

## သဒ္ဒဝုတ္တိပါဠ်ကိုပြုစုခြင်း

အရှင်သဒ္ဓမ္မဂုရုသည် သဒ္ဒဝုတ္တိပါဠ်ကျမ်းကို ပြုစုတော်မူခဲ့လေသည်၊ ကျမ်းဆရာပေးနာမည်ကား "သဒ္ဒဝုတ္တိပကာသက"ဖြစ်လေသည်၊ ကျမ်းဦး၌-

အနန္တဂုဏသမ္ဗုဒ္ဓံ၊ သဒ္ဒဝုတ္တိပကာသကံ။
သဒ္ဓမ္မာရိယသံဃဉ္စ၊ သက္ကစ္စံ အဘိဝါဒိယ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမပြုတော်မူခဲ့လေသည်။ ၎င်းပြင်-

သဒ္ဒဝုတ္တိနိမိတ္တေသု၊ ဆေကကာမေန ဘိက္ခုနာ။
ယာစိတောဟံ ကရိဿာမိ၊ သဒ္ဒဝုတ္တိပကာသကံ။

ဟူသောဂါထာဖြင့် သဒ္ဒဖြစ်ခြင်း၏အကြောင်း, ပဝတ္တနိမိတ်တို့၌ ကျွမ်းကျင်လိမ္မာတတ်မြောက်လိုသော ရဟန်းတော်တစ်ပါး တောင်းပန်သောကြောင့် သဒ္ဒါဖြစ်ကြောင်း ပဝတ္တနိမိတ်ကို ပြရာပြကြောင်းဖြစ်သောကြောင့် သဒ္ဒဝုတ္တိမည်သောကျမ်းကို ပြုမည်ဖြစ်ကြောင်း အဘိယာစကနှင့် ပဋိညာဉ်ကို ပြတော်မူခဲ့လေသည်။

သဒ္ဒဝုတ္တိလာ ဂါထာသွားပုံမှာ ဆူးတွင်းပစ်ဆရာတော် အရှင်နာဂိတထေရ်၏ သဒ္ဒသာရတ္ထဇာလိနီပါဠ် ဂါထာသွားပုံနှင့် ဆင်တူသည်ကို တွေ့ရ၏။

အန္တတ္ထံ ဝသမာနံပိ၊ ရှဋ္ဌီဂေါမဟိံသာဒိကံ။
ဂတိဘူသယနာဒီနံ၊ အညဒဗ္ဗေသု ဝုတ္တိတော။

ဟု သဒ္ဒဝုတ္တိ ၃၆-ဂါထာကို သဒ္ဒသာရတ္ထဇာလိနီ-၌

အန္တတ္ထံ ဝသမာနံပိ၊ ရှဋ္ဌီ ဂေါမဟိံသာဒိကံ။
ဂတိဘူသယနာဒီနံ၊ အညေသုပိ ပဝတ္တိတော။-[၁]

ဟု ရှိ၏။ စတုတ္ထပါဒသာ အညေသုပိ, အညဒဗ္ဗေသု-မျှသာ ကွာခြား၏။

## ကိရ-စသောသဒ္ဒါနှင့်စပ်၍ ပြောပြချက်

အရှင်သဒ္ဓမ္မဂုရုထေရ်သည် ‘ကိရ’ စသော နိပါတ်ပုဒ်ကို ကြိယာနှင့် မယှဉ်စေလို၊ ကိရ= တဆင့်စကား ကြားသိရဘူးသည်ကား၊ ကိရ= ချဲ့ဦးအံ့၊ သို့မဟုတ် ကိရ= သစ္စံ= မှန်၏။ စသည်ဖြင့် သီးခြားအနက်ပေးစေလို၏။ သို့ရာတွင် ပညာရှင်တွေက ကြိယာနှင့်တွဲပြီး အနက်ပေးကြကုန်၏ဟု ဆို၏။

ကိရာဒိကာ တု နိပါတာ၊
ကာမံ ကြိယေ န ယုဇ္ဇရေ။
တထာပိ တေ ပယုဇ္ဇန္တေ၊
ကြိယာပဒေဟိ ဝိညူဟိ။-[၂]

---

၁။ သဒ္ဒသာရတ္ထဇာလိနီ။ ၆၀။
၂။ သဒ္ဒဝုတ္တိ။ ၁၀၉။

သဒ္ဒဝုတ္တိကျမ်းကား ဂါထာ ၁၁၅-ဂါထာမျှသာရှိ၏၊ နိဂုံး၌ "ဣတိ သဒ္ဓမ္မဂုရုနာမေန မဟာထေရေန ကတံ သဒ္ဒဝုတ္တိပကာသကံ နာမ သဒ္ဒပကရဏံ သမတ္တံ"ဟူသောစကားဖြင့် အထွတ်တတ် နိဂုံးအုပ်တော်မူခဲ့လေသည်။ သဒ္ဒဝုတ္တိဆရာကား သဒ္ဒါတတ်, ဆန်းတတ်တည်း၊ ဂါထာအရေးအသားကောင်း၏၊ နိုင်နင်းဟန်ရှိ၏။

သဒ္ဓမ္မဂုရုထေရော ယော၊
သဒ္ဒသတ္ထေသု ပါရဂေါ။
သာသနံ ဇောတယိတ္វာန၊
ယထာကမ္မံ ဂမီ ဣတော။

## အရှင်သီရိမင်္ဂလထေရ်

အရှင်သီရိမင်္ဂလထေရ်သည် ပါဠိစာပေတတ်မထေရ်မြတ်ဖြစ်တော်မူသည်၊ သက္ကရာဇ် ၈၈၀-ကျော်တွင် ပေါ်ထွန်းသောမထေရ်မြတ် ဖြစ်လေသည်၊ ပိဋကတ်တော်သမိုင်းအလိုမူ သက္ကရာဇ် ၇၁၃-ကျော်တွင် ထင်ရှားသောမထေရ်ဟု မှတ်ရပေသည်၊ သို့ရာတွင် ၎င်းမထေရ်ပြုစုသော မင်္ဂလတ္ထဒီပနီနိဂုံး၌ "ဆဋ္ဌာသီတျာဓိကဋ္ဌသတသက္ကရာဇေ"ဟူသောစကားလာရှိသဖြင့် ၈၈၀-(၈၈၆)ပတ်ဝန်းကျင်တွင် ထင်ရှားသောမထေရ်ဖြစ်ကြောင်း သေချာပေ၏။

မထေရ်မြတ်သည် ပင်းယမြို့တောင် (သို့မဟုတ် အင်းဝမြို့တော် ပင်းယမြို့အနီး လူရှင်ကင်းဆိတ်သောကျောင်း၌) တစ်ဂါဝုတ်ခန့်ဝေးကွာသော လူရှင်ကင်းဆိတ်သောကျောင်းတိုက်၌ သီတင်းသုံး၍ စာပေကြည့်ရှုလေ့လာကြောင်း သိရလေသည်။

## မင်္ဂလတ္ထဒီပနီကျမ်းပြု

အရှင်သီရိမင်္ဂလထေရ်သည် ခုဒ္ဒကပါဌနှင့် သုတ္တနိပါတ်ပါဠိတော်လာ မင်္ဂလသုတ်ကို အကျယ်ဖွင့်ပြရာ မင်္ဂလတ္ထဒီပနီ-အမည်ရှိသောပါဌ်ကို ပြုစုရေးသားတော်မူခဲ့လေသည်၊-[၁] ကျမ်းဦး၌–

ဗုဒ္ဓေါ ယော မင်္ဂလတ္ထီနံ၊ မင်္ဂလံက္ကတိ ဝိဿုတော။
ဒေသကော မင်္ဂလတ္ထာနံ၊ မင်္ဂလံ တံ နမာမဟံ။

ဓမ္မော ယော မင်္ဂလတ္ထီနံ၊ မင်္ဂလံက္ကတိ ဝိဿုတော။
ဇောတကော မင်္ဂလတ္ထာနံ၊ မင်္ဂလံ တံ နမာမဟံ။

စသောဂါထာတို့ဖြင့် ရတနတ္တယပဏာမ-စသည်ကို ဖော်ပြ၍ ကျမ်းစာကို ရေးသားတော်မူခဲ့လေသည်။ မင်္ဂလတ္ထဒီပနီနိဂုံး၌ "ဣစ္စာယံ နဝပုရဿ ဒက္ခိဏဒိသာဘာဂေ ဂါဝုတေ"စသည်ဖြင့် တွေ့ရ၏၊ နဝပုရ-အရကား ပင်းယမြို့ကိုလည်း ယူနိုင်သည်။ နဝပုရေ ဣဿရဿထောက်က အင်းဝမြို့ကို ယူရမည်ကဲ့သို့ ဖြစ်နေပြန်၏။ အင်းဝမြို့တောင်ဖက် တစ်ဂါဝုတ်ကွာဆိုလျှင်လည်း ပင်းယနယ်ဖက်ရောက်နေ၏၊ သို့ဖြစ်၍ ပင်းယသာသနာဝင်၌ အရှင်သီရိမင်္ဂလထေရ်ကို မှတ်တမ်းပြုပါသည်၊ သဒ္ဓါပကာသကဋီကာကိုလည်း အရှင်သီရိမင်္ဂလထေရ်ပင် ပြုသည်ဟု သိရ၏။

---

၁။ ပိဋကတ်တော်သမိုင်းကျမ်း၌ မင်္ဂလတ္ထဒီပနီမှာ ဝိဇယပုရမည်သော ပင်းယမြို့၌ နန်းစံသော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် တုဋ္ဌာဝတီမည်သော မြစ်ငယ်တောင် ပလိပ်ရွာအရှေ့ မြို့သစ်မြို့နေ ရှင်သီရိမင်္ဂလပြုသည်-ဟု ဖော်ပြ၏။

## အရိမေတ္တေယျဘုရားလက်ထက် ကျွတ်တန်းဝင်လို့

အရှင်သီရိမင်္ဂလသည်–

ယဒါဟုရိယမေတ္တေယျော၊
ဥပ္ပန္နော လောကနာယကော။
တဒါဟံ သမ္ဗုဒ္ဓိဘူတော၊
တဿေဝ ဓမ္မံ သုဏောယျံ။
တဿ ဓမ္မံ သုဏိတွာန၊
ဂစ္ဆေယျံ စရိမံ ဖလံ။

ဟူသောဂါထာဖြင့် အရိမေတ္တေယျဘုရားလက်ထက်တော်တွင် အရဟတ္တဖိုလ်ရလိုကြောင်း တောင်းဆုချွေတော်မူခဲ့လေသည်။ အရှင်သီရိမင်္ဂလထေရ်၏ မင်္ဂလတ္ထဒီပနီမှာ စာအုပ်အဖြစ် မရိုက်ရသေးချေ၊ ပေနှင့် အင်္ဂါ ၂၀-ခန့်ရှိမည်ဟု ထင်မိပေသည်၊ အမရပူရခေတ်က "ကဝိန္ဒာဘိသဒ္ဓမ္မဝရသီရိဇမဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော် အရှင်ကဝိန္ဒထေရ်ရေးသားသော မြန်မာဘာသာရေး မင်္ဂလတ္ထဒီပနီကျမ်းဟုလည်း ရှိသေးသည်၊ ယင်းကျမ်းကြီးမှာ ပုံနှိပ်ပြီး စာမျက်နှာ ၇၆၀-ခန့်ရှိလေသည်၊ ယိုးဒယားနိုင်ငံ၌လည်း ရိုက်ပြီး မင်္ဂလတ္ထဒီပနီရှိသည်ဟု သိရ၏၊ သို့ရာတွင် ယိုးဒယားရေးအနေနှင့် ရိုက်နှိပ်ထားသည်ဟုလည်း သိရ၏။

သီရိမင်္ဂလနာမေန၊
ပသိဒ္ဓေါ ထေရကုဥ္စရော။
ဂန္ထေ သော လိခိတွာန၊
စက္ကမှိ ကိစ္စကာရကော။

## အရှင်ဥတ္တမသိက္ခထေရ်

အရှင်ဥတ္တမသိက္ခထေရ်သည် သက္ကရာဇ် ၁၀၃၀-ကျော်တွင် ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်လေသည်၊ ပင်းယမြို့ ရန်အောင်မြင် (ဝေရိဇယ)ကျောင်းတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍ အရှင်အရိယဝံသ-ခဇထေရ်စသော မထေရ်မြတ်တို့အထံ စာပေသင်ကြားတတ်မြောက်တော်မူခဲ့သည်၊ ၎င်းပြင် ပင်းယမြို့ အနောက်ဖက် တောရကျောင်း အရှင်သိရီသဒ္ဓမ္မကိတ္တိထံ၌လည်း ပညာသင်ကြားခဲ့ဘူးလေသည်။

## ငယ်ငယ်ရွယ်ရွယ် စာပေတတ်မြောက်

အရှင်ဥတ္တမသိက္ခထေရ်သည် ဉာဏ်ထက်, ဝီရိယကောင်းသော ပညာတတ်ဆရာသမားတို့အထံ ချဉ်းကပ်သင်ယူခွင့်ကို ရရှိသဖြင့် ရဟန်းသိက္ခာ ၁၀-ဝါကျော်လောက်ကပင် သဒ္ဒါဗျာကရဏ်းကျမ်းများနှင့် ပိဋကတ်ကျမ်းဂန်တို့၌ ကူးခပ်နိုင်စွမ်းသော ဉာဏ်ရည်ဉာဏ်စွမ်းကို ရရှိတတ်မြောက်ခဲ့လေသည်၊ သို့ရာတွင် ကြာမြင့်စွာဆက်လက်၍ ပညာသင်ကြားတော်မူသေးသည်။

## ရဟန်းသိက္ခာ ဆဲ့ခုနစ်ဝါကျမ်းပြု

ရဟန်းသိက္ခာ ၁၇-ဝါအရတွင် စလေမြို့ အရှင်ယသထေရ် ပြုစီရင်အပ်သော "ကစ္စာယနဘေဒ" သဒ္ဒါငယ်စာကိုယ်၏အဖွင့် သံ-ဝဏ္ဏနာအသစ်ဖြစ်သော "ကစ္စာယနဘေဒဋီကာသစ်"ကို ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌--

ဗုဒ္ဓံ ဝိသုဒ္ဓကရုဏာဒိကဉာဏသာရံ၊
ဓမ္မဉ္စ မောဟမဘိခံသကံ တံ သုပူဇံ။
နတွာ နိရင်္ဂဏဂဏံ အဘိဒက္ခိဏေယျံ၊
ကစ္စာယနံ ဒသဗလေန သုဝဏ္ဏိတဉ္စ။

ကစ္စာယနဿ ပဝရံ သုခုမပ္ပဘေဒံ၊
ဝါစံ မဟာယသံအပိ အဘိဝန္ဒိယဂ္ဂံ။
ဂန္ထံ ကမံ သုရစိတံ စရိယံ မမတ္တံ၊
ဓာရံ မဟာအရိယဝံသဓဇဉ္စ ထေရံ။

သိရီသဒ္ဓမ္မကိတ္တိံ စ၊ ပဏ္ဍိမဝနဝါသကံ။
သဗ္ဗေ အာစရိယေ သုဋ္ဌု ဝန္ဒိတွာန သမာသတော။

သုကစ္စာယနဘေဒဿ၊ မုဒတ္ထဝဏ္ဏဒီပကံ။
ကစ္စာယနဘေဒဋီကံ၊ ကရိဿံ သန္တယာစိတံ။

ဟူသောလေးဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋိ-ညာဉ်-စသည်တို့ကို ပြတော်မူခဲ့လေသည်။ ကျမ်းပြုဆရာတော် အရှင်ဥတ္တမသိက္ခက ဂန္ထာရမ္ဘ၌ "သမာသတော ကရိဿံ" ကျဉ်းကျဉ်းရေးမည်ဆို၏၊ သို့ရာတွင် မကျဉ်းလှပါချေ၊ ကစ္စာယနဘေဒကျမ်းသည် ရှစ်လုံးဖွဲ့လေးပါဒ ဂါထာပေါင်း ၁၈၀-ရှိ၏၊ ဒီမိုင်းဆိုက် စာမျက်နှာ ခုနစ်မျက်နှာခွဲရှိသည်။ ၎င်းကို အရှင်ဥတ္တမသိက္ခ၏ အဖွင့်ဋီကာသစ်မှာ ဒီမိုင်းဆိုက် စာမျက်နှာ ၃၅၀-ရှိလေသည်။ "ဝိတ္ထာရတော ကရိဿံ"ဟု ပဋိညာဉ်ခံပြီးဖွင့်လျှင် မည်မျှလောက်ကျယ်ဝန်းအောင် ဖွင့်မည်ကို မှန်းဆနိုင်လေသည်။ သိစေလိုသော ကရုဏာတွေပို၍ဟု မှတ်ရမည်။

## ကျမ်းစာရေးရာ ကာလ, ဌာန

ကစ္စာယနဘေဒဋီကာသစ် ရေးသားချိန်မှာ သာသနာသက္ကရာဇ် ၂၂၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၀၃၁-ခုနှစ်တွင် ပင်းယမြို့ ရန်အောင်ကျောင်းတိုက်နေ ဝေရိဇယဝိဟာရဋ္ဌ ကြားနာ, ဆောင်မှတ် သင်ယူရာအခါတွင် ရေးသားတော်မူခဲ့လေသည်။

## ကျမ်းဆရာဆုတောင်း

ကျမ်းဆရာဆုတောင်းပုံမှာ ကောင်းလှ၏၊

ဂန္ထော ဒသဟိ ကဏ္ဍေဟိ၊ ပရိပုဏ္ဏော ယထာမဟံ။
ဒသဟိ ပါရမိတာဟိ၊ သမ္ပုဏ္ဏာမိ ဘဝါဘဝေ။

ဤကစ္စာယနဘေဒဋီကာသစ်ကျမ်းသည် အပိုင်းကဏ္ဍ ၁၀-ခုတို့ဖြင့် ပြည့်စုံသကဲ့သို့ ဖြစ်လေရာရာ ဘဝငယ်ကြီး အသီးသီးဝယ် ပါရမီ ဆယ်ပါးတို့နှင့် ပြည့်စုံရလို၏-ဟူ၍ တောင်းဆုချွေခဲ့လေသည်။

## အရှင်ဥပါလိထေရ်

စူဠနိရုတ္တိကျမ်းမှာ ဝိဇယပုရမည်သော ပင်းယမြို့ ရှင်ဥပါလိ ပြုသည်ဟု ပိဋကတ်တော်သမိုင်း-[၁]၌ ဆိုလေသည်။

စူဠနိရုတ္တိကျမ်းနှင့်စပ်၍ အဘိဓာနပ္ပဒီပိကာသူစိကျမ်း အရှင် သုဘူတိထေရ်ရေး နာမမာလာ ပဌမကဏ္ဍ၌ စူဠနိရုတ္တိကျမ်း ၂-ကျမ်း ရှိကြောင်း ဆိုလေသည်။ စူဠနိရုတ္တိတစ်ကျမ်းကား ကစ္စည်းကျမ်း၌

---

၁။ ပိဋကတ်တော်သမိုင်း။ ၁၄၄။

စသဒ္ဒါ, ဝါသဒ္ဒါဖြင့် မပြီးသည့်ရုပ်များပြီးပုံကို ရေးစီရင်ထားသည်ဟု ဆိုလေ၏၊ ယင်းစူဠနိရုတ္တိကျမ်းကို မြန်မာပြည် အရှင်သိရီသဒ္ဓမ္မာလင်္ကာရပြုကြောင်း ဆိုလေ၏။ ယင်းစူဠနိရုတ္တိပေမှာ ပေနှင့် ၂၃-အင်္ဂါရှိ၍ သီဟိုဠ်ကျွန်း ကိုလံဘိုပြတိုက်၌ တည်ရှိသည်ဟု ပါဠိသမိုင်းကျမ်း-[၁] ၌ ဆိုလေသည်။ ယင်းစူဠနိရုတ္တိကျမ်း ဂန္ထာရမ္ဘဂါထာမှာ-

> ပုညကာမေန ထေရေန၊ သုတေန ပိယသီလိနာ။
> သိရိသဒ္ဓမ္မလံကာရ-က္ခတိနာမေန ယေန ဟိ။
>
> ပေါရာဏေဟိ ကတံ ဂန္ထံ၊
> စူဠနိရုတ္တိသညိတံ။
> လိခိတံ တေန ပုညေန၊
> သောဟံ ဗုဒ္ဓေါ ဘဝေ လောကေ။

ဖြစ်လေသည်၊ ပိဋကတ်တော်သမိုင်းကျမ်းကပြောသည့် အရှင်ဥပါလိ ထေရ်ပြုစုသော စူဠနိရုတ္တိကို ရှာဖွေ၍ စိစစ်ရာ၏။

---

၁။ ပါဠိသာဟိတျ။ ၂။ ၄၇၅။ (သီဟိုဠ်ပါဠိသမိုင်း)

## အရှင်ကလျာဏသာရထေရ်

ကစ္စာယနသာရယောဇနာမှာ ဝိဇယပူရမည်သော ပင်းယမြို့ အမည်မသိထေရ်ပြုသည်ဟု ပိဋကတ်တော်သမိုင်းကျမ်း၌-[၁] ဆို၏။ သို့ရာတွင် ကစ္စာယနသာရယောဇနာနိဂုံး၌-

ပဝါဘူတိဝှယဂါမေ-[၂]၊ ကူဋာဂါရာဒိမဏ္ဍိတေ။
သန္တာနံ မနောဘိရာမေ-[၃]၊ သုဝဏ္ဏမယအာလယေ။

ဝသန္တော စ ဝိသုဒ္ဓါဒိ-သီလာစာရသုသောဘိတော။
ပိဋကေသု နိရာသင်္ကော၊ သာဓူနံ ဟဒယင်္ဂမော။

ဓီရော ဗဟုဿုတော ထေရော၊
ကလျာဏသာရနာမကော။
အကာသိ စ က္ကမံ ဂန္ထံ၊
ပဏ္ဍိတာနံ သညာတဝေ။

ဟူသော ၃-ဂါထာကို ကျမ်းပြုဆရာ၏တပည့်က ရေးထည့်ထားခဲ့လေသည်၊ ကစ္စာယနသာရယောဇနာကျမ်းပြုပုဂ္ဂိုလ်မှာ ပင်းယမြို့နယ် ပဝါဘူရွာ ရွှေကျောင်းနေ သီလဝိသုဒ္ဓိ, ဗဟုဿုတစသောဂုဏ်တို့နှင့် ပြည့်စုံသော အရှင်ကလျာဏသာရထေရ်ဟု မှတ်သားသင့်သည်၊ ပင်းယသည် မြန်မာပြည်၌ ကျမ်းဂန်များ ယောဇနာများ စတင်ရာကဲ့သို့ ဖြစ်လေသည်။ ပါရာဇိကဏ်ယောဇနာ, အဋ္ဌသာလိနီယောဇနာ, သမ္မောဟဝိနောဒနီယောဇနာတို့ ပြုရာခေတ် သက္ကရာဇ် ၇၀၀-ကျော်မှ-နောက် ဖြစ်ရာသည်။

---

၁။ ပိဋကတ်တော်သမိုင်း။

၂။ ပဝါဘူတိဝှယဂါမေ စ။ (မူရင်း)

၃။ သဒ္ဓမ္မာနံ မနောရမ္မေ။ (မူရင်း)

ယင်းကစ္စာယနသာရယောဇနာကျမ်းဦး၌-

အနန္တပုညနိဗ္ဗတ္တံ၊ အနန္တဂုဏသမ္ပန္နံ။
ဗုဒ္ဓံ ဝန္ဒာမိ ဓမ္မဉ္စ၊ ဝရံ သံဃဉ္စ သုဒ္ဓိကံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမပြုခဲ့လေသည်။ ကစ္စာယနသာရယောဇနာစာသွားမှာ သင့်ရုံရှိလေ၏။

## ယောဇနာကျမ်းပြု အရှင်ဉာဏကိတ္တိထေရ်

အရှင်ဉာဏကိတ္တိထေရ်သည် ပင်းယခေတ်တွင် ယောဇနာကျမ်းပြုအဖြစ် ထင်ရှားလှသောပုဂ္ဂိုလ်ထူး ဖြစ်လေသည်။ သက္ကရာဇ် ၇၀၀-ကျော်ခန့်တွင် ပေါ်ထွန်းခဲ့လေသည်။

မထေရ်မြတ်သည် ငယ်စဉ်ကမှစ၍ ပညာရှိမထေရ်မြတ်တို့ထံ ပရိယတ်ကိုဆည်းပူးစုဆောင်း သင်ယူခဲ့သဖြင့် သဒ္ဒါဗျာကရုဏ်းကျမ်းနှင့် ပိဋကတ်ကျမ်းဂန်တို့၌ လွန်စွာကျွမ်းကျင်တတ်မြောက်တော်မူလေသည်။ အထူးသဖြင့် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကို များစွာအလေ့အလာပြုတော်မူသည်။

## ပိန္နဲပင်ကျောင်းတိုက်၌ သီတင်းသုံး

ပင်းယမြို့သစ်၏ အနောက်မြောက်ဖက်၌ တည်ရှိသော ပနသာရာမ (ပိန္နဲပင်ကျောင်းတိုက်)၌ ဆင်ဖြူလေးစီးရှင်သီဟသူ (ကျော်စွာငယ်)ဆောက်လုပ်လှူဒါန်းအပ်သောကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။ ပင်းယမြို့သည် မူလအင်းဝမြို့တည်ရာ၌ တည်ခဲ့ဘူးသည်ကိုထောက်၍ အဘိနဝပူရ= မြို့သစ်-ဟု ဆိုလေ၏။ ယင်းသို့ဖြစ်ကြောင်း

"ယံ ပရမပုရုတ္တမံ အဘိနဝပုရဝှယံ"ဟူသော အဋ္ဌသာလိနီယောဇနာ ပါဌ်နိဂုံးဖြင့် သိနိုင်လေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခြင်း

ဆရာတော်အရှင်ဉာဏကိတ္တိထေရ်သည် ကျမ်းဂန်များစွာ တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။

၁။ ပါရာဇိကဏ်ယောဇနာပါဌ်၊

၂။ အဋ္ဌသာလိနီယောဇနာပါဌ်၊

၃။ သမ္မောဟဝိနောဒနီယောဇနာပါဌ်-စသည်တို့ ဖြစ်ကုန်၏။

## ပါရာဇိကဏ်ယောဇနာပါဌ်

ပါရာဇိကဏ်ယောဇနာပါဌ်-ဟုဆိုသော်လည်း ပါရာဇိက-ကဏ္ဍအဋ္ဌကထာပါဌ်ကို အနက်ပေးတတ်အောင် အဓိပ္ပါယ်ယူဆတတ်အောင် ဖွင့်ပြသောကျမ်းဖြစ်လေသည်။ ပါရာဇိကဏ်အဋ္ဌကထာယော-ဇနာ-ဟု ဆိုလိုရင်းဖြစ်၏။ ထို့ကြောင့် နိဂုံး၌ ". . . သမန္တပါသာဒိ-ကာယ အဋ္ဌကထာယ အတ္ထယောဇနာ"ဟု ကျမ်းဆရာကိုယ်တိုင် ရေးသားဖော်ပြတော်မူခဲ့လေသည်။ ကျမ်းဦး၌--

နတွာ အာစရိယံ သေဋ္ဌံ၊ ဗုဒ္ဓဃောသောတိ ဝိဿုတံ။
တရန္တံ ဒုတ္တရာဂါဓံ၊ သဗ္ဗဝိနယသာဂရံ။

ယာ ကတာ ဗုဒ္ဓဃောသေန၊ ဝိနယဋ္ဌကထာ သုဘာ။
နာနာနယသမာကိဏ္ဏာ၊ ဂမ္ဘီရတ္ထဝိနိစ္ဆယာ။

အတ္ထယောဇနမေတိဿာ၊ ဝစနတ္ထာဒိလက်တံ။
သောတူနံ သုခဗောဓိယာ၊ ကရိဿံ ကိဥ္စိမတ္တကံ။

ဟူသော ၃-ဂါထာဖြင့် အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်ကျော် အရှင်မဟာဗုဒ္ဓဃောသကို ရှိခိုးဦးချပဏာမပြု၍ ဝိဂြိုဟ်ဝစနတ်စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ပါရာဇိကဏ်အဋ္ဌကထာ အနက်ယောဇနာပုံကို အမြွက်မျှပြမည်-ဟု ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

ဤယောဇနာကျမ်း၌ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းနှင့် ဝိနယဝိနိစ္ဆယကျမ်း, မဟာဝံသကျမ်းစသည်တို့မှ ကိုးကားချက်သာဓကတို့ကို တော်တော်များများ တွေ့ရလေသည်။ ကျမ်း၏အဆုံး၌ "ဣတိ အဘိနဝပုရဝ္ဂယနဂရဿ ပစ္ဆိမုတ္တရဒိသာဘာဂေ ပတိဋ္ဌိတေ ပနသာရာမေ သီရိတိဘဝနာဒိစ္စဓမ္မရာဇာဓိရာဇနာမကေန-[၁] ရညာ ကာရိတေ ဂေဟေ ဝသန္တေန သကလဗျာကရဏသင်္ဂဟဉာဏစာရိနာ သာ-ဋ္ဌကထာတိပိဋကဓရေန ဉာဏကိတ္တိတိ နာမဓေယျေန ထေရေန ကတာ သမန္တပါသာဒိကာယ အဋ္ဌကထာယ အတ္ထယောဇနာ သမတ္တာ"ဟူသောစကားဖြင့် နိဂုံးအုပ်ခဲ့လေသည်။ ယင်းကျမ်းမှာ ရှိုင်-ဆိုက်စာမျက်နှာ ၃၀၀-ကျော်ရှိလေသည်။

## အဋ္ဌသာလိနီယောဇနာပါဠ်

ဆရာတော်အရှင်ဉာဏကိတ္တိသည် အဋ္ဌသာလိနီအဋ္ဌကထာကို စာသင်ပျိုတို့ အလွယ်တကူ ကူးခပ်သင်ယူလေ့လာကြည့်ရှုနိုင်ရန်

---

၁။ ၎င်းကား သီဟသူမည်သော ကျော်စွာငယ်၏ဘွဲ့တည်း၊ မှန်နန်းရာဇဝင်၌ "သီရိတြိဘဝနာဒိတျာပဝရဓမ္မရာဇာ"ဟု တွေ့ရ၏၊ မှန်နန်းရာဇဝင်။ ၁။ ၃၈၅။

အလို့ငှာ အဋ္ဌသာလိနီယောဇနာပါဌ်ကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

နတွာ အာစရိယံ သေဋ္ဌံ၊ ဗုဒ္ဓဃောသောတိ ဝိဿုတံ။
တရန္တံ ဒုတ္တရာဂါဓံ၊ အဘိဓမ္မမဟောဒဓိံ။

ယာ ကတာ ဗုဒ္ဓဃောသေန၊ အဘိဓမ္မကထာဝရာ။
သုဒုဒ္ဒသာ သုနိပုဏာ၊ ဝိပုလတ္ထာဝဟာသိနီ။

အတ္ထယောဇနမေတိဿာ၊ ဝဇနတ္ထာဒိလက်တံ။
သောတူနံ သုခဗောဓာယ၊ ကရိဿံ ကိဉ္စိမတ္တကံ။

ဟူသော ၃-ဂါထာဖြင့် ဗုဒ္ဓဃောသာစရိယပဏာမ, ကျမ်းပြုပုံအခြင်းအရာ, ပဋိညာဉ်တို့ကို ပြုတော်မူခဲ့လေသည်။

## သီဟိုဠ်ရာဇဝင်နိုင်

အရှင်ဉာဏကိတ္တိသည် ဗျာကရဏ်းကျမ်းများနှင့် ပိဋကတ်တို့ကိုသာ နိုင်နင်းသည်မဟုတ်သေး၊ သီဟိုဠ်ရာဇဝင်စသည်တို့ကိုလည်း နိုင်နင်းလေသည်၊ တမ္ဗပဏ္ဏိ-ပုဒ်အဖွင့်၌ သီဟိုဠ်သမိုင်းရာဇဝင်ကျမ်းဖြစ်သော မဟာဝံသကျမ်းကိုလည်း "တေန မဟာဝံသေ မဟာနာမတ္ထေရေန ဝုတ္တံ။

နာဝါယ ဘူမိမောတိဏ္ဏာ၊ ဝိဇယပမုခါ တဒါ။
ကိလန္တာ ပါဏိနာ ဘူမိ၊ အာလမ္ဗိယ နိသီဒိသုံ။

တမ္ဗဘူမိရဇော ဖုဋ္ဌော၊
တမ္ဗောပါဏိ ယတော အဟုံ။
သော ဒေသော စေဝ ဒီပေါ စ၊
တေန တမ္ဗာမကော အဟူတိ-¹

ဟူ၍ ထုတ်ဖော်ကိုးကားပြသည်။

## ပါဒ ဂါထာ ဂန္ထ ဘာဏဝါရအရေအတွက်ဂါထာ

အဋ္ဌက္ခရာ ဧကပါဒေါ၊
ဧကဂါထာ စတုပ္ပဒေါ။
ဂါထာစေကာ မတော ဂန္ထော၊
ဂန္ထော ဗာတ္တိံသအက္ခရာ။

ဗွတ္တိံသက္ခရဂန္ထာနံ၊
ပညာသဒ္ဓိသတံ ပန။
ဘာဏဝါရော မတော ဧကော၊
အဋ္ဌသဟဿအက္ခရော။-²

ဟူသော ၂-ဂါထာကို ကိုးကားဖော်ပြရာ၌ ဒုတိယဂါထာ စတုတ္ထပါဒ၌ သွဋ္ဌက္ခရသဟဿကော-ဟု အခြားကျမ်းများ၌ ရှိ၏၊ ၎င်းကို အနက်ထင်လွယ်အောင် "အဋ္ဌသဟဿအက္ခရော"ဟု ပြင်ဟန်လက္ခဏာရှိ၏။

---

၁။ မဟာဝံသ၊ သတ္တမပိုင်း။ ၄၀-၄၁-ဂါထာ။ အဋ္ဌသာလိနီယောဇနာရှု။ ယင်း၌ တေန တမ္ဗာမကော-ရှိရမည့်အစား "တမ္ဗပဏ္ဏိ တတော အဟု"ဟု ရှိနေ၏။
၂။ အဋ္ဌသာလိနီယောဇနာ။ ၁၂။ သဒ္ဒနီတိ၊ ဓာတုမာလာ။ ၆၀။ သံပျင်ဋီကာ။ ၃၈။ သီလက္ခန်ဋီကာသစ်။ ၁။ ၈၁။ သံပျင်ဋီကာ၌ "အဋ္ဌက္ခရာ ဧကပါဒါ"ဟု ရှိ၏။ သီ၊ ဋီ၊ သစ်၊ ၁-၌ "အဋ္ဌက္ခရာ ဧကပဒံ"ဟု ရှိနေ၏။

## လောကဒီပကာသာရကျမ်းကိုးကားပြ

အရှင်ဉာဏကိတ္တိသည် လောကဒီပကသာရကျမ်းလာ ဂါထာများဖြစ်သော-

တယော အပါယာ အာရုပ္ပါ၊ သညီပစ္စန္တိမဗ္ဗိ စ။
ပဋိန္ဒြိယာနံ ဝေကလ္လံ၊ မိစ္ဆာဒိဋ္ဌိ စ ဒါရုဏာ။

အပါတုဘာဝေါ ဗုဒ္ဓဿ၊ သဒ္ဓမ္မာ မတဒါယိနော။
အဋ္ဌက္ခဏာ အသမယာ၊ ဣတိ ဧဝံ ပကာသိတာ။

အဋ္ဌက္ခဏဝိနိမုတ္တံ၊ ခဏံ ပရမဒုလ္လဘံ။
ဥပလဒ္ဓေန ကာတဗ္ဗံ၊ ပုညံ ပညဝတာ သဒါ။

ဟူသော ၃-ဂါထာကိုလည်း "တယော အပါယာ အာရုပ္ပါ. . . ပုညံ ပညဝတာ သဒါတိ ဟိ လောကဒီပကသာရေ ဝုတ္တံ"ဟူ၍ ဆို၍ ကိုးကားဖော်ပြတော်မူခဲ့လေသည်။ ၎င်းပြင် အဋ္ဌသာလိနီယောဇနာပါဠ်၌ အဘိဓမ္မာဝတာရ, ခေမာပကရဏ, ဝိသုဒ္ဓိမဂ္ဂ, သစ္စသံခိပ်, သစ္စသံခိပ်ဋီကာ, နိမိဇာတ်အဋ္ဌကထာ-စသည်တို့ ကိုးကားချက်တို့ကိုလည်း တွေ့ရ၏။

## ကျောင်းတိုက်နှင့်မင်းကို စာဖွဲ့ခဲ့

အဋ္ဌသာလိနီယောဇနာပါဠ် နိဂုံး၌-

ယံ ပရမပုရုတ္တမံ၊ အဘိနဝပုရဝှယံ။
ယော တဿ ပစ္ဆိမုတ္တရ-ဒိသာဘာဂေ ပတိဋ္ဌိတော။

ပနသာရာမနာမေန၊ အာရာမော ဣတိ ဝိဿုတော။
နာနာရုက္ခေဟိ သဉ္ဆန္နော၊ နာနာဇနမနောဟရော။

ဟူသော ၂-ဂါထာဖြင့် မြို့မွန်မြို့မြတ် မြို့ပဓာနဖြစ်သော မြို့သစ်-[၁] ပင်းယမြို့တော်၏ အနောက်မြောက်အရပ်၌ တည်ရှိသော "ပနသာ-ရာမ" ပိန္နဲပင်ကျောင်းတိုက်၏ သစ်ပင်မျိုးစုံတို့ ယှက်ရုံသန့်ချယ်၍ တင့်တယ်သာမော ရောက်လာသူ လူရှင်အပေါင်းတို့၏ နှလုံးဓာတ်ပီတိ အိမ် ဆီထည့်ကာစိမ်သည့်ပမာ ပျော်စရာကောင်းလှပုံကို ဖွဲ့ဆိုခဲ့လေ သည်။ ၎င်းပြင်-

ယော သီဟသူရော အတိဒုပ္ပသယှော၊
ဥဠာရပညော စတုသေတိဘိန္နော။
သုသညတာနံ စတုပစ္စယာနံ၊
ဒါတာ ပသန္နော ရတနတ္တယမှိ။

ကာရာပိတော တတ္ထ မဟာယသေန၊
လံကာဘိဓာနေသု စ ဝံသဇေန။
ရာဇာဘိရာဇေန မဟာဒယေန၊
ယော တေန ရာဇေန ဂတော သုရမ္မော။

ဟူသော ၂-ဂါထာဖြင့် သီဟသူ (ကျော်စွာငယ်)မင်း၏ ဆန့်ကျင်ဖက် ရန်သူမင်းတို့ မလွှမ်းမိုးနိုင်ပုံ, မွန်မြတ်သောပညာရှိပုံ, ဆင်ဖြူတော် လေးစီးပိုင်ရှင်ဖြစ်ပုံ, အလှူရေစက် လက်နဲ့မကွာ ရဟန်းသံဃာတို့အား ပေးလှူတတ်ပုံ, ရတနာသုံးပါး၌ ကြည်ညိုလေးစားတတ်ပုံ, သီဟိုဠ်ကျွန်း တို့၌လည်း သာသနာအဆက်အနွယ်ကို ဖြစ်စေတတ်ပုံ, အခြံအရံများပုံ

---

၁။ ပုလိပ်ရှာ အရှေ့ဖက် မြို့သစ်မြို့ဟု ဆရာတချို့ ဆိုလိုကြကုန်၏၊ သို့ရာတွင် "ပရမပုရုတ္တမံ"ကို ထောက်၍ နန်းမြို့တော်ကို ယူရပေမည်၊ တည်ခဲ့သောမြို့ဟောင်း ကို ထောက်၍ "အဘိနဝပုရံ"ဟု ဆိုသည်။

တို့ ပါဝင်စေလျက် ပနသာရာမကျောင်းတိုက်၌ ကျောင်းဆောက်လှူ-ဒါန်းပုံကိုလည်း ဖော်ပြခဲ့လေသည်။ ထိုမှတပါး-

ဝသန္တေနေတ္ထ မိရေန၊ ထေရေန ဉာဏကိတ္တိနာ။
အဋ္ဌသာလိနိယာ အတ္ထ-ယောဇနာ သာဓုသင်္ခတာ။

မာဂသိရမုပါဒါယ၊ ယာဝ သာဝဏမာသတော။
နဝမာသေဟိ နိဋ္ဌာနံ၊ သမ္ပတ္တာ အတ္ထယောဇနာ။

ဟူသော ၂-ဂါထာဖြင့် ဖော်ပြပါ ပနသာရာမကျောင်းတိုက် လေးစီးရှင် သီဟသူ (ကျော်စွာငယ်)ဘုရင်ကျောင်း၌နေသော ခဲခက်တွန်းလှန် ဉာဏ်ပညာရှိသော ဉာဏကိတ္တိ ဘွဲ့မည်ရှိသောထေရ်သည် အဋ္ဌသာ-လိနီယောဇနာကျမ်းကို စီရင်ရေးသားအပ်ကြောင်း, ယင်းကျမ်းကို နတ်-တော်လကစ၍ရေးရာ ဝါခေါင်လအထိ ကိုးလဖြင့် ရေးသား၍ပြီးစီး ကြောင်း ဖော်ပြတော်မူလေသည်။ ၎င်းပြင်-

ယထာ ဝိတမလော သူရော၊
ဒိဝံ ဇောတေသိ ရံသိနာ။
တထေဝိမံ အဋ္ဌကထံ၊
စိရံ ဇောတေတု သာ အယံ။

စသောဂါထာဖြင့် ကျမ်းဆရာ၏ တောင့်တချက်ကိုလည်း ဖော်ပြတော် မူခဲ့လေသည်။ ယင်းအဋ္ဌသာလိနီယောဇနာပါဠိကျမ်းမှာ ပြည်ကြီးမဏ္ဍိုင် ရိုက်စသည်မူ ရှိုင်ဆိုက်စာမျက်နှာ ၂၄၀-ကျော်ရှိလေသည်။

## သမ္မောဟဝိနောဒနီယောဇနာပါဠိ

ဆရာတော်အရှင်ဉာဏကိတ္တိသည် အဋ္ဌသာလိနီယောဇနာ ရေးသားစီရင်တော်မူပြီး သမ္မောဟဝိနောဒနီယောဇနာပါဠိကို ဆက်လက်၍ ရေးသားတော်မူခဲ့လေသည်။ ယင်းသမ္မောဟဝိနောဒနီပါဠိမှာ ရှိုင်ဆိုက် ၂၅၁-စာမျက်နှာရှိလေသည်။ ကျမ်းစာအဆုံး၌ "ဣတိ သကလဗျာကရဏာသင်္ဂဟဉာဏစာရိနာ ဉာဏကိတ္တိနာမဓေယျေန သာဋ္ဌကထာတိပိဋကဓရေန အဘိနဝပုရဿ ပစ္ဆိမုတ္တရဒိသာဘာဂေ ပတိဋ္ဌိတေ ပနသာရာမေ ဝသန္တေန ထေရေန ကတာ ဝိဘင်္ဂဋ္ဌကထာယ အတ္ထယောဇနာ သမတ္တာ"ဟူသော ဂဇ္ဇစကားဖြင့် အထွတ်တင် နိဂုံးအုပ်တော်မူခဲ့လေသည်။

## ပါစိတျာဒိယောဇနာ ပဥ္စမကြိုယောဇနာ

အရှင်ဉာဏကိတ္တိသည် ပါစိတျာဒိယောဇနာနှင့် ပဥ္စမကြို-ယောဇနာများကိုလည်း ရေးသားပြုစုခဲ့ဟန်ရှိ၏၊ ပြုစုပြီးစာမူ ပျက်စီးခြင်းလည်း ဖြစ်တန်ရာသည်၊ သို့မဟုတ်ပါမူ ပြု၍မပြီးမီ ပျံလွန်တော်မူလေသလော့-ဟု တွေးတောဖွယ်ရာဖြစ်၏၊ ပါရာဇိကဏ်ယောဇနာ ဂန္ထာရမ္ဘ၌ ဝိနည်းအဋ္ဌကထာတစ်ခုလုံး ရေးသားရန် ပဋိညာဉ်ပြုတော်မူခဲ့လေသည်၊ အဋ္ဌသာလိနီယောဇနာ ဂန္ထာရမ္ဘ၌လည်း အဘိဓမ္မာ-အဋ္ဌကထာအားလုံး ယောဇနာရေးရန် ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

## ထူးခြားသောဂန္ထာရမ္ဘ

အရှင်ဉာဏကိတ္တိ၏ ယောဇနာကျမ်းများ ဂန္ထာရမ္ဘ၌ ရတန- တ္တယပဏာမပြုသည့် ဝစီပဏာမပြုဂါထာ စုဏ္ဏိယမပါရှိသည်မှာ အခြား ကျမ်းများနှင့် ထူးခြားလေသည်၊ "နမော တဿ ဘဂဝတော အရ- ဟတော သမ္မာသမ္ဗုဒ္ဓဿ"ဖြင့် ဘုရားရှိခိုး (ပဓာနနည်းအားဖြင့်) တရားရှိခိုး, သံဃာရှိခိုးပြုသည်ဟု မှတ်ယူရာ၏။

## ဘုရားဆုပန်မှုဂုဏ်ထူးမြင်

ဆရာတော်အရှင်ဉာဏကိတ္တိသည် ယောဇနာကျမ်းဂန်များကို ရေးသားရသောကောင်းမှုထူးနှင့် အခြားကောင်းမှုအစုစုကြောင့် အဂ္ဂ- သာဝက, မဟာသာဝက, ပကတိသာဝက, ပစ္စေကဗောဓိဆုတို့ကို မပန်ပဲ သမ္မာသမ္ဗောဓိဆုကိုသာ ပန်တော်မူခဲ့လေသည်။ အရဟတ္တမဂ် ဉာဏ်, သဗ္ဗညုတဉာဏ်တည်းဟူသော ပန်းတိုင်သို့ အရောက်လှမ်းပြီး နှစ်ဆဲ့လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း တွက်ကိန်း များလှ ဝေနေယျသတ္တဝါအနန္တကို သံသရာဘဝနှောင်အိမ်မှ လွတ်- မြောက်စေရလိုကြောင်း–

အဟံ တု ပရမံ ဗောဓိံ၊
ပါပုဏေယျာမနာဂတေ။
တံ ပတ္တာ အခိလေ သတ္တေ၊
ဗောဓေယျံ ဘဝဗန္ဓနာ။

ဟူသောဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်း၌ ပုံနှိပ်ခဲ့ခြင်း

ဖော်ပြပါ အဋ္ဌသာလိနီယောဇနာပါဠ်ကို သာသနာသက္ကရာဇ် ၂၄၃၃-ခုနှစ်က သီဟိုဠ်ကျွန်း ကတဥ္ဇူရွာ ရန်ဝယ်လေကျောင်းဆရာတော် အရှင်ပညာသေခရမထေရ်မြတ်က သီဟိုဠ်အက္ခရာပြန် သုတ်သင်၍ လံကာပကာရပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့လေသည်။ သီဟိုဠ်မူ ရှိုင်ဆိုက်စာမျက်နှာ ၂၇၅-ရှိလေသည်။ သမ္မောဟဝိနောဒနီယောဇနာ ပါဠ်ကိုမူ သာသနာသက္ကရာဇ် ၂၄၃၆-ခုနှစ်က ၎င်းအရှင်ပညာသေခရမထေရ်ပင် သီဟိုဠ်အက္ခရာပြန် သုတ်သင်၍ ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက် သီဟိုဠ်မူစာမျက်နှာ ၂၆၃-ရှိလေသည်။ ကမ္ဘောဇအက္ခရာဖြင့် ရိုက်နှိပ်ပြီးရှိကြောင်းလည်း သီဟိုဠ်ပါဠိသမိုင်း၌ ဆို၏။-[၁]

သို့ဖြစ်၍ ဤကျမ်းများကား သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယားတို့၌လည်း ကျော်စောသောကျမ်းများဖြစ်လေရာ များစွာဝမ်းမြောက် ဂုဏ်ယူဖွယ်ကောင်းလှပေသည်။ ပိဋကတ်တော်သမိုင်း၌ တဥ္ဇဝတီမည်သော မြစ်ငယ်တောင် ပုလိပ်ရွာအရှေ့ မြို့သစ်မြို့နေ ရှင်သီရိမင်္ဂလပြုသည်ဟု ဆိုထားလေသည်။ ဆင်ခြင်ရာ၏။

## နတ်နန်းရွှေဘုံ စိုးလှံခဲ့

ဆရာတော်အရှင်ဉာဏကိတ္တိသည် ဘုရားဇိနော်၏ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာတော်ကို ထွန်းလင်းတောက်ပစေတော်မူဆဲဖြစ်စဉ် နတ်ခွင်ဌာန ပြောင်းကြွတော်မူခဲ့လေသည်။

ကတ္တေဝံ ပရိယတ္တိံ စ၊ ပဋိပတ္တိံ စ ဇောတယံ။
ဉာဏကိတ္တိဝှယော ထေရော၊ သဂ္ဂလောကမုပါဂမိ။

---

၁။ သီဟိုဠ်ပါဠိသမိုင်း (ပါဠိသာဟိတျ)။ ၁။ ၂၇၁-၂၇၄။

## ဝိဘတျတ္ထကျမ်းပြုထေရ်

ဝိဘတျတ္ထပါဌ်မှာ သဒ္ဒါငယ်အပါအဝင် ကျမ်းကောင်းကျမ်းမွန် ဖြစ်လေသည်၊ ပါဠိကျမ်းဂန်များကို အတတ်လေ့လာသူများ ဝိဘတျတ္ထ ပါဌ်ကို ဆောင်ထားသင့်၏။

- ပဌမာဝိဘတ် ၁၁-နက်၊
- ဒုတိယာဝိဘတ် ၁၀-နက်၊
- တတိယာဝိဘတ် ၁၆-နက်၊
- စတုတ္ထီဝိဘတ် ၁၄-နက်၊
- ပဥ္စမီဝိဘတ် ၁၄-နက်၊
- ဆဋ္ဌီဝိဘတ် ၁၁-နက်၊
- သတ္တမီဝိဘတ် ၁၁-နက်-အားဖြင့် ဝိဘတ်

နက်တို့ကို ဥဒါဟရုဏ်နှင့်တကွ ပြထား၏၊ ဂါထာ ၃၇-ဂါထာရှိ ကျမ်း ငယ်သာ ဖြစ်သည်။

## ပဏာမ ပဋိညာဉ် နိဂုံး

ကျမ်းပြုမထေရ်သည် ကျမ်းဦး၌-

ဝိဘတျတ္ထဝါဒိံ သမ္ဗုဒ္ဓံ၊ ဓမ္မံ သုဇနသေဝိတံ။

သံဃဥ္စ ဝန္ဒိတွာ ကာယံ၊ ဝိဘတျတ္ထံ သုဒုလ္လဘံ။

ဟူသောဂါထာဖြင့် ပဏာမပြုခဲ့လေသည်၊ နိဂုံး၌-

နိဋ္ဌိတော စ ဝိဘတျတ္ထော၊

ယထာ သဗ္ဗေပိ ပါဏိနော။

တထာဝ သမ္မာသင်္ကပ္ပါ၊

သီဃံ သိဇ္ဈန္တု ပတ္ထိတာ။

ဟူသောဂါထာဖြင့် အထွက်တင် တောင်းဆုချွေခဲ့လေသည်၊ ကျမ်းပြုသူ၏အမည် နေရပ် ဆရာသမားစသည်ကို ရှေးသမိုင်းပညာရှင်တို့ မဖော်ပြခဲ့ကြကုန်၊ သို့ရာတွင် စကားကျောင်း ပုဂံဆရာတော်မှ ဆက်နွယ်လာသော မထေရ်ဖြစ်ကြောင်း မှတ်ယူသင့်ပေသည်၊ ဂါထာများမှာ ပုဂံဆရာတော်များရေးသည့် စာသွားနှင့် တထပ်တည်းတူ၏၊ ဝိဘတျတ္ထ ပါင်္ဂလာ–

ဝိဇ္ဇမာနောပိ သုက္ကာဒိ၊ ယထာ ဒီပါဒိကေ သတိ။
ဗျတ္တိမာယာတိ ကမ္မာဒိ-အတ္ထော ဧဝံ ဝိဘတ္တိယာ။

ဟူသောဂါထာမှာ သဒ္ဒတ္ထဘေဒစိန္တာ စသည်လာ ဂါထာဖြစ်လေသည်။

## ဗာလပ္ပဗောဓနကျမ်းပြုထေရ်

ဗာလပ္ပဗောဓနကျမ်းပြုထေရ်သည် ပင်းယနယ် ပင်းယခေတ်တွင် ပေါ်ပေါက်ဖြစ်ထွန်းခဲ့သော မထေရ်ဖြစ်သည်ဟု သိရ၏၊ ကျမ်းပြုဆရာတော်၏နာမည်စသည်ကို သမိုင်းပညာရှင်တို့ မရေးသားမှတ်-တင် မဖော်ပြခဲ့ကြကုန်။

ဆရာတော်သည် ပင်းယမြို့၌ စည်ကားခဲ့ဘူးသော စကားခုနစ်ကျောင်းနေ ပုဂံဆရာတော်၏တပည့်ဖြစ်ကြောင်း သူ၏ကျမ်းစာပါ စကားရပ်တို့ကို ထောက်ဆ၍ သိနိုင်လေသည်။

## ဗာလပ္ပဗောဓနကျမ်းပြု

စာသင်ပျိုနု အခြေပြုတို့အတွက် ဗာလပ္ပဗောဓနကျမ်း (ဗာလ= စာသင်နုနယ်တို့။ ပဗောဓန= သိရှိလွယ်လာရန်ကျမ်း)ကို ရေး-သားစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ စာသင်ပျိုများ လွယ်လာရန်

သင့်လျော်၏၊ ကာရကက စတင်၍ ပြဆိုရေးသားခဲ့လေသည်၊ ကျမ်းဦး၌ ပဏာမစသည် မပြောတော့ပဲ–

ပယောဂမိစ္ဆတာ ဉာတုံ၊ ဥေ ယျံ ကာရကမာဒိတော။
သညာယ ဆဗ္ဗိဓံ ဘေဒါ၊ တေဝီသတိဝိဓံ ပုန။

တတ္ထ ပဥ္စဝိဓော ကတ္တာ၊ ကမ္မံ သတ္တဝိဓံ ဘဝေ။
ကရဏံ ဒုဝိဓဉ္စေဝ၊ သမ္ပဒါနံ တိဓာ မတံ။

အပါဒါနံ ဒွိဓာ ဝုတ္တံ၊ တထာဓာရော စတုဗ္ဗိဓော။
ကရောတိ ကာရကံ သဗ္ဗံ၊ တသ္မာ ဥေ ယျတမာဒိတော။

ဟူသောဂါထာဖြင့် ကာရကသည် အမည်အားဖြင့် သာမည ၆-ပါးပြား၍ ဘေဒအားဖြင့် ၂၃-ပါးပြား၏-ဟု ဆိုပြီး၊ ၂၃-ပါးရေတွက်ပြ၍ ကာရကအစီအရင် စတင်၍ ရေးသားခဲ့လေသည်၊ ၎င်းနောက် သမာသ်အစီအရင်-စသည်ကို ရေးသားတော်မူခဲ့လေသည်။ သမာသ် အစီအရင်ကို ရေးသားရာ၌–

ပဌမံ ကရေ ပဒစ္ဆေဒံ၊
သမာသာဒိံ တတော ကရေ။
သမာသာဒေါ ကတေ ပစ္ဆာ၊
အတ္ထံ နိယျာထ ပဏ္ဍိတာ။

ဟူသော ပုဂံခေတ် သံပျင်ဋီကာ-စသည်၌ ခေတ်စားလှသော အနက်ပေးနည်းဂါထာကို ဖော်ပြ၍ မိန့်ဆိုရေးသားခဲ့လေသည်။ အာချာတ် အစီအရင်ကို ရေးပြီးသည်အဆုံး၌–

အာချာတသာဂရ-မထဇ္ဇတနီတရင်္ဂ။
ခါတုဇ္ဇလံ ဝိကရဏာဂမကာလမိနံ။

စသော အရှင်ကစ္စည်းထေရ်၏ အာချာတ်ကျမ်း အာရမ္ဘဂါထာကို ကိုးကားဖော်ပြထား၏။

အာချာတ်အစီအရင်အပြီး ကိတ်အစီအရင်ကိုလည်း ဆက်ပြတော်မူသည်၊ ယင်းဗာလပ္ပဗောဓနေကျမ်းမှာ ဂါထာစုဏ္ဏိယရော၍ ရေး-သားထားသည့် 'ဂေဃျ'အဖွဲ့ကျမ်းမျိုးတွင် ပါဝင်သည်၊ အဆိုပါကျမ်း၌ ဂါထာပေါင်း ၈၇-ဂါထာ ပါဝင်လေသည်၊ ၎င်းကျမ်းကား ရှိုင်ဆိုက် စာမျက်နှာ ၂၀-ရှိလေသည်။

ဗာလပ္ပဗောဓနာစရိယော၊
ပင်းယသာသနဇောတကော။
သာသနံ ဇောတယိတွာန၊
ဂတော ဒေဝသဟဗျတံ။

## လိင်္ဂမာလာကျမ်းပြုထေရ်

လိင်္ဂမာလာကျမ်းပြုထေရ်သည်လည်း ပင်းယမြို့ ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သော မထေရ်ဖြစ်ကြောင်း စာပေသမိုင်းဆရာတို့ ဆိုကြကုန်၏၊ လိင်္ဂမာလာကျမ်းပြု မထေရ်မြတ်ကား ကျော်စွာကျောင်းဆရာတော်ဟူ၍လည်းကောင်း, ဆူးတွင်းပစ်ဆရာတော်ဟူ၍လည်း-ကောင်း, ပုဂံဆရာတော်ဟူ၍လည်းကောင်း ထင်ရှားသော (ဆူးချုံပစ်) ဆရာတော် အရှင်နာဂိတ၏ တပည့်အဆက်အနွယ်ဖြစ်စရာ ရှိပေသည်။ သို့မဟုတ်ပါမူ စကားခုနစ်ကျောင်း ပုဂံဆရာတော်များ၏ အနွယ်ဝင် ဖြစ်နိုင်ဖွယ် ရှိလေသည်။

## လိင်္ဂမာလာကျမ်းပြုစုတော်မူခြင်း

မထေရ်မြတ်သည် "ဝိနည်းမှာသိမ်, သဒ္ဒါမှာလိင်"ဟူသည့် အတိုင်း သဒ္ဒါအခက် 'လိင်'ဟူ၍ သဘောပေါက်သိမြင်တော်မူလေသည်၊ အမရသီဟဆရာသည် အမရကောသကျမ်း၌ လိင်္ဂါဒိသင်္ဂဟဝဂ်-[၁] ဖြင့် သက္ကတပညာသင်တို့အား လိင်အခက်အခဲကို ဖျက်ခွဲ၍ပေးခဲ့လေသည်၊ သို့နည်းတူ မထေရ်မြတ်သည် "လိင်္ဂမာလာပါဠိ"ကို ရေးသားပြုစုတော်မူကာ ပါဠိပညာသင်တို့အား လိင်၌ အခက်အခဲကြုံရမည့်ဘေးမှ ကယ်တင်တော်မူခဲ့လေသည်၊ ကျမ်းဦး၌ ရတနတ္တယပဏာမ-စသည် ဂန္ထာရမ္ဘစကားကို မဖော်ပြတော့ပဲ "လီနမတ္ထံ ဂမယတိ ဗောဓေတီတိ လိင်္ဂံ"ဟူသော ဝစနတ္ထကိုပြပြီး-

ဒုက္ခောတိ ဝစနံ လိင်္ဂံ၊ လိင်္ဂတ္ထော တေန ဒီပိတော။
ဧဝံ လိင်္ဂဉ္စ လိင်္ဂတ္ထံ၊ ဉတ္ဝာ ယောဇေယျ ပဏ္ဍိတော။

ဟူသောဂါထာဖြင့်-[၂] လိင်္ဂ, လိင်္ဂတ္ထစသည်ကို ပြတော်မူခဲ့လေသည်။ ၎င်းပြင်-

ကတ္တိလိင်္ဂဉ္စ ပုလ္လိင်္ဂံ၊ နပုံသကံ တထာ ပရံ။
ဒွိလိင်္ဂဉ္စ တိလိင်္ဂဉ္စ၊ အလိင်္ဂန္တိ ဆဗ္ဗိဓာ မတံ။

ဟူသောဂါထာဖြင့် လိင် ၆-မျိုးကို ပြတော်မူသည်၊ ၎င်းနောက်တွင်ကား ကတ္တိလိင်ပုဒ်, ပုလ္လိင်ပုဒ်စသည်တို့ကို ပဒရူပသိဒ္ဓိလာဂါထာများဖြင့်လည်းကောင်း, မိမိအသစ်ရေးစီ၍လည်းကောင်း ပြတော်မူခဲ့လေသည်၊ ယင်းလိင်္ဂမာလာကျမ်းမှာ ဂါထာဖြင့်ချည်း ရေးသားထားသည့်

---

၁။ လိင်္ဂါဒိသံဂြဟဝဂ်း။

၂။ နျာသ။ ၆၇။

ပဋ္ဌမယကျမ်းတည်း၊ ဂါထာ ၅၉-ဂါထာရှိလေသည်၊ ပဒရူပသိဒ္ဓိဂါထာ တော်တော်များများကို တွေ့ရ၏။

## လှပသည့် ဥယောဇဉ် ၃-ဂါထာ

လိင်္ဂမာလာကျမ်းပြုဆရာတော်သည် လှလှပပစကားလုံးများကို သုံးနှုန်းပြီး ဂါထာရေးသားလိုသူဖြစ်လေသည်၊ ကျမ်းနိဂုံး၌-

သုဘာသုရံ လိင်္ဂဘေဒ-မာလံ ရုစိရကေသရံ။
ပိဋ္ဌန္တု သဒါ သိရေ၊ ယတိပေါတာ ဟိတေသကာ။

အကျိုးစီးပွားကို ရှာတတ်ကြသော ရဟန်းပျိုတို့သည် ရဟန်းငယ်တို့သည် လွန်စွာတောက်ပသော တင့်တယ်လှပသော ပုန်းညက်ပန်းတည်းဟူသော လိင်္ဂမာလာပန်းကို ဦးခေါင်း၌ အမြဲတမ်း ပန်ဆင်ကြစမ်းပါကုန်ဟူ၍လည်းကောင်း၊

လိင်္ဂမာလဠ္ဍနံ ဧတံ၊ ဉာဏာစက္ခုဝိသောဓနံ။
မောဟက္ခိပဋလုဒ္ဒါရိ၊ အနုယုဉ္ဇေ သုမေဓသော။

ပညာရှိသည် ပညာရှိလုပ်မည့်သူသည် မောဟမျက်စိလွှာကို ပယ်နှုတ်တတ်သော အသိပညာမျက်စိကို သုတ်သင်တတ်သော ဤလိင်္ဂမာလာမည်သော မျက်စဉ်းကို အားထုတ်၍ သုံးစွဲပါ၊ ခပ်ပါ-ဟူ၍လည်းကောင်း၊

ကဝီနံ ကဏ္ဏဘူသာယ၊ ကတာ သဒ္ဒတ္ထကဏ္ဏိကာ။
ကဏ္ဏစ္ဆိဒ္ဒေ ပဝေသေတွာ၊ နိစ္စံ ရာဇန္တု ရုစိယာ။

အကျွန်ုပ်သည် ကဝိကဝိန်တို့ နားတန်ဆာဖြစ်ဖို့အတွက် သဒ္ဒါအနက်တည်းဟူသော နားတန်ဆာကို ပြုလိုက်ပါပြီ၊ နားပေါက်ထဲ

ထည့်သွင်းပြီး အလိုအကြိုက်အားဖြင့် နှစ်နှစ်ခြိုက်ခြိုက် အမြဲသုံးစွဲ ပန်ဆင် တင့်တယ်ကြပါစေ-ဟူ၍လည်းကောင်း ရေးစီတိုက်တွန်း မှာ-ထားခဲ့လေသည်။

## စာစုံပေါ်တဲ့ ပင်းယခေတ်

ယင်းခေတ် ပင်းယနယ်တွင် မြန်မာမှုအတွက် ကာချင်းများ, ရတုများ, မြန်မာဝတ္ထုများ, နိသျများပေါ်ပေါက်ခဲ့၏၊ ပါဠိမှုအတွက် အဘိဓာန်ဋီကာစသောကျမ်း (ကစ္စအရေးအသား)များ ပေါ်ပေါက်ခဲ့၏။ ပါရာဇိကဏ်, အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီယောဇနာ, ကစ္စာ-ယနသာရယောဇနာ, ဂန္ထာဘရဏယောဇနာ-စသည်တို့လည်း ပေါ်-ပေါက်ခဲ့ကုန်၏၊ သဒ္ဒသာရတ္ထဇာလိနီ-စသည်နှင့်တကွ လိင်္ဂမာလာ စသည့်(ပဇ္ဇမယ)ကျမ်းတို့လည်း ပေါ်ပေါက်ခဲ့ကုန်၏၊ ထိုကြောင့် ပင်း-ယခေတ်ကား 'စာစုံပေါ်တဲ့ ပင်းယခေတ်'ဟု ဆိုချင်ပါတော့သတည်း။

ပင်းယကာလေ ပင်းယဒေသေ၊
ဝသန္တာ ကဝယော ဝိဒ္ဒါ။
နာနာကာရေန ဗန္ဓေပိ၊
ဗန္ဓိံသု ဗန္ဓကောဝိဒါ။

## ဂန္ဓာဘရဏယောဇနာကျမ်းပြုထေရ်

ဂန္ဓာဘရဏယောဇနာပါဠ်သည် ယောဇနာဟောင်း, ယောဇနာသစ် ၂-မျိုးရှိကြောင်း သိရလေသည်၊ ဂန္ဓာဘရဏယောဇနာဟောင်းမှာ ပင်းယမြို့နေ မထေရ်တစ်ပါး ပြုစုသည်ဟု အဆိုရှိလေသည်၊ ဂန္ဓာဘရဏစာကိုယ်မှာ ပင်းယမြို့တောင် စကားအင်းရွာဇာတိ ဓမ္မသေနာပတိ အရှင်အရိယဝံသထေရ် ပြုစုခဲ့လေရာ အရှင်အရိယဝံသထေရ်၏ တပည့်အဆက်အနွယ်ဖြစ်သော မထေရ်တစ်ပါးပြုစုသည်ဟု ယူဆသင့်ပေသည်၊ ပင်းယမြို့နယ် ပင်းယခေတ်ကား ယောဇနာကျမ်းများ ပေါ်ထွန်းရာဟု ဆိုသင့်ပေသည်။-[၁]

## အခြားကျမ်းပြုပုဂ္ဂိုလ်များ

ပင်းယမြို့ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များ၏ အဖြစ်တော်စဉ်ကို တော်တော်များများထုတ်ပြခဲ့၏၊ သို့ရာတွင် များစွာပင် ကျန်ရှိကုန်သေး၏။

---

၁။ ဂန္ဓာဘရဏယောဇနာသစ်ကျမ်းမှာ သက္ကရာဇ် ၁၁၂၅-ခုနှစ်က ဆုံထားဆရာတော် အရှင်နန္ဒမာလာထေရ် ရေးသားတော်မူခဲ့လေသည်၊ အရှင်နန္ဒမာလာကား ၁၁၈၀-ပြည့်နှစ်တွင် ပေါင်မြို့ မြို့ပန်ချီတွင်းရပ်၌ ဖွားမြင်တော်မူခဲ့လေသည်၊ လူနာမည် ဦးစံဘလူတည်း၊ ဆရာတော်သည် "နရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု, တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-ထပ်ကို အလှူခံရရှိတော်မူသည်။ သက္ကရာဇ် ၁၁၄၆-ခုနှစ်တွင် လွန်တော်မူသည်။ ၎င်းထေရ်ကား ပင်းယသာသနာဝင်နှင့်မဆိုင်၊ အင်းဝခေတ်နှင့် အမရပူရခေတ်နောက်ပိုင်းတွင် ပေါ်ထွန်းသောမထေရ်တည်း။

ဝိဘတျတ္ထဒီပနီကျမ်းပြုထေရ်, အက္ခရဘေဒကျမ်းပြုထေရ်, ဓာတုသမုစ္စယကျမ်းပြုထေရ်, သုတ္တသင်္ဂဟပါဠိတော်နိသျဟောင်းကျမ်းပြု အရှင်ဥပါလိထေရ်, ရတနာကရဝတ္ထုကျမ်းပြု မဟာရတနာကရဆရာတော် စသည်တို့မှာ ပင်းယမြို့နေ ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကုန်၏။

ဤသို့ဖြင့် ပင်းယမြို့နယ်ပယ်သည် ပညာရှင်သာသနာဝန်ထမ်းတို့ဖြင့် လျှမ်းလျှမ်းတောက် ကျက်သရေရှိခဲ့သည်၊ သို့ရာတွင် သင်္ခါရတို့၏ ဖြစ်လျှင်ပျက်ရသော ဓမ္မတာသဘာဝလမ်းစဉ်ကို မတော်လှန် မပုံကန်နိုင်သဖြင့် သာသနာ့ဝန်ထမ်းတို့လည်း ဆိုင်ရာဂတိလားရောက်ကြကုန်ပြီ၊ သာသနိကအဆောက်အဦ အမျိုးမျိုးတို့လည်း ပျက်စီးခဲ့ကြကုန်ပြီတကား။

ဧဝံ သဗ္ဗေဝနိဗ္ဗိဝါ၊ သင်္ခါရာဟိ ဝိနာသိနော။
ဝိဇ္ဇုလ္လတောပမာ ဧတေ၊ စဥ္စလာဟိဝ စဥ္စလာ။

## ပင်းယသာသနာဝင်ကျမ်း အပြီးသတ်ခြင်း

"ဝိဇယပူရ မြို့ပင်းယ ခြောက်ဝကိုယ်စီစီ"ဟူသည်နှင့်အညီ ပင်းယမြို့သည် တစီးရှင်သီဟသူ, ဥဇနာမင်း, ငါးစီးရှင်ကျော်စွာ, လေးစီးရှင်ကျော်စွာငယ် (သီဟသူ), နရသူမင်း, ဥဇနာပြောင်"ဟူသော မင်း ၆-ဆက်တို့ စိုးစံရာမြို့တော်ဖြစ်ခဲ့လေသည်၊ ဖော်ပြပါ မင်း ၆-ဦးတို့က ရတနာသုံးပါးကို မပြတ်ကြည်ညိုတ် ဆည်းကပ်ကိုးကွယ်ကြသည့် ဗုဒ္ဓဘာသာဝင် (သောဂတ)မင်းကောင်းမင်းမြတ်တို့သာကည်း။ ကာလအားဖြင့် ၅၂-နှစ်၊ ၃-လ မကြာမြင့်လှပေ၊ သို့ရာတွင် ဗုဒ္ဓသာသနာတော်ကို ပြုစုချီးမြှောက်ခဲ့ကြကုန်၏။

ဝိဇယပုရနာမမှိ၊
သောဂတာ ဘူဘုဇာ ဆ ဝေ။-[၁]
ကာလတော တီဟိ မာသေဟိ၊
ဒွိပညာသဝဿာ သိယုံ။

ဖော်ပြပါ ဗုဒ္ဓဘာသာမင်းပေါင်း ၆-ဆက်လက်ထက် အခါ ကာလအားဖြင့် ၅၂-နှစ်, ၃-လအတွင်းနှင့် နောက်ကာလတွင် ပင်းယမှ ပေါက်ဖွားခဲ့သော ပညာတတ်ရဟန်းတော်တို့၏ အဆက်အနွယ်လုပ်ဆောင်ချက်စသည်တို့ကို အမြွက်မျှ ဖော်ပြခဲ့ပြီးလေပြီ။ ယခုဖော်ပြခဲ့သော အကြောင်းအရာများ စုံလင်လှပြီဟု မယူဆကြစေလိုပါ၊ အကျွန်ုပ်ဉာဏ်မီသမျှ အမြွက်မျှထုတ်ပြခြင်းသာ ဖြစ်လေသည်၊ ဤ အမြွက်မျှ ဖော်ပြခဲ့သော ဤပင်းယသာသနာဝင်ကျမ်းငယ်ဖြင့်ပင် ပင်းယသာသနာအကြောင်းကို ကောင်းစွာရှင်းလင်းစွာ သိကြပါစေ, နားလည်ကြပါစေ-ဟု ဆုတောင်းရင်း အောက်ပါဂါထာ, မြန်မာစကားပြေတို့ကို အထွတ်တပ်၍ လက်စသတ်လိုက်ပါပြီ။

---

၁။ ဝေ= စင်စစ်။ ဆ= ခြောက်ယောက်တို့သည်-ဟု အနက်ပေးရာ၏။

## ပင်းယသာသနာဝင်နိဂုံး

(၁) ပခုက္ကူ ပုရသေဋ္ဌသ်ာ၊
ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊
ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏အနောက်ဖက် ၄-ဂါဝုတ်ပမာဏ ဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသော ရွာ၏လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒွိနောဒွိဝေကသာကမှိ၊
တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒီသု၊
ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော လင်္ကာခေါ်ဆို သီဟိုဠ်နိုင်ငံ, ဘာရတခေါ်ကြ အိန္ဒိယနိုင်ငံအစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာနေခဲ့ဘူး၊ သက္ကတ, ပြာကရိတ်, အင်္ဂလိပ်, သီဟိုဠ် ထိုထိုဘာသန္တရ ကျမ်းဂန်အဝဝနှင့် သမိုင်းရာဇဝင်အမျိုးမျိုးကို ရှာမှီးသင်ယူလေ့ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊
သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊
သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၌ အရှင်နန္ဒိယ မဟာထေရ်-[၁] အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင် မထေရ်မြတ်ကြီးတို့၏အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

(၄) ဒက္ခိဏာရာမဝါသီနံ၊
သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန တေဝီသတိ-
ဝဿိကေန ယသဿိနာ။

ရတနာပုံ ဘွဲ့မည်ထုံသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာ ရာမ ဘုရားကြီးတိုက် အမရပုရကျောင်းဆရာတော် အရှင်ဥက္ကံသာ-ဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်တို့၏အထံ၌လည်း သင်ယူ အပ်သော နည်းနာနယ အတတ်ပညာအဝဝရှိသော ရဟန်းသိက္ခာ ၂၃-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

---

၁။ ကျေးဇူးရှင်ဆရာတော် အရှင်နန္ဒိယမှာ ၁၃၃၃-ခုနှစ်၊ တော်သလင်းလဆန်း ၁၁-ရက်နေ့တွင် ပျံလွန်တော်မူလေသည်။

(၅) သုန္ဒရေ ပုရသေဋ္ဌမှိ၊
သုန္ဒရေ ဝိသုတေ သုဘော။
သုန္ဒရေ ဇောတိပါလိမှိ၊
ဝသတာ ဂဏဝါစိနာ။

သာယာတင့်တယ် နေချင့်စဖွယ်ကောင်းလှသော ပခုက္ကူ ပိဋကတ်အတတ်သင်မြို့တော်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမ ဗဟိုစာချကျောင်းတိုက်ကြီးအတွင်း တိုက်-တာတည် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံးတော်မူရာ ဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော အမိုးဘုံ ၅-ဆင့်တပ် ၁၃-ခန်း, ၆-ခန်းရှိသော သာသနဇောတိပါလကျောင်းကြီး၌ နေထိုင်လျက် မာဂဓ, သက္ကတစသော ဘာသာအမျိုးမျိုး ကျမ်းစာအမျိုးမျိုးတို့ကို ချပို့လေ့ရှိသော အကျွန်ုပ်သည်။

(၆) နိဿာယ ဏ္ဏတိဟာသေ စ၊
ဂန္ထေ နာနပ္ပကာရကေ။
ပေါတ္ထကေ တာလပဏ္ဏေပိ၊
ကတောယံ ဝိဓုမာနိတော။

သမိုင်းရာဇဝင်ကျမ်းဂန်အမျိုးမျိုး, ထိုထိုမှတ်တမ်း ကျမ်းဂန်အဝဝ, နိသျ, ဋီကာ, ပေစာအလီလီတို့ကိုလည်း မှီငြမ်းပြု၍ ပညာရှိအပေါင်းတို့ နှစ်ထောင်းမြတ်နိုးအပ်သော ဤပင်းယသာသနာဝင်ကျမ်းကို ကြိုပမ်းရေးသားအပ်ပါသတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊
သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊
သုဝံသံ သုပကာသယံ။

အကျွန်ုပ်ပြုစီရင်အပ်သော ဤပင်းယသာသနာဝင်ကျမ်းသည် ဘုရားရှင်သာသနာတည်သရွေ့ အခါကာလပတ်လုံး သာသနာ့သမိုင်း အဋ္ဌုပ္ပတ်ရာဇဝင်သုတေသီတို့အား ကောင်းမြတ်သော သာသနာအနွယ် အဆက်ကို ဖော်ပြလျက် တည်ထွန်းပါစေသတည်း။

(၈) အနေန သုဝိသိဋ္ဌေန၊
ပုညေနနညေန ကမ္မုနာ။
မနီသိဘိဂုဏောဟေဝ၊
ဂစ္ဆေယျံ အမတံ သိဝံ။

ဤပင်းယသာသနာဝင် မည်တွင်တောက်လျှမ်းတဲ့ ကျမ်းဂန်ကို ကြိုးပမ်းပါရ ဤကောင်းမှုထူး အဝဝနှင့် အခြားကောင်းမှု အစုစု ကြောင့် ပညာရှင်ချည်းများသော ဖြစ်တော်မူကြသော ကျေးဇူးရှင် ဆရာသခင် အရှင်မြတ်ကြီးတို့နှင့် အတူတကွ အမတကျွန်းငူ သိဝနန်း သို့ စံမြန်ပါရစေသတည်း။

ပင်းယသာသနာဝင်ကျမ်း
အလုံးစုံပြီး၏။

# အသိပေးခြင်း

နိဒါန်း၌ပါရှိသည့်အတိုင်း ဤပင်းယသာသနာဝင်ကျမ်းစာကို မိမိ၏နိုင်ငံတုမမြင် အနန္တကျေးဇူးရှင် ပခုက္ကူအရှင်ကေလာသမထေရ်မြတ်၏ အနန္တကျေးဇူးဂုဏ်ကို ရည်ရော်၍ လက်နှိပ်စက်စာမူမှ ကွန်ပျူတာစာစီစာမူအဖြစ် ပြောင်းလဲစီစဉ်၍ သုတေသီတို့အတွက် ပညာရေးအထောက်အကူစာမူအဖြစ် မိမိနှင့်လက်လှမ်းမီရာ စာကြည့်တိုက်၊ ပညာရှင်များထံ ဖြန့်ဝေခြင်းဖြင့် ကျေးဇူးတုံ့ပေးဆပ်ခြင်းဖြစ်ပါသည်။

မိမိ၏အထောက်အပံ့များပြည့်စုံပါက - အင်းဝသာသနာဝင် ပုဂံသာသနာဝင်၊ အမရပူရသာသနာဝင် စာမူများကိုလည်း ဤပုံစံအတိုင်း ကျေးဇူးတုံ့ပေးဆပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မန္တလေးသာသနာဝင်ကျမ်းစာသည် သာသနာရေးဦးစီးဌာန၏ မူပိုင်ဖြစ်၍ ထုတ်ဝေနိုင်သည့်အခါ သာသနာရေးဦးစီးဌာနက ထုတ်ဝေပါလိမ့်မည်။

မိမိအနေဖြင့် အထက်ပါစာမူများကို လက်နှိပ်စက်စာမူမှ ကွန်ပျူတာစာစီစာမူအဖြစ် သုတေသီပညာရှင်များ၏ အထောက်အပံ့အဖြစ်သာ ရည်ရွယ်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချီရန် မရည်ရွယ်ပါ။

# ကျေးဇူးတင်မှတ်တမ်းတင်လွှာ

ဤသို့ကွန်ပျူတာစာမူချောအဖြစ် အောင်မြင်အောင် ကူညီဆောင်ရွက်ပေးကြသော မောင်မြင့်နိုင် B.A (Buddhism) မောင်ဟန်မင်းအောင် A G.T.I. (Mechanical) တို့နှင့် အလိုတော်ပြည့်ရုပ်ပွားတော်ပုံနှင့် သမိုင်းချီးမြှင့်တော်မူသော ပင်းယရွှေစည်းခုံစေတီတော်သြဝါဒစရိ၊ ရွှေစည်းခုံကျောင်းဆရာတော် အရှင်စန္ဒိမာမဟာထေရ်နှင့် ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ကျမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော အလှူရှင်များ၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးဥပကာရတင်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ပဓာန နာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။